# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၇ ရက်　　၂၀၁၈ ခုနှစ်၊ ဇွန် ၅ ရက်၊ အင်္ဂါနေ့　　အတွဲ (၅၇)၊ အမှတ် (၂၄၆)


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၍**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

## အချက်ပြမီး မှားယွင်းစွာ အသုံးပြုနေသည့် မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ အရေးယူမည်

**နေပြည်တော် ဇွန် ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခုဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပစဉ်။**

သတင်းစဉ်




## National Energy Globe Award ဆု သစ်တောဦးစီးဌာနမှ ရရှိ




**နေပြည်တော် ဇွန် ၄**

သစ်တောဦးစီးဌာနသည် ဩစတြီးယားနိုင်ငံအခြေစိုက် Energy Globe Foundation မှ နှစ်စဉ်ကျင်းပလျက်ရှိသည့် Energy Globe Award ဆု ပြိုင်ပွဲအား “Innovative Cookstoves to Improve Rural Communities Livelihood” ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုနှစ်အတွက် ပေးအပ်သည့် National Energy Globe Award ဆုကို ရရှိခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါဆုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်တက်ကြွကြွ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား နှစ်စဉ် ရွေးချယ်ချီးမြှင့်လျက်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆုတစ်ခုဖြစ်ကြောင်း သိရသည်။

သစ်တောဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ဆုရရှိခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွက် National Energy Globe Award ဆုကိုလည်း ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစီမံကိန်းဖြင့်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လမ်းဘေးဈေးသည်များကို နှစ်ထပ်ဈေးရုံ အဆောက်အအုံများပေါ်သို့ တက်ရောက်ရောင်းချစေရေးနှင့် စည်းကမ်းမဲ့ရောင်းချမှုမရှိစေရေး ဆောင်ရွက်မည်

စာမျက်နှာ » ၈

.................. .

## နိုင်ငံတကာအာကာသစခန်း၌ တာဝန်များပြီးဆုံးခဲ့သော ဂျပန်အာကာသယာဉ်မှူးနှင့်အဖွဲ့ ကမ္ဘာပေါ်သို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိ

စာမျက်နှာ » ၁၄




မြန်မာ့အလင်း

# ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချစို့

ယနေ့(ဇွန် ၅ရက်နေ့)သည် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပနေကျ "ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့" (World Environment Day) ဖြစ်သည်။ ယခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ကို ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် ( UNEP) က ''Beat Plastic Pollution'' ဟု သတ်မှတ်ပေးထားရာ မြန်မာဘာသာအားဖြင့်လည်း "တို့ပတ်ဝန်းကျင်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချကြပါစို့"ဟူ၍ ဖွင့်ဆိုထားသည်။ ယခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဦးတည်ချက်မှာ ကမ္ဘာတစ်ဝန်းပလတ်စတစ်ကြောင့် ညစ်ညမ်းမှုများကိုလျှော့ချရန် ရည်ရွယ်ချက်ထားရှိသည်။

ပလတ်စတစ်ကို လူတို့အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၅၀ခန့်ရှိခဲ့ပြီဖြစ်သည်။ သည့်ထက်စောသည့် ကာလများကတည်းက တီထွင်ခဲ့ခြင်းဖြစ်သော်လည်း လူထုအကြား တွင်တွင်ကျယ်ကျယ်သုံးစွဲလာကြသည်မှာ ၁၉၆၀ ပြည့်လွန်ကာလများတွင် ဖြစ်သည်။ နည်းပညာမြင့်မားတိုးတက်လာသည်နှင့်အမျှ လူတိုင်း၏နေ့စဉ်ဘဝနေထိုင်မှုတွင် ပလတ်စတစ်ကတစ်ခုမဟုတ်တစ်ခုတွင် ပါဝင်နေပြီး အလွယ်တကူသုံးစွဲ၊ အလွယ်တကူစွန့်ပစ်သည့် အလေ့အထများကြောင့် ပလတ်စတစ်ညစ်ညမ်းမှု (Plastic Pollution) ဖြစ်လာသည်။ ရေသန့်ဘူးများ၊ ကြွပ်ကြွပ်အိတ်များ၊ ငါးဖမ်းပိုက်များ၊ လူသုံးပစ္စည်း အိမ်သုံးပစ္စည်း အဟောင်းအမြင်းများအပါအဝင် ပလတ်စတစ်အမှိုက်များစွာတို့က မြို့ရွာများ၏အနီးတစ်ဝိုက်၊ အဝေးပြေးကားလမ်း၊ ရထားလမ်းများ၏နံဘေး၊ မြစ်ချောင်းအင်းအိုင်များ၏ ရေမျက်နှာပြင်များပေါ်၊ ရေလှောင်ကန်များ၊ ဆည်တမံများထဲမှာ၊ သစ်တောဥယျာဉ်များ၊ အပန်းဖြေကမ်းခြေများမှသည် ပင်လယ်သမုဒ္ဒရာများထဲအထိ ရောက်ရှိနေပြီဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှုက မြေပြင်ပေါ်မှာရော ရေထဲမှာပါဖြစ်ပေါ်နေခဲ့ပြီ ဖြစ်သည်။ စွန့်ပစ်ပလတ်စတစ်များကြောင့် မြေဆီလွှာပျက်စီးခြင်း၊ ရေအရည်အသွေးကျဆင်းခြင်း၊ အပင်များပေါက်ရောက်ရှင်သန်မှုနှင့် သားငှက်တိရစ္ဆာန်များ၊ ကုန်းနေရေနေသတ္တဝါများ၏ ရှင်သန်မှုများတွင်ပါ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်လာသည်။

လူသားတို့နေ့စဉ်အသုံးပြုနေသည့် ပလတ်စတစ်ပစ္စည်းများ၏ ထက်ဝက်မှာ တစ်ခါသုံးများဖြစ်ကြသည်။ အထူးသဖြင့် ရေသန့်ဘူးများနှင့် ဈေးဝယ်အိတ်များ ဖြစ်ကြသည်။ စွန့်ပစ်ပလတ်စတစ်များမှာ နေ၊ ရေနှင့် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေများကြောင့် မျက်နှာပြင်များ ကြွပ်ဆတ်လာပြီး မိုက်ခရိုအပိုင်းအစကလေးများအဖြစ် ပြိုကွဲသွားကာ ရေလှိုင်းနှင့် လေတိုက်ခတ်မှုတို့ကြောင့် ပျံ့နှံ့မျောပါသွားကြသည်။ ယင်းဖြစ်စဉ် ဖြစ်ပေါ်ရန်အတွက် အချိန်ကာလမှာ များစွာကြာမြင့်သည်။ ပင်လယ်၊ သမုဒ္ဒရာများထဲသို့ မျောပါနေသော ပလတ်စတစ် အပိုင်းအစအမှုန်အမွှားများစွာတို့ကို ရေနေသတ္တဝါကြီးငယ်တို့က အစာအမှတ်ဖြင့် စားသောက်ကြသည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ထိုင်းတောင်ပိုင်းတွင် ဝေလငါးတစ်ကောင် ပလတ်စတစ်အိတ်များစားမိ၍ သေဆုံးသွားသော သတင်းတစ်ပုဒ်ကို တွေ့ရသည်။ ရေသတ္တဝါတို့၏အစာကွင်းဆက်စနစ်ကို ပလတ်စတစ်ကြောင့် အနှောင့်အယှက်ဖြစ်ရခြင်းဟု ဆိုရမည်။

ရေတွင်စွန့်ပစ်သည်ဖြစ်စေ၊ မြေတွင်စွန့်ပစ်သည်ဖြစ်စေ ပလတ်စတစ်ညစ်ညမ်းမှုက ရေရှည်ဆိုးကျိုးကို သက်ရောက်စေမည် ဖြစ်သည်။ ပလတ်စတစ်သုံးစွဲမှုလျှော့ချခြင်း၊ ထုတ်လုပ်မှုကန့်သတ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်းတို့အပြင် ပလတ်စတစ်ကိုပျက်စီးလွယ်စေသော အမျိုးအစားများအဖြစ် ထုတ်လုပ်ခြင်း၊ နည်းပညာအသုံးပြု၍ စွန့်ပစ် ပလတ်စတစ်များကို လျင်မြန်စွာဆွေးမြည့်ကျေပျက်စေခြင်း နည်းလမ်းများကိုအသုံးပြုကာ ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရန် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများတွင် ကြိုးပမ်းနေကြပြီဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း မြို့ရွာများနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စွန့်ပစ်အမှိုက်များကြောင့် ပြည်သူတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိခိုက် ယိုယွင်းမှုများ ကာကွယ်တားဆီးနိုင်ရေးတို့အတွက် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးကို စနစ်တကျနှင့် ထိရောက်စွာ ဆောင်ရွက်ရေးတွင် ပြည်သူလူထု၏အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းပါဝင်မှုကို ရယူကာ ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# အား/ကာသိပ္ပံ(မုံရွာ)ကျောင်း၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ဖွင့်ပွဲကျင်းပ

**မုံရွာ ဇွန် ၄**

အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ) ကျောင်း၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဖွင့်ပွဲကို ဇွန် ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နန္ဒဝန်ရပ်ကွက်ရှိ အဆိုပါကျောင်းဝင်းအတွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**လူချွန်လူကောင်းများ ပေါ်ထွက်ရေး**

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက "အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)မှ ပညာထူးချွန်ပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်လူချွန်လူကောင်းများ ပေါ်ထွက်လာနိုင်ရေးအတွက် မိမိတို့အစိုးရအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းအုပ်ကြီး အပါအဝင် အမှုထမ်း၊ အရာထမ်းများအားလုံး စွမ်းအားရှိသမျှ ဝိုင်းဝန်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ တက်ရောက်ပညာသင်ကြားကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း သင်ကြားပေးသည့် ပညာရပ်များကို ကြိုးစားသင်ယူကြစေလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အလှူရှင်များမှ ပေးအပ်လှူဒါန်းသော အလှူငွေများနှင့် အားကစားပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အားကစားနည်း ၁၀ မျိုး၏ အသုံးအဆောင်များ လေ့ကျင့်ရေးအကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစတင်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းတွင် တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ သတ်မှတ်အားကစားနည်းများကို စိတ်ဝင်စားသည့် အဋ္ဌမတန်းနှင့် နဝမတန်းတို့တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူ၊ သင်တန်းသား ၇၀၊ သင်တန်းသူ ၅၇ ဦးဖြင့် ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ အလေးမ၊ ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ လက်ဝှေ့နှင့် ကရာတေး စသည့် အားကစား ၁၀ မျိုးနှင့် ပညာရေးကို ပေါင်းစပ်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခု ပညာသင်နှစ် ၂၀၁၈-၂၀၁၉ တွင် သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၇၇ ဦးကို ထပ်မံခေါ်ယူကာ ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းများ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ စတင်ထုတ်ပေး

**ရန်ကုန် ဇွန် ၄**

ပြီးခဲ့သည့် ဇွန် ၂ ရက်က ထုတ်ပြန်ခဲ့သော တက္ကသိုလ်ဝင်တန်းအောင်စာရင်းများမှ အောင်မြင်၊ ကျရှုံး ကျောင်းသား ကျောင်းသူများ၏ အမှတ်စာရင်းများကို ဇွန် ၄ ရက် နံနက်ပိုင်းမှစ၍ တက္ကသိုလ်လှိုင်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၌ စတင်ထုတ်ပေးလျက်ရှိသည်။

"၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူတွေရဲ့ စာရင်းတွေရော ကျရှုံးသူတွေရဲ့စာရင်းပါ ဒီကနေ့ စတင်ထုတ်ပေးပါတယ်၊ ရန်ကုန်ရုံးခွဲအနေနဲ့ လှိုင်တက္ကသိုလ်နယ်မြေ ဇွဲကပင်ဆောင်နဲ့ မေခဆောင်မှာ တစ်နိုင်ငံလုံးက စာရင်းတွေထုတ်ပေးပြီးတော့ နေပြည်တော်အနေနဲ့ကတော့ ရုံးအမှတ် ၅၂ မှာ ထုတ်ပေးပါတယ်၊ ရုံးပိတ်ရက်ကလွဲပြီး တစ်နှစ်ပတ်လုံး ထုတ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ရန်ကုန်ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးမိုးမြင့်ကျော်က ပြောသည်။

အမှတ်စာရင်း ထုတ်လိုသူများအနေဖြင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လျှောက်ထားထုတ်ယူနိုင်ကြောင်း၊ အမည်နှင့် ခုံနံပါတ်သာလိုကြောင်း၊ တံဆိပ်ခေါင်းဖိုးနှင့် လျှောက်လွှာဖိုး ၄၀၀ သာပေးသွင်းရကြောင်း သိရသည်။

အဆိုပါ အမှတ်စာရင်းများကို အထက်ပါနေရာနှစ်နေရာ၌ ထုတ်ပေးလျက်ရှိသည့် အပြင် Mobile အဖွဲ့များဖွဲ့စည်းကာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် အမှတ်စာရင်းထုတ်ပေးရန် ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ဆက်လက်သွားရောက်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အမှတ်စာရင်းများကို နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထုတ်ပေးလျက်ရှိရာ စတင်ထုတ်ပေးသည့်ရက်များအတွင်း လာရောက်သူများပြားပြီး တစ်ရက် ၃၀၀၀၀ ခန့် လာရောက်လျက်ရှိကြောင်း နောက်ပိုင်း နှစ်ပတ်ကျော်လျှင် တဖြည်းဖြည်းနည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-မြင့်မောင်**



# မူးယစ်ဆေးဝါးပပျောက်ရေး အစားထိုးသီးနှံမျိုးစေ့ နမ့်ဆန်မြို့နယ်၌ ထောက်ပံ့ပေးအပ်

**နမ့်ဆန် ဇွန် ၄**

မိုးရာသီ မူးယစ်ဆေးဝါးပပျောက်ရေး အစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်၊ ဓာတ်မြေဩဇာ စသည့် သွင်းအားစုများ ပေးအပ်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အစည်းအဝေးခန်းမ၌ ဇွန် ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်မျိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းတိုးတိုးတို့က အစားထိုးသီးနှံအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသည့် မျိုးစေ့၊ ပျိုးပင်၊ ဓာတ်မြေဩဇာနှင့်ပတ်သက်၍ အခမဲ့ကူညီပံ့ပိုးမှုအပေါ် ပညာရှင်ဌာနနှင့် ပူးပေါင်းလျက် စနစ်တကျ အတုယူအားကျဖွယ် အထွက်နှုန်းကောင်းမွန်သည့် စံပြကွက် ဖော်ထုတ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် မြေရေးယာအသစ် တိုးချဲ့ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း လက်ရှိမြေရေးယာပေါ်တွင် အထွက်နှုန်းကောင်းမျိုးစပါးများ အသုံးပြု၍ အထွက်နှုန်းတိုးနည်းစနစ်များကို စိုက်ပျိုးရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြို့နယ်၏ ဝမ်းစာဖူလုံရေးနှင့် အပိုဝင်ငွေ ရရှိရေး ဆောင်ရွက်သွားရန်၊ GAP ၁၄ ချက်နှင့်အညီ ဌာန၏နည်းပညာပံ့ပိုးမှုတို့ကို လက်ခံရယူ ပူးပေါင်းဆောင်ရွက်ရန်၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် နှစ်ရှည်သီးညှပ်စိုက်ပျိုးစနစ်များကို အလေ့အကျင့်ကောင်းတစ်ခုအနေဖြင့် လက်ခံကျင့်သုံးစိုက်ပျိုးလာပြီး တောင်သူလယ်သမားများအတွက် ဝင်ငွေရရှိရေးကို မိမိတို့ဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးတင်ပြသည်။




ထို့နောက် အထွက်ကောင်းစပ်မျိုးစပါးဧက ၁၀၀ စာ ၇၀၀ ကီလိုအား ကျေးရွာအုပ်စု ခြောက်အုပ်စုသို့ ထောက်ပံ့ပေးအပ်ပြီး လက်ဖက်ပျိုးပင် ၄၀၀၀၊ ထောပတ်ပျိုးပင် ၅၀၀၊ မက္ကဒေးမီးယားပျိုးပင် ၃၀၀ နှင့် ဓာတ်မြေဩဇာ ၁၆ အိတ်တို့ကို တောင်သူလယ်သမား ၁၀၀ ထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ရာဇဝတ်အထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု (၅) မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးပိုလာနိုင်

**နေပြည်တော် ဇွန် ၄**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ၏ ပါတီစုံစနစ်နှင့် ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်းများ၊ ဒီမိုကရေစီ လုပ်ငန်းစဉ်များကို အားပေးရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Danish Institute for Parties and Democracy(DIPD) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌွေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံတကာစံနှုန်းနှင့်အညီဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် DIPDနှင့် ယခင်က ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် လောင်းများအား သင်တန်းများပို့ချခြင်း၊ ဒိန်းမတ်နိုင်ငံ၏ မြူနီစီပယ်ရွေးကောက်ပွဲ လေ့လာနိုင်ရန် စီစဉ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား နိုင်ငံတကာစံနှုန်းနှင့်အညီဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

**ပံ့ပိုးကူညီဆောင်ရွက်သွားမည်**

ဆက်လက်၍ DIPD အဖွဲ့၏ Chairperson of Board of Director Mr. Henrik Bach Mortensen က DIPD အဖွဲ့သည် ဒိန်းမတ်နိုင်ငံရှိ နိုင်ငံရေးပါတီများက ပူးပေါင်းကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်လျှောက်လှမ်းရာတွင် နိုင်ငံရေးပါတီများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံရေးတွင် လူငယ်များ၊ အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နားလည်မှု




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ DIPD အဖွဲ့၏ Chairperson of Board of Director Mr. Henrik Bach Mortensen နှင့် တာဝန်ရှိသူများ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နားလည်မှုစာချွန်လွှာအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးနှင့် DIPD အဖွဲ့မှ Director Mr. Rasmus Helveg Petersen တို့က လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီးအတွင်း အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် မအူပင် - ကျိုက်လတ် - ဖျာပုံလမ်း အဆင့်မြှင့်တင်

**နေပြည်တော် ဇွန် ၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဇွန် ၃ ရက် နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး မအူပင် - ကျိုက်လတ် - ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းရုံးသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် အင်ဂျင်နီယာချုပ် ဦးဝင်းလွင်က အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် မအူပင်- ကျိုက်လတ်- ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစီမံချက်များ၊ လမ်းအပိုင်းလိုက် တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီများ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန် စစ်ဆေးချက်များ၊ လမ်း၏အကျိုးကျေးဇူးများနှင့် နည်းပညာရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင်တန်းသားများ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသားများ လာရောက်လေ့လာမှုအခြေအနေနှင့် ပြည်သူများ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူ များက စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်မီ ပြီးစီးရေး ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင် - ကျိုက်လတ်- ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အဆိုပါလမ်းပေါ်ရှိ ဥယျာဉ်ချောင်းတံတား တည်ဆောက်နေမှုနှင့် တံတားပေါ်ကွန်ကရစ်ကြမ်းခင်း အပြီးသတ်လုပ်ငန်း ဆောင်ရွက်နေမှု၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျိုက်လတ်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖောင်ရိုးဆိပ် - တာပတ် ကွန်ကရစ်လမ်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်တံတား ကြံ့ခိုင်မှုအတွက် တာဝန်ရှိသူများမှ အမြဲမပြတ်စစ်ဆေးရန်နှင့် လက်ရှိတံတားကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မအူပင် - တွံတေး လမ်းပြုပြင် ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံပုံရိပ်တိုးတက်ရေး အထောက်အကူဖြစ်စေရန် ညှိနှိုင်းစည်းဝေး



**နေပြည်တော်  ဇွန်  ၄**

နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုအဆောက်အအုံနှင့် သင်တန်းကျောင်းများပါဝင်သည့် ရုပ်ရှင်ဥယျာဉ်ခြံတစ်ခု ပေါ်ပေါက်လာစေရန်နှင့် ရုပ်ရှင်ကိုအခြေခံသော Entertainment City ပုံစံ တစ်စိတ်တစ်ပိုင်း ဖြစ်ပေါ်လာစေရန် အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်၊ ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံပုံရိပ်တိုးတက်ရေး အထောက်အကူဖြစ်စေရန်နှင့် နေပြည်တော် စည်ပင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ခေတ်မီ ရုပ်ရှင်ဥယျာဉ်ခြံတစ်ခု ပေါ်ပေါက်လာစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများကို ရုပ်ရှင်အတတ်ပညာဖြင့်၊ ပိုမိုစိတ်ဝင်စားအောင် ရိုက်ကူးတင်ဆက်မှုဖြင့် မြန်မာ့အကြောင်း မြန်မာတို့ပိုမိုသိရှိပြီး နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားလိုစိတ်များ ဖြစ်ပေါ်စေလိုပါကြောင်း။

ယင်းရုပ်ရှင်ဇာတ်ကားများတွင် အင်္ဂလိပ်ဘာသာဖြင့် စာတန်းထိုးတင်ဆက်ခြင်းဖြင့် မြန်မာ့အကြောင်း ကမ္ဘာကသိရှိစေရန်နှင့် တစ်ဆက်တည်း မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ပုံရိပ် Nation Brand လည်း တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် မည်သည့်အခန်းကဏ္ဍ မှ မည်ကဲ့သို့ ပါဝင်ဆောင်ရွက်သင့်သည်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ရုပ်ရှင်ဆိုသည်မှာ မီဒီယာပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုမြှင့်တင်ရေး၊ ဖျော်ဖြေရေးနှင့် အနုပညာရှင်များ၏ စားဝတ်နေရေးအတွက် များစွာအထောက်အကူပြုပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဥပဒေအရ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နည်းလမ်းများ၊ နိုင်ငံတော်က ထောက်ပံ့ကူညီပေးရမည့် ကိစ္စရပ်များကို လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူက မြေနေရာရရှိရေးအတွက် ဆောင်ရွက်ပေးမည့်အခြေအနေနှင့် ရုပ်ရှင်စတူဒီယို ဆောက်လုပ်ရန် လျာထားသည့် မြေနေရာလျာထားမှုတို့ကို လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီအေးက ရင်းနှီးမြှုပ်နှံမှုစာချုပ်ချုပ်ဆိုရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကို လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က မာတိကာနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အဆောက်အဦများဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ဗိသုကာ) ဒေါ်အယ်လ်နန်အိနိက အဆောက်အဦပိုင်းနှင့် ပတ်သက်၍ အကြံပြုအကဲဖြတ်ပေးသွားမည့်အခြေအနေကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက နေပြည်တော်တွင် Entertainment Zone တစ်ခုဖြစ်ပေါ်လာရေးအတွက် ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က လက်ရှိဆောင်ရွက်နေမှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ကမ္ဘာလှည့်ခရီးသည် ပိုမိုလာရောက်လည်ပတ်ရေးအတွက် ဝင် ထွက် လည်ပတ်မှုလွယ်ကူရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော်  ဇွန်  ၄**

မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန်နှင့် ကမ္ဘာလှည့်ခရီးသည်များ ဝင်၊ ထွက် လည်ပတ်မှု လွယ်ကူအဆင်ပြေစေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဌာနမှတာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသည်များအတွက် လည်ပတ်စရာ ခရီးစဉ်၊ တည်းခိုရာနေရာ၊ သွားလာရန် ယာဉ်၊ သွားလာရမည့် လမ်းကြောင်း၊ အစားအစာ စသည့် အခြေခံအချက်များပြည့်စုံရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံသို့ ဝင်ရောက်ထွက်ခွာမှု အဆင်ပြေလွယ်ကူရေးသည်လည်း အရေးကြီးကြောင်း။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် ဝင်ရောက်ထွက်ခွာမှု ခက်ခဲသော နိုင်ငံများသို့ လည်ပတ်ရန် စိတ်ဝင်စားမှု နည်းပါးသောကြောင့် နိုင်ငံအသီးသီးအနေဖြင့် ဝင်ရောက်မှုလွယ်ကူစေရန် နည်းအမျိုးမျိုးကြံဆ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်များ၊ နယ်စပ်ဝင်ထွက်ပေါက်ဂိတ်များကို တိုးချဲ့ဖွင့်လှစ်ကာ ဆောင်ရွက်သကဲ့သို့ ဗီဇာစနစ်များကို ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဗီဇာကြေးများ လျှော့ချခြင်း၊ ဗီဇာကင်း လွတ်ခွင့်ပေးခြင်းများဖြင့် ခရီးသည် တိုးမြှင့်ဝင်ရောက်လာစေရေးကို ကြိုးစားဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ အနောက်ဘက် ရခိုင်ဒေသ အခြေအနေများကြောင့် ခရီးသွားလုပ်ငန်းသည် ၂၀၁၇ ခုနှစ်တွင် မျှော်မှန်းထားသည်ထက် အနည်းငယ်လျော့ခဲ့ပြီး အဆိုပါ အခြေအနေများအပေါ် အနောက်မီဒီယာအချို့၏ လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ခရီးစဉ် ၅၀ ရာခိုင်နှုန်းခန့် ပယ်ဖျက်၊ ဆိုင်းငံ့ခဲ့သည်ကို သိရှိရပါကြောင်း။

လတ်တလော အခြေအနေတွင် ဥရောပနိုင်ငံသားများ ဝင်ရောက်မှု လျော့နည်းနေသော်လည်း အာဆီယံ+၃ နိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံသားများမှာ ဝင်ရောက်မှု လျော့သွားခြင်းမရှိဘဲ တိုးတက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ အခိုက်အတန့်ဖြစ်ပေါ်နေချိန်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအပေါ် အပြုသဘော အကောင်းမြင်သော ဈေးကွက်ကြီးမားသည့် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံများသို့ ဈေးကွက်ပစ်မှတ်ထားကာ လာရောက်လည်ပတ်မှုမြင့်မားရေး ရည်မှန်းချက်ချမှတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ အနောက်နိုင်ငံများ၏ အထင်အမြင်လွဲမှားမှု စိုးရိမ်မှုများအပေါ် အဖြစ်မှန်သိရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ လာမည့် ခရီးသွားကာလအတွက် ယခုအခါ ခရီးစဉ်ဝယ်ယူမှုများ ပြန်လည်ချိတ်ဆက်မှုများ ရှိနေပြီ ဖြစ်ပါကြောင်း။

ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ခရီးစဉ်ဒေသများတွင် အေးချမ်းတည်ငြိမ်မှုရှိသည့် အခြေအနေများအား နိုင်ငံတကာသို့ အသိပေးရေး၊ ဧည့်သည်များ ဝင်ရောက်မှု လွယ်ကူချောမွေ့စေရေးနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော်  ဇွန်  ၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၃)ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်ရောက်ရှိ

**နေပြည်တော်  ဇွန်  ၄**

ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်အေး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်သော တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၃)ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီဥက္ကဋ္ဌ H.E.Mr. Shang Fulin နှင့်အဖွဲ့သည် ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်အေး၊ အတွင်းရေးမှူး ဦးခင်မောင်စိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

**သတင်းစဉ်**



# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမှတ်စဉ် (၁/၂၀၁၈) အစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၄**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အမှတ်စဉ် (၁/၂၀၁၈) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးယာယီရဲမှူးချုပ် ကျော်ဝင်းသိန်းက အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးအစီရင်ခံစာနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီတို့ ပူးပေါင်းရေးဆွဲနေမှု တို့ကို ရှင်းလင်းတင်ပြပြီးနောက် တက်ရောက် လာသူများမှ ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အဖွဲ့ဝင် ၁၅ ဦး၊ အထူးဖိတ်ကြားထားသူငါးဦး စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**


## ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအား ငွေကြေးကဏ္ဍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပေးနိုင်ရေးကိစ္စ ဆွေးနွေး

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA နှင့် အဖွဲ့အား ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကုံကော်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ICT System ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအား ငွေကြေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခွင့်ပေးနိုင်ရေး ကိစ္စရပ်များနှင့် ဂျပန်ယန်းငွေဖြင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု လွယ်ကူချောမွေ့စေရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၄**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သထုံအကျဉ်းထောင်သို့ သွားရောက်စစ်ဆေး



**သထုံ ဇွန် ၄**

မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ဌေးမြင့်အေး၊ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်၊ သထုံခရိုင် တရားသူကြီး ဒေါ်လှဲ့လှဲ့ဝင်း၊ မြို့နယ်တရားသူကြီး ဒေါ်သီတာ တို့နှင့်အတူ ဇွန် ၁ ရက်က သထုံမြို့ရှိ သထုံအကျဉ်းထောင်အား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့တို့သည် သထုံ အကျဉ်းထောင်အတွင်း ထောင်ကျတရားခံများနှင့် အချုပ်သားများထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ထောင်ကျတရားခံများနှင့် အချုပ်သားများအား နေရာထိုင်ခင်း၊ အစားအသောက်နှင့် ဆေးကုသခွင့် ရရှိမှုအခြေအနေများ၊ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု ရှိ၊ မရှိ အမှုများကြန့်ကြာမှုမရှိစေရေး ဥပဒေနှင့်အညီ ရသင့်သည့် အခွင့်အရေးများအား ခံစားနိုင်ရေးတို့နှင့် စပ်လျဉ်းသည်တို့ကို မေးမြန်းကာ လိုအပ်သည်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**၁၃၈**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံး ဝန်ထမ်းများ အရည်အသွေး မြှင့်သင်တန်း အမှတ်စဉ် ၁/၂၀၁၈ သင်တန်းဖွင့်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး တရားလွှတ်တော် သင်တန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားရာတွင် တရားရုံးဝန်ထမ်းများသည် တရားသူကြီးများနည်းတူ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် ဆောင်ရွက်ရန် တာဝန်ရှိသူများဖြစ်ကြောင်း၊ တရားခွင်တာဝန်များကို ဆောင်ရွက်ရာတွင် တရားရုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့် မြန်မြန် ဆောင်ရွက်တတ်ရန်လိုကြောင်း၊ ရှေ့နေ ရှေ့ရပ်များ အမှုသည်များနှင့် တာဝန်အရ ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ရန်လိုကြောင်း၊ လာဘ်ပေး လာဘ်ယူကင်းရှင်းပြီး စိတ်ဓာတ်အခြေခံမှစ၍ ပြုပြင်ပြောင်းလဲကာ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားသူကြီး များ၊ မြို့နယ်တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၂ ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။

**ရွှေအင်းသား-ခင်မောင်ဝင်း**




## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အကျဉ်းစခန်းသို့ သွားရောက်စစ်ဆေး



**ရန်ကုန် ဇွန် ၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း ၅၂ မိုင်ရှိ အကျဉ်းဦးစီးဌာန ရွှေမြေယာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေမြေယာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ပြီး အကျဉ်းသားရဲဘက်တို့အား အိပ်ဆောင်များတွင် လိုက်လံတွေ့ဆုံ၍ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု ရှိ၊ မရှိတို့ကို စစ်ဆေးမေးမြန်းကာ အကျဉ်းသား အိပ်ဆောင်များ၊ စားဖို၊ စာကြည့်တိုက်နှင့် ထောင်ဝင်စာအခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် အကျဉ်းသားများထဲမှ သီးခြားတွေ့ဆုံတင်ပြလိုသူ ခုနစ်ဦးကို တစ်ဦးချင်း တွေ့ဆုံမှတ်တမ်းတင်ခဲ့ပြီး အကျဉ်းသားများအတွက် ကော်ဖီမစ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဥပဒေအထောက်အကူပေးရေးအဖွဲ့အကြောင်း သိကောင်းစရာ

**မောင်ဌေးဦး (စိန်ဂျွန်း)**

၁၁.၅.၂၀၁၈ ရက်နေ့က နေပြည်တော်၌ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ရုံးဖွင့်ပွဲကျင်းပခဲ့ရာ မြန်မာနိုင်ငံသမိုင်း၌ ပထမဦးဆုံးသော နိုင်ငံတော်အဆင့်မှ ဖွဲ့စည်းသည့် ဥပဒေ အထောက်အကူအဖွဲ့ကြီး မားမားမတ်မတ် ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။

ဥပဒေအထောက်အကူပေးခြင်းဆိုသည်မှာ ရှေ့နေရှေ့ရပ်ငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းများကို ဆိုလိုကြောင်း ပုဒ်မ ၂(က)၌ ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံတွင် ယခင်က ဥပဒေအထောက်အကူပေးခြင်း လုပ်ငန်းများကို ရှေ့နေရှေ့ရပ်များ၊ ပရဟိတလူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများက တစ်ပိုင်တစ်နိုင် ဥပဒေအထောက်အကူ ပေးခဲ့ကြသကဲ့သို့ တရားရုံးများလက်စွဲပါ ပြဋ္ဌာန်းချက်များအရ သေဒဏ်ကျခံရနိုင်သည့် ပြစ်မှု တရားခံများ ရှေ့နေမငှားရမ်းနိုင်ပါက တရားရုံးများက ရှေ့နေရှာဖွေငှားရမ်းပေးခြင်းဖြင့် ဥပဒေအထောက်အကူ ပေးခဲ့ကြသည်။

ယခုအခါ ၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀) ဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ၁၈.၁.၂၀၁၆ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီးနောက် ပြည်ထောင်စုအဆင့် ဥပဒေအထောက် အကူပေးရေးအဖွဲ့ကြီးကို ဦးဉာဏ်ဝင်းမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်များ**

ဥပဒေအထောက်အကူပေးရေးဥပဒေကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို ပုဒ်မ -၃ (က) မှ ပုဒ်မ ၃ (ဇ) အထိ ပြဋ္ဌာန်းထားပါသည်။

ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများ အနေဖြင့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို ခံစားရရှိစေရန် ဖြစ်ပါကြောင်း ပုဒ်မ ၃(က) တွင် လည်းကောင်း၊

ပြစ်မှုတရားခံများအနေဖြင့် ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ကိစ္စများကို ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်ဖြစ်ပါကြောင်း ပုဒ်မ -၃(ခ)တွင် လည်းကောင်း၊

ဥပဒေအထောက်အကူပေးရေး လုပ်ငန်းများကို အများပြည်သူသိရှိနားလည်ကျင့်သုံး လာစေရေးအတွက် ပညာပေးဆွေးနွေးရန်ဖြစ်ပါကြောင်း ပုဒ်မ ၃(ဂ)တွင် လည်းကောင်း၊

တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန် အလို့ငှာ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရရှိစေရန်ဖြစ်ပါကြောင်း ပုဒ်မ ၃(ည)တွင် လည်းကောင်း၊

ရဲအချုပ်ခန်းများနှင့် အကျဉ်းထောင်များတွင် မလိုလားအပ်ဘဲ အချိန်ကြာမြင့်စွာ ဖမ်းဆီးချုပ်နှောင်မှုများ လျော့ကျစေရန်နှင့် မတရားဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်သွားစေရန်ဖြစ်ပါကြောင်း ပုဒ်မ ၃ (င) တွင် လည်းကောင်း၊

အမှုများကို မှန်မှန်နှင့် မြန်မြန်စီရင် ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်ဖြစ်ပါကြောင်း ပုဒ်မ ၃ (စ) တွင် လည်းကောင်း၊

မှုခင်းများကို ကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူပြုရန်ဖြစ်ပါကြောင်း ပုဒ်မ ၃(ဆ) တွင်လည်းကောင်း၊

ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ထားသော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး၌ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း ပုဒ်မ ၃ (ဇ) တွင် လည်းကောင်း၊ အသီးသီးဖော်ပြပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

**အထောက်အကူတောင်းခံခွင့်ရှိသူများ**

ပုဒ်မ ၂ (ခ)တွင် ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

◆ **ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်း စသည်ဖြင့် ခံကြရသူများအနက်မှ -**

(၁) ဆင်းရဲနွမ်းပါးသူများ
(၂) ကလေးသူငယ်များ
(၃) အမျိုးသမီးများ
(၄) အထူးပြုစုစောင့်ရှောက်ရန်လိုအပ်သူများ
(၅) သက်ကြီးရွယ်အိုများ
(၆) မသန်စွမ်းသူများ
(၇) ခုခံအားကျဆင်းမှုရောဂါနှင့် အခြားကူးစက်မြန်ရောဂါခံစားနေရသူများ
(၈) နိုင်ငံမဲ့များ
(၉) နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ
(၁၀) နိုင်ငံခြားသားများ
(၁၁) ရွှေ့ပြောင်းနေထိုင်သူများ
(၁၂) ရွှေ့ပြောင်းလုပ်သားများ
(၁၃) ဒုက္ခသည်များ

◆ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများ၊
◆ ထူးခြားသည့် အကြောင်းကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုအတွက်သက်သေများ၊ ဟူ၍ ပြဋ္ဌာန်းထားပါသည်။

**အခြေခံမူများ**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်

- စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်မည့် ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်စနစ် ဖြစ်ပေါ်စေရေး
- အများပြည်သူသို့ ဥပဒေဆိုင်ရာ ဗဟုသုတများပညာပေးရေး
- ပြစ်မှုဖြင့် စွပ်စွဲခံရသူများ၊ ပြစ်ဒဏ်ချမှတ်ခံရသူများ၊ ပြစ်မှုကျူးလွန်ခံရ၍ နစ်နာသူများနှင့် ထူးခြားသည့် သက်သေတို့ကို ဥပဒေဆိုင်ရာ အထောက်အကူများပေးရေး
- လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု အသက်အရွယ်ကျား၊ မ၊ နိုင်ငံသားမခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး
- ပြစ်မှုတရားစီရင်ရေးလုပ်ငန်း အဆင့်ဆင့်တွင် ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်ရေး
- ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် စနစ်နှင့်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိရေး
- ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်သူများအား လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရေးနှင့် အကာအကွယ်ပေးရေးစသည့် အခြေခံမူများအတိုင်း ဆောင်ရွက်ရန်ပုဒ်မ -၄တွင် ပြဋ္ဌာန်းထားပါသည်။

**အဖွဲ့အဆင့်ဆင့်**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေအရ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များတွင် -

- ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူသို့ ပြန့်ပွားစေရေး ဆောင်ရွက်ရန်
- ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်စေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့်
- ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

စသည့်လုပ်ငန်းများ ပါဝင်ပါသည်။

**အထောက်အကူပေးရမည့်လုပ်ငန်းများ**

ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များသည် ပြစ်မှုစွပ်စွဲခံရသူများ၊ ပြစ်မှုကျူးလွန်ခံရ၍ နစ်နာသူများနှင့် ပြစ်မှုမှ သက်သေများကို ဥပဒေဆိုင်ရာ အထောက်အကူများပေးရမည်ဖြစ်ကြောင်း ပုဒ်မ-၃၂ တွင် ပြဋ္ဌာန်းထားပါသည်။

ထိုသို့ အထောက်အကူပေးရာတွင် ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ခုခံကျဆင်းမှုရောဂါနှင့် အခြားကူးစက်မြန် ရောဂါခံစားနေရသူများကို ဦးစားပေး၍ အထောက်အကူပေးရမည်ဟူ၍ ပုဒ်မ-၃၁ တွင် ပြဋ္ဌာန်းထားပါသည်။

ဥပဒေဆိုင်ရာ ဥပဒေအထောက်အကူပေးသူများသည် ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်းခံနေရသူများ၏ မိသားစုများကို အကြောင်းကြား၍ လိုအပ်သော အထောက်အကူများပေးရန်နှင့် တရားရုံးတွင် ချုပ်မိန့်တောင်းခံခြင်း၊ ချုပ်မိန့်ပေးခြင်းခံရသူများကိုလည်းကောင်း၊ တရားစွဲအဖွဲ့အစည်းတစ်ခုခု၏ စုံစမ်းစစ်ဆေးခံနေရသူများကိုလည်းကောင်း၊ တရားရုံးတွင် အမှုဖြင့် စစ်ဆေးခံနေရသူများကိုလည်းကောင်း၊ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူများပေးရမည်ဖြစ်ကြောင်း ပုဒ်မ-၂၅ တွင် ပြဋ္ဌာန်းထားပါသည်။

ပြစ်ဒဏ်ချမှတ်ခံရပြီးသော တရားခံများကို အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရန်နှင့် ထိုသူများအနေဖြင့် အချုပ်စခန်း၊ အကျဉ်းထောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးစခန်းများနှင့် သက်မွေးပညာသင်စခန်းများတွင် ရထိုက်သည့် သက်သာခွင့် အခွင့်အရေးများရရှိရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ပုဒ်မ-၂၆ ၌ ပြဋ္ဌာန်းထားပါသည်။

ဥပဒေဆိုင်ရာ အထောက်အကူပေးသူများသည် နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားများအတွက် ဘာသာစကားအခက်အခဲရှိနေလျှင် ဘာသာစကားနားလည်သူ စကားပြန်မှတစ်ဆင့် ရှင်းလင်းပြောကြား ဆောင်ရွက်ပေးရန်နှင့် နိုင်ငံခြားသားအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် သက်ဆိုင်ရာ ကောင်စစ် ဝန်ရုံးသို့ အကြောင်းကြားပေးရမည်ဟူ၍လည်းကောင်း၊ မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ ကိုယ်အမူအရာ သို့မဟုတ် ခြေဟန် လက်ဟန်လက်သင်္ကေတပြဘာသာစကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှ တစ်ဆင့် ဆောင်ရွက်ပေးရမည်ဟူ၍လည်းကောင်း ပုဒ်မ-၂၇ ၌ ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် ဥပဒေဆိုင်ရာ အထောက်အကူများပေးကြရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မထိခိုက်စေရေးနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့် အရေးများ၊ ခံစားခွင့်များ မဆုံးရှုံးကြစေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ပုဒ်မ-၂၈ ၌ ပြဋ္ဌာန်းထားပါသည်။

**ကြီးကြပ်အရေးယူခြင်း**

ဥပဒေဆိုင်ရာ အထောက်အကူပေးသူများသည် ဥပဒေအထောက်အကူတောင်းခံသူများထံမှ အခကြေးငွေ၊ အကျိုးအမြတ်တစ်စုံတစ်ရာတောင်းခံခြင်း မရှိစေရန်နှင့် အဂတိလိုက်စားခြင်း မရှိစေရန် အထက်အဖွဲ့အစည်းများမှ ကြီးကြပ်ရမည်ဟု ပြဋ္ဌာန်းထားပြီး ဖောက်ဖျက်ကျူးလွန်ပါက အရေးယူဆောင်ရွက်ရမည်ဟု ပုဒ်မ-၃၇ ၌ ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများသည် မိမိကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားနည်းလမ်းတကျ ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို မဆောင်ရွက်ခြင်းများ ပေါ်ပေါက် လျှင်လည်း စုံစမ်းစစ်ဆေး အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပုဒ်မ-၃၉ တွင် ပြဋ္ဌာန်းထားပါသည်။

**ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူများသည် ရာဇသတ်ကြီး ပုဒ်မ-၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်ကြောင်း ပုဒ်မ-၄၅၌ ပြဋ္ဌာန်းထားသည့်အပြင် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရ အဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်က ဤဥပဒေအရ အကူအညီတောင်းခံလာလျှင် အကူအညီပေးရမည်ဟု ပုဒ်မ-၄၂ ၌ ပြဋ္ဌာန်းထားသည်။

**နိဂုံး**

ကျွန်ုပ်တို့ နိုင်ငံသားများအပေါ် ဥပဒေကို ခုတုံးလုပ်လျက် မတရားသဖြင့် ပြုကျင့်ခဲ့မှုများစွာ ပေါ်ပေါက်ခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီးနောက် ဥပဒေအပေါ် ယုံကြည်မှုကင်းမဲ့ကာ ဥပဒေဆိုသည်နှင့် ကြောက်ရွံ့စက်ဆုပ်စရာအဖြစ်လည်းကောင်း၊ ဥပဒေဆိုသည်နှင့် မိမိအတွက် ကိုယ်ကျိုးရှာစရာအဖြစ်လည်းကောင်း အမြင်လွဲမှားခဲ့ကြရာမှ တရားဥပဒေစိုးမိုးမှု ယိုယွင်းနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။

ယခု ပေါ်ပေါက်လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များသည် ပြည်သူလူထုအတွက် တရားဥပဒေဆိုင်ရာ အသိအမြင်များ မှန်ကန်ခိုင်မာစွာ သိရှိလာနိုင်ကြမည် ဖြစ်သည့်အပြင် တရားဥပဒေ၏ အခွင့်အရေးနှင့် တာဝန်များ၊ တရားဥပဒေ၏ အကာအကွယ်များကို လက်တွေ့ကျကျခံစားခွင့် ရရှိနိုင်ကြတော့မည် ဖြစ်ပါသောကြောင့် ယိုယွင်းနေသည့် တရားဥပဒေစိုးမိုးရေး အခြေအနေများကို ပြည်သူများဝိုင်းရံ ပါဝင်မှုဖြင့် မြှင့်တင်နိုင်တော့မည်ဟု ယုံကြည် မျှော်လင့်မိပါကြောင်း။ ။

> **“ယခု ပေါ်ပေါက်လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များသည် ပြည်သူလူထုအတွက် တရားဥပဒေဆိုင်ရာ အသိအမြင်များ မှန်ကန်ခိုင်မာစွာ သိရှိလာနိုင်ကြမည် ဖြစ်သည့်အပြင် တရားဥပဒေ၏ အခွင့်အရေးနှင့် တာဝန်များ၊ တရားဥပဒေ၏ အကာအကွယ်များကို လက်တွေ့ကျကျခံစားခွင့် ရရှိနိုင်ကြတော့မည် ဖြစ်ပါသောကြောင့် ယိုယွင်းနေသည့် တရားဥပဒေစိုးမိုးရေး အခြေအနေများကို ပြည်သူများဝိုင်းရံပါဝင်မှုဖြင့် မြှင့်တင်နိုင်တော့မည်”**

---

## စစ်ကိုင်းတိုင်းဒေသကြီး၌ မွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်ပေးလာနိုင်

**မုံရွာ ဇွန် ၄**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ဘဲငန်း နှင့်ငုံး မွေးမြူရေးလုပ်ငန်းများမှ အသားပိဿာချိန် ၃၃၃၆ ဒသမ ၀၁ သိန်း၊ ဥအမျိုးမျိုး ၁၉၁၃၁ ဒသမ ၄၅ သိန်းနှင့် နို့ပိဿာချိန် ၃၆၄၄ ဒသမ ၀၂ သိန်း ထုတ်လုပ်နိုင်ခဲ့ပြီး ဒေသတွင်းစားသုံးရန် လိုအပ်ချက်ထက်ပို၍ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၃၇ မြို့နယ်ရှိပြီး လူဦးရေ ၅၄၁၄၉၁၈ ဦးရှိရာ အဆိုပါပြည်သူများ စားသုံးရန်အပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေရောင်းချနိုင်ရန်အတွက်ပါ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အဆိုပါ အသား၊ ဥနှင့် နို့များထွက်ရှိနိုင်ရန်အတွက် တိုင်းဒေသကြီးအတွင်း ကျွဲကောင်ရေ ၅ ဒသမ ၄၆ သိန်း၊ နွားကောင်ရေ ၂၇ ဒသမ ၇၃ သိန်း၊ သိုး၊ ဆိတ်ကောင်ရေ ၈ ဒသမ ၀၄ သိန်း၊ ဝက်ကောင် ရေ ၁၆ ဒသမ ၃၁ သိန်း၊ ကြက်ကောင်ရေ ၂၆၆ ဒသမ ၂၆ သိန်း၊ ဘဲကောင်ရေ ၄ ဒသမ ၀၈ သိန်း၊ ဘဲငန်းကောင်ရေ ၀ ဒသမ ၈၅ သိန်းနှင့် ငုံးကောင်ရေ ၉ ဒသမ ၄၃ သိန်းတို့ကို မွေးမြူရေး အထူးဇုန်များနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများအဖြစ် မွေးမြူထားကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

**✻ ရှေ့ဖုံးမှ**

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၏ **လမ်းအသုံးပြုသူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မှန်ကန်သော ယာဉ်အချက်ပြမီး တစ်ပြေးညီ ပြောင်းလဲကျင့်သုံးသွားရန် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မော်တော်ယာဉ်များ မောင်းနှင်ရာ၌ အချက်ပြမီး မှားယွင်းစွာ အသုံးပြုနေမှုများနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အမှန်သို့ ပြောင်းလဲကျင့်သုံးနိုင်စေရေး အတွက် ၂၀၁၇ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၀၁၇ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်အထိ ယာဉ်များကျော်ဖြတ်ရာ၌ အချက်ပြမီးများ အမှန်သုံးစွဲရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အချိန်တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ၂၀၁၇ ခုနှစ် ဇွန် ၉ ရက်တွင် စတင်၍ ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် မီဒီယာများတွင် နှိုးဆော်သွားရန် ဆောင်ရွက်ခဲ့ပါကြောင်း။

## မော်တော်ယာဉ်များ ပြစ်ဒဏ်ပြဋ္ဌာန်းချက်ကို ပြည်သူလူထု ကျယ်ပြန့်စွာသိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်

အချက်ပြမီး အမှန်သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်ခြင်းမရှိသေးသည့် ယာဉ်မောင်းအနည်းစု ကျန်ရှိနေဆဲဖြစ်သည့်အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့် ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကုန်သေတ္တာယာဉ်များအသင်းတို့နှင့် ပူးပေါင်း၍ အချက်ပြမီး အမှန်အသုံးပြုစေရေးအတွက် ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်ဖြစ်သည့် အသိပညာပေးနှိုးဆော်ချက်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ အဝေးပြေးလမ်းမကြီးများပေါ်တွင် ကုန်တင်ယာဉ်ကြီးများနှင့် အဝေးပြေးယာဉ်များ မောင်းနှင်နေသည့် ယာဉ်မောင်းများကို အထူးအလေးထား၍ ပညာပေးမှုများ ဆောင်ရွက်ခြင်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုလျှောက်ထားရာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းများပို့ချရာတွင် ဦးစားပေးအနေဖြင့် ထည့်သွင်းပို့ချခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများ၌ ပြုလုပ်လျက်ရှိသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများ၌ အချက်ပြမီး အမှန်အသုံးပြုစေရေး အလေးထားဟောပြောခြင်းများ ဆောင်ရွက်ခြင်း၊ အချက်ပြမီး မှားယွင်းစွာ အသုံးပြုနေခြင်းများနှင့် စပ်လျဉ်း၍ မော်တော်ယာဉ်များ ပြစ်ဒဏ်ပြဋ္ဌာန်းချက်ကို ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာ သိရှိစေနိုင်ရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်သည့် မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အချက်ပြမီး ပြောင်းလဲကျင့်သုံးရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ပညာပေးနှိုးဆော်ခြင်းများ လုပ်ဆောင်နေသော်လည်း အဓိက ယာဉ်မောင်းအားလုံးက အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်လျက် အမှန်သို့ ပြောင်းလဲခြင်း လက်ခံကျင့်သုံးရန် အရေးကြီးပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော နည်းလမ်းများသည်လည်း ထိရောက်မှုရှိသော နည်းလမ်းကောင်းများဖြစ်သည့်အတွက် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ထီးလင်းမြို့နယ်ရှိ အကြည်ဘန်း၊ အလယ်ဘန်း၊ အညာဘန်း ကျေးရွာ သုံးရွာအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမည်

ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ **ထီးလင်းမြို့နယ်အတွင်းရှိ အကြည်ဘန်း၊ အလယ်ဘန်း၊ အညာဘန်းကျေးရွာ သုံးရွာအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အတွင်းရှိ အကြည်ဘန်းကျေးရွာနှင့် အလယ်ဘန်းကျေးရွာနှစ်ရွာ ဓာတ်အားရရှိရေးအတွက် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ၊ ထီးလင်းဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံး၊ အညာဘန်းကျေးရွာ ဓာတ်အားရရှိရေးအတွက် အလယ်ဘန်းကျေးရွာမှတစ်ဆင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ မိုင်နှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ပေးရမည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ အကြည်ဘန်းကျေးရွာနှင့် အလယ်ဘန်းကျေးရွာ နှစ်ရွာ ဓာတ်အားရရှိရေးအတွက် လိုအပ်သော ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေတွင်လည်းကောင်း၊ အညာဘန်းကျေးရွာ ဓာတ်အားရရှိရေးအတွက် လိုအပ်သော ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေတွင်လည်းကောင်း၊ ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်နှင့် ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

## ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများ Mobile Payment ဌာနဆိုင်ရာများ၏ ငွေပေး ငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ထို့နောက် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများအားလုံးသည် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေး ငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ဆွေးနွေးကြသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက e-Government ကို အကောင်အထည်ဖော်နေသည့် တိုင်းပြည်တစ်ခုအနေဖြင့် အဆိုရှင်တင်ပြသည့် Mobile Payment သည် အခြေခံကျသော လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုများ အနေအထားတကျဖြစ်လာသည့်အခါ အစိုးရနှင့် ပြည်သူနှစ်ရပ်စလုံးအတွက် ကြီးမားသည့် အကျိုးအမြတ်ကို ရရှိစေမည်ဖြစ်ပါကြောင်း၊ Mobile Payment အသုံးပြုခြင်းကြောင့် ပြည်သူများမလိုအပ်ဘဲ အသုံးပြုနေရသည့် လူအား၊ အချိန်နှင့် ငွေ စသည့်အရင်းအမြစ်များကို သက်သာစေသည့်အပြင် ငွေစက္ကူကိုင်တွယ်အသုံးပြုရခြင်းကြောင့် ဖြစ်ပေါ်လာရသည့် ပြဿနာများ၊ မှုခင်းများကို ရှောင်လွှဲနိုင်ပါကြောင်း၊ ဘဏ်ဝန်ဆောင်မှုအသုံးနည်းသော ကျေးလက်ဒေသပြည်သူများ၏ ငွေပေးချေမှုအတွက် သုံးစွဲနေရသည့် အရင်းအမြစ်များကို များစွာသက်သာစေပါကြောင်း။

အစိုးရအဖွဲ့အစည်းများအတွက် အခွန်ကောက်ခံမှု ပိုမိုထိရောက်ပြီး အငြင်းပွားမှုနှင့် မှုခင်းများကို လျှော့ချရန် အထောက်အကူဖြစ်ပါကြောင်း၊ မိုဘိုင်းငွေပေးချေမှုများ တိုးတက်လာသည်နှင့်အမျှ GDP တိုးတက်မှု၊ အလုပ်အကိုင်တိုးတက်မှု၊ ထုတ်လုပ်နိုင်မှုစွမ်းအား မြင့်မားလာမှုတို့က တိုင်းပြည်စီးပွားရေးကို ကောင်းစွာအကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးစေရန်အတွက် အဆိုကို အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးသည်။

အလားတူ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးနှင့် ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက အဆိုအပေါ် အပိုင်း ၂ ပိုင်းခွဲ၍ တင်ပြလိုပါကြောင်း၊ ဌာနဆိုင်ရာများ၏ ငွေပေးရေးကိစ္စကို မိုဘိုင်းတွင် ပေးချေမှုစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် ပြည်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ချေးငွေပတ်သက်သူများက Mobile Payment နှင့် စပ်လျဉ်း၍ ကျယ်ပြန့် စွာ သုံးစွဲရန်တို့ဖြစ်ပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် Mobile Payment နှင့် စပ်လျဉ်း၍ ပုံစံနှစ်မျိုးနှင့် ခွင့်ပြုထားပါကြောင်း၊ ဘဏ်များအနေဖြင့် မိုဘိုင်းဘဏ်လုပ်ငန်းကို ဆောင်ရွက်နိုင်သည်ဟု ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် Mobile Banking ဟု စည်းမျဉ်း စည်းကမ်းထုတ်ပြန်ခဲ့ပါကြောင်း၊ ဘဏ်များက ဦးဆောင်သည့် ပုံစံဟု ခေါ်ဆိုနိုင်ပါကြောင်း၊ Mobile Payment ကို အသုံးပြုလိုသည့် လူသည် ဘဏ်တွင် ငွေစာရင်းထားရှိမှုလိုပါကြောင်း၊ မိုဘိုင်းငွေရေးကြေးရေး ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ်များသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း (MFS) ကို ဆောင်ရွက်နိုင်သည်ဟု ၂၀၁၆ ခုနှစ် မတ် ၃၀ တွင် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းကို အဓိကထားလုပ်ဆောင်သည့်သူများသည် ဘဏ်မဟုတ်သည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ဘဏ်မဟုတ်သည့် အဖွဲ့အစည်းများသည် ပထမဆုံး တယ်လီကွန်းကုမ္ပဏီများဖြစ်ပါကြောင်း၊ Mobile Banking ဆောင်ရွက်အသုံးပြုသည့် ဘဏ်သည် ကိုးခုရှိပါကြောင်း၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း (MFS) အဖွဲ့အစည်းအောက်တွင် တယ်လီနောနှင့် အူရီဒူးတို့ဖြစ်ပါကြောင်း၊ MPT နှင့် Mytel တို့မှလည်း လျှောက်ထားလာမှုများ ရှိနေပါကြောင်း၊ Ok ဒေါ်လာ ပုဂ္ဂလိကလုပ်ငန်းကိုလည်း ခွင့်ပြုထားပါကြောင်း။

Mobile Banking ၏ ခက်ခဲမှုအနေဖြင့် ငွေလွှဲပြောင်းမည့်သူသည် ဘဏ်အကောင့်ရှိရန် လိုအပ်ပါကြောင်း၊ ဘဏ်ခွဲများကိုလည်း နေရာတိုင်းတွင် မဖွင့်နိုင်ပါကြောင်း၊ မြို့ပြများတွင် ဘဏ်ခွဲများရှိသော်လည်း ကျေးလက်ဒေသများကို မရောက်နိုင်သည့် အခြေအနေတွင် နယ်များ၊ ကျေးလက်ဒေသများစသည့် ဝေးကွာသည့်နေရာမှသူများ သုံးစွဲနိုင်ခြင်းမရှိပါကြောင်း၊ Mobile Banking ကို သေးငယ်သည့် ငွေပမာဏ အပေးအယူများတွင် ဦးစားပေး၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ Mobile Banking ၏ သဘောသဘာဝသည် ပမာဏကြီးမားသည့် ငွေများကို လွှဲပြောင်းပေးရန် အခက်အခဲရှိပါကြောင်း၊ ထို့ကြောင့် အစိုးရဌာနအချင်းချင်း ငွေလွှဲပြောင်းပေးမှုလုပ်ဆောင်ရန်မှာ များစွာပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတိုင်းအတာမှ လုပ်ပေးနိုင်သည်မှာ Mobile လုပ်ငန်း လုပ်ကိုင်လိုသူများကို ခွင့်ပြုပေးခြင်း၊ လိုက်နာရမည့်စည်းကမ်းများကို ချမှတ်ပေးခြင်းတို့ကို တိုးတက်လာအောင် လုပ်ပေးနိုင်ပါကြောင်း၊ အဆိုနှင့်ပတ်သက်၍ လွှတ်တော်အနေဖြင့် မှတ်တမ်းတင်သည့်အဆင့်သာ ထားရှိသင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ

ယင်းနောက် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းထားသည့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ပြင်ဆင်ချက်အဆိုကို ဥပဒေကြမ်းကော်မတီဝင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

---

**❐ ကျောဖုံးမှ**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လရန်ပုံငွေတွင် သစ်ပုတ်ချိန်တံတား အပြီးသတ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၄ ဖာလုံ၊ ကျောက်ချောလမ်း ၉ မိုင် ၃ ဖာလုံ၊ အမာခံလမ်း ၄ မိုင် ၆ ဒသမ ၅ ဖာလုံ၊ မြေသားတာပေါင်ချဲ့ခြင်း ၂ မိုင် ၄ ဖာလုံ၊ ကျောက်စီရေမြောင်း ၃၂၁၅ ပေ၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတား ၁၉ စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် ပြည်နယ်ရန်ပုံငွေကျပ် ၂၃၅၄ ဒသမ ၉၀ သန်းဖြင့်လည်းကောင်း၊ ကင်းချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့်လည်းကောင်း ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေ နှစ်ရပ်ဖြင့် အင်အားဖြည့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## ရမ်းဗြဲမြို့နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

ထို့ပြင် ရမ်းဗြဲမြို့နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၂ မိုင် ၄ ဖာလုံ မြေသားတာပေါင် မြှင့်တင်၍ ထုအခြေခံလွှာခင်းခြင်း ၃ မိုင် ၁ ဖာလုံ၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်နယ်ရန်ပုံငွေကျပ် ၂၉၅၉ ဒသမ ၃၇၃ သန်းနှင့် ကင်းချောင်းတံတား တည်ဆောက်ခြင်းအတွက် ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၃၀၀၀ တို့ကို လျာထားတင်ပြ တောင်းခံထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးဝေစိန်အောင်၏ **ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံရပ်ကွက်ကြီးတွင် မုန်တိုင်းကြောင့် ပျက်စီးနေသော မင်းဂံခန်းမကို ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ပျက်စီးနေသော မင်းဂံခန်းမကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် အစည်းအဝေးခေါ်ယူပြီး ရပ်မိရပ်ဖ ၂၇ ဦးပါဝင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မတီအနေဖြင့် စစ်တွေစည်ပင်သာယာရေးအဖွဲ့သို့ တင်ပြဆွေးနွေးခဲ့သော်လည်း အဆင်မပြေသဖြင့် ၂၀၁၆ ခုနှစ် မတ်လ ၃ ရက်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြခဲ့သည်ကို သိရှိရပါကြောင်း။

လက်ရှိအခြေအနေတွင် မင်းဂံခန်းမဟောင်းမြေနေရာအချို့အား ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရပ်ကွက်နေပြည်သူများ ရေရရှိရေးလုပ်ငန်းများ၊ ရေစက်ရုံ၊ ရေလှောင်ကန်များ တည်ဆောက်ပေးနိုင်ရန်အတွက် JICA မှ အသုံးပြုမည်ဖြစ်ပြီး ကျန်မြေနေရာအား ရပ်ကွက်နေပြည်သူလူထုမှ တင်ပြသည့် မင်းဂံခန်းမတည်ဆောက်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ထည့်သွင်းရေးဆွဲ၍ ရန်ပုံငွေခွဲဝေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးစိုင်းစံအောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးရှန်အောရ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးလှဦးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ဆက်လက်ရှင်းလင်း ဖြေကြားကြသည်။

## စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြ၍ ယင်းနည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်း အဝေး ၁၂ ရက်မြောက်နေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင် (သတင်းစဉ်)**

---

## နေရာကွက်၍ မိုးကြီး

**နေပြည်တော် ဇွန် ၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မိုး/ဇလ**

# အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ခွင့်ပြုမိန့်ထုတ်ပေးနိုင်

**နေပြည်တော် ဇွန် ၄**

ဇွန် ၄ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က **ကန်ပေါက်ဒေသတွင် ဆောင်ရွက်မည့် စီမံကိန်းကို Total Gas & Power Business Service S.A.S နှင့် SIEMENS A.G နှင့် လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် စီမံကိန်းကို Zhefu Holding Co.,Ltd. နှင့် Supreme Trading Co.,Ltd. နှင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် စီမံကိန်းကို TTCL Public Company Limited နှင့် လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ဆောင်ရွက်မည့် စီမံကိန်းကို Sinohydro Corporation Limited နှင့် Supreme Trading Co., Ltd. နှင့် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း လေ့လာသိရှိရပါသဖြင့် ၎င်းကုမ္ပဏီများနှင့် စာချုပ်လက်မှတ်ရေးထိုးနိုင်သည့် အဆင့်ရောက်ရှိအောင် တင်ဒါစတင်ခေါ်ယူသည်မှ စတင်၍ မည်သို့သောအဆင့်များကို ပွင့်လင်းမြင်သာစွာနှင့် ဆောင်ရွက်ခဲ့သည်ကို သိလိုကြောင်း မေးမြန်းရာ** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တနင်္သာရီတိုင်းဒေသကြီး ကန်ပေါက် LNG to Power စီမံကိန်းကို Total Gas & Power Business Service S.A.S နှင့် SIEMENS A.G တို့က လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး မီးလောင်ဂျိုင် LNG to Power စီမံကိန်းကို Zhefu Holding Co., Ltd. နှင့် Supreme Trading Co.,Ltd. တို့ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုံ LNG to Power စီမံကိန်းကို TTCL Public Company Limited က လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူ CCGT စီမံကိန်းကို Sinohydro Corporation Limited နှင့် Supreme Trading Co.,Ltd. တို့က လည်းကောင်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားရန် Notice to Proceed (NTP) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ပေးခဲ့ပါကြောင်း။



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရှင်းလင်းဖြေကြားစဉ်။

> “ စီမံကိန်း လေးခုစလုံးသည် နိုင်ငံတော်ဘတ်ဂျက်သုံးစွဲပြီး ဌာနမှ ဆောင်ရွက်သည့် စီမံကိန်းများ မဟုတ်ပါကြောင်း၊ ၁၀၀ ရာခိုင်နှုန်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံငွေဖြင့် ဆောင်ရွက်လိုကြောင်း အဆိုပြုလာသည့် Unsolicited Project များဖြစ်သောကြောင့် တင်ဒါလုပ်ငန်းစဉ် မလိုအပ်ဘဲ PPP စီမံကိန်းများအတွက် နိုင်ငံတော်ကချမှတ်ထားသော မူဝါဒနှင့်အညီ စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်”

### မူဝါဒများထုတ်ပြန်

အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) စီမံကိန်းများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူမှ ၎င်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြသည့် Unsolicited Project များကို နိုင်ငံတော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းနိုင်မှုအပေါ် မူတည်ပြီး တင်ဒါလုပ်ငန်းစဉ် မလိုအပ်ဘဲ စိစစ်ခွင့်ပြုဆောင်ရွက်ရန် ၂၀၁၇ ခုနှစ် ဇွန် ၁၁ ရက်တွင် ကျင်းပခဲ့သည့် စီးပွားရေးရာကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မူဝါဒများ ထုတ်ပြန်ထားပါကြောင်း။

### ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုခွင့်ပြု

လျှပ်စစ်ဥပဒေပုဒ်မ ၁၂ အရ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါကြောင်း၊ လျှပ်စစ်နည်းဥပဒေအပိုဒ် ၁၅ အရ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း ခွင့်ပြုမိန့်လျှောက်ထားခြင်းမပြုမီ ဆောင်ရွက်ရန် လိုအပ်သော အကြီးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု ပြုလုပ်ရန် ခွင့်ပြုနိုင်ပါကြောင်း၊ လျှပ်စစ်နည်းဥပဒေအပိုဒ် ၃၃ အရ အထူးရည်ရွယ်ချက်ဖြင့် ခွင့်ပြုသော လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း ခွင့်ပြုမိန့်အား အများပြည်သူအကျိုးစီးပွားကို မြှင့်တင်ပေးမည့် အထူးစီမံကိန်းများဆိုင်ရာ လုပ်ငန်းများအတွက် ခွင့်ပြုနိုင်ပါကြောင်း။

### စီမံကိန်းစာချုပ်များ ချုပ်ဆို

စီမံကိန်းများအတွက် နိုင်ငံတကာဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန်၊ အင်ဂျင်နီယာပညာနှင့် ဒီဇိုင်းရေးဆွဲမှု၊ ESIA လေ့လာမှုများ၊ LNG တင်သွင်းမည့် အစီအစဉ်များကို ကုမ္ပဏီများက စတင်ဆောင်ရွက်နိုင်ရန် NTP စာကို ဌာနမှ ထုတ်ပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီမှလည်း လက်ခံရရှိကြောင်းကို လက်မှတ်ရေးထိုးပေးကြခြင်း ဖြစ်ပါကြောင်း၊ လိုအပ်သည့် လုပ်ငန်းစဉ်များကို အဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှသာလျှင် ပြည်သူများအတွက် ရေရှည်အကျိုးရှိပြီး ထိရောက်သောနည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းစာချုပ်များကို ချုပ်ဆိုသွားရမည်ဖြစ်ပါကြောင်း။

### ခွင့်ပြုနိုင်သည့် စီမံကိန်းလုပ်ငန်းများ

စီမံကိန်း လေးခုစလုံးသည် နိုင်ငံတော် ဘတ်ဂျက် သုံးစွဲပြီး ဌာနမှ ဆောင်ရွက်သည့် စီမံကိန်းများမဟုတ်ပါကြောင်း၊ ၁၀၀ ရာခိုင်နှုန်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံငွေဖြင့် ဆောင်ရွက်လိုကြောင်း အဆိုပြုလာသည့် Unsolicited Project များ ဖြစ်သောကြောင့် တင်ဒါလုပ်ငန်းစဉ် မလိုအပ်ဘဲ PPP စီမံကိန်းများအတွက် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒနှင့်အညီ စိစစ်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း၊ လျှပ်စစ်ဥပဒေ ပုဒ်မ ၁၂၊ လျှပ်စစ်နည်းဥပဒေအပိုဒ် ၁၅ နှင့် ၃၃ တို့အရ ခွင့်ပြုနိုင်သည့် စီမံကိန်းလုပ်ငန်းများလည်း ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

**အေးအေးသန့်**

# လမ်းဘေးဈေးသည်များကို နှစ်ထပ်ဈေးရုံအဆောက်အအုံများပေါ်သို့ တက်ရောက်ရောင်းချစေရေးနှင့် စည်းကမ်းမဲ့ရောင်းချမှုမရှိစေရေး ဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၄**

လမ်းဘေးဈေးသည်များကို နှစ်ထပ်ဈေးရုံအဆောက်အအုံများပေါ်သို့ တက်ရောက်ရောင်းချစေရေးနှင့် စည်းကမ်းမဲ့ရောင်းချမှု မရှိစေရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားသည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၏ မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက စနစ်တကျ ဈေးရောင်းချနိုင်ရန် ခေတ်မီ နှစ်ထပ်ဈေးအဆောက်အအုံများ တည်ဆောက်နေရာချထားပေးပါရန်၊ ပြောင်းရွှေ့ရောင်းချမှုမရှိဘဲ လမ်းဘေးတွင် ဆက်လက်ရောင်းချနေမှုကြောင့် မြို့တော်အဂ္ဂိရုပ်နှင့် မညီညွတ်ခြင်း၊ လမ်းသွားလမ်းလာများအား အနှောင့်အယှက်ဖြစ်ရခြင်းများကို ပညာပေးခြင်း၊ ထိရောက်စွာ တားမြစ်အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားရန် အစီအစဉ် ရှိ မရှိနှင့် တရားဝင်ပိုင်ဆိုင်သည့် မြေကွက်အတိုင်းအတာနယ်နိမိတ်ထက် ပိုမိုကျော်လွန်၍ လမ်းနယ်နိမိတ်သတ်မှတ်နေရာပေါ်တွင် အဆောက်အအုံများ ကျူးကျော်တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများအား မည်သို့ ထိရောက်စွာအရေးယူဆောင်ရွက်နေကြောင်းကို သိရှိလိုပါကြောင်း မေးမြန်းခဲ့သည်။



ကမာရွတ်မြို့နယ်အတွင်းရှိ လှည်းတန်းဈေး နှစ်ထပ်အဆောက်အအုံအား တွေ့မြင်ရစဉ်။

စည်ပင်သာယာရေးဝန်ကြီးဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားရာတွင် မြို့နယ်အတွင်း လမ်းဘေးဈေးသည်များ စနစ်တကျ ရောင်းချစေရေးအတွက် စီမံချက်ချဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း လမ်းဘေးဈေးသည်များအား ပညာပေးခြင်း ၁၂၆၁၇ ဦး၊ တရားစွဲခြင်းများ ဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၂၉၀၉ မှု၊ ဒဏ်ငွေ ကျပ် ၃၉၃၅၇၀၀၀ တပ်ရိုက်အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ လမ်းဘေးဈေးသည်များကို နှစ်ထပ်ဈေးရုံအဆောက်အအုံများပေါ်သို့ တက်ရောက်ရောင်းချစေရေးနှင့် စည်းကမ်းမဲ့ရောင်းချမှုမရှိစေရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ဝန်ကြီးက ဆက်လက်ပြောကြားရာ၌ “ကျွန်တော်တို့က ရသလောက် စည်းကမ်းသတ်မှတ်တာကို လူထုတွေ သဘောပေါက်လိုက်နာသွားပါလိမ့်မယ်၊ ဒါကိုတော့ အချိန်ယူရပါလိမ့်မယ်၊ ချက်ချင်းလုပ်လို့တော့ မရပါဘူး၊ ဒါကို အမြဲတမ်းလုပ်နေရမှာပါ၊ လုပ်နေရင်းနဲ့ သူတို့ကို ခေါ်ဆောင်သွားရင်းနဲ့ ကြာလာတဲ့အခါကျရင် စနစ်တကျနဲ့ တန်ဖိုးကို နားလည်ပြီး သူတို့ရောင်းချလာမှာ ဖြစ်ပါတယ်၊ နိုင်ငံတကာမှာလည်း ဒီလိုအတွေ့အကြုံမျိုးတွေ ရှိပါတယ်”ဟု လမ်းဘေးဈေးသည်များနှင့် ပတ်သက်၍ ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် တရားဝင်ပိုင်ဆိုင်သည့် မြေကွက်အတိုင်းအတာနယ်နိမိတ်ထက်ပိုမိုကျော်လွန်၍ လမ်းနယ်နိမိတ် သတ်မှတ်နေရာပေါ်တွင် အဆောက်အအုံများ ကျူးကျော်တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများနှင့် ပတ်သက်၍ မရမ်းကုန်းမြို့နယ်အတွင်း ဖယ်ရှားရှင်းလင်းခဲ့ရာ ကျန်စစ်သားလမ်းတွင် ၆၆ ခု၊ အလောင်းဘုရားလမ်းတွင် ၈၅ ခု၊ မင်းရဲကျော်စွာလမ်းတွင် ၃၅ ခုနှင့် ဗိုလ်ချုပ်လမ်းတွင် ၁၈ ခုတို့ကို ရှင်းလင်းဖယ်ရှားခဲ့ပါကြောင်း၊ အဆိုပါ ကျူးကျော်အဆောက်အအုံများကို ရှင်းလင်းဖယ်ရှားရန်အတွက် ရက်သတ်မှတ်၍ နို့တစ်စာပေးပို့ခြင်း၊ သတ်မှတ်ရက်အတွင်း ရှင်းလင်းဖယ်ရှားမှုမရှိသူများအား တရားစွဲဆိုရန်အတွက် ရုံးခေါ်စာများ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ တရားစွဲဆိုခြင်းမပြုမီ ရှင်းလင်းဖယ်ရှားပေးခဲ့ပါကြောင်း၊ တရားဝင်ပိုင်ဆိုင်ထားသည့် မြေကွက်အတိုင်းအတာ နယ်နိမိတ်ထက် ပိုမိုကျော်လွန်၍ လမ်းနယ်နိမိတ် သတ်မှတ်နေရာပေါ်တွင် အဆောက်အအုံများ ကျူးကျော်တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများ ဆောင်ရွက်ပါက ရှင်းလင်းဖယ်ရှားစေလျက်ရှိပါကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေပုဒ်မ ၆၈ နှင့် ပုဒ်မ ၆၉ တို့ဖြင့် တရားစွဲအရေးယူလျက်ရှိပါကြောင်းနှင့် ထပ်မံပြင်ဆင်မည့် စည်ပင်သာယာရေးဥပဒေတွင်လည်း ထည့်သွင်းရေးဆွဲထားပါကြောင်း ဖြေကြားခဲ့သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း**

## အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ် ပြခန်းများ ခင်းကျင်းပြသ

**နေပြည်တော် ဇွန် ၄**

၂၀၁၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)နှင့် (ရန်ကုန်) တို့တွင် ပြခန်းများခင်းကျင်းပြသလျက်ရှိရာ ဇွန် ၄ ရက်တွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)သို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အသုံးချစာရင်းအင်းပညာ မဟာတွဲသင်တန်းမှ ကြီးကြပ်သူ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၄၀ ၊ အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်း(နေပြည်တော်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀၊ ပညာလွင်ကိုယ်ပိုင်အထက်တန်းကျောင်း(နေပြည်တော်)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၁၆၀ နှင့် အများပြည်သူများ စိတ်ဝင်စားစွာလာရောက်လေ့လာကြည့်ရှုကြသည်။

အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၁ ရက်မှ ၁၄ ရက်အထိ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)နှင့် (ရန်ကုန်)တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပြခန်းများ ဆက်လက်ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

**မြိတ် ဇွန် ၄**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၄ ရက် နံနက်ပိုင်းက မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများ၏ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ရက်သတ္တ ၁၄ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် ၄၉ နှင့် အခြေခံအိမ်တွင်းမှုသင်တန်း ၇၈ သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခြေခံအိမ်တွင်းမှုသင်တန်း တက်ရောက်မည့် သင်တန်းသူ ၈၂ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း တက်ရောက်မည့် သင်တန်းသူ ရှစ်ဦးတို့အတွက် သင်ထောက်ကူပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။ **(ယာပုံ)**

နေ့လယ်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကုသဆောင်တွင် လူနာများအား ကျန်းမာရေးဝန်ထမ်းများက ဆေးကုသပေးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆေးရုံတွင် လူနာကလေးငယ်များနှင့် မွေးလူနာများအား ဆေးကုသပေးနေမှု အခြေအနေများကို ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ပြီး ခွဲစိတ်ခန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်မြို့ မော်တောင်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ တနင်္သာရီတိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒ ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

**ခိုင်ထူး(ပြန်/ဆက်)**






# တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ ခေတ္တတိမ်းရှောင်မိသားစုများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇွန် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ နယ်မြေလုံခြုံရေးအခြေအနေအရ ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၁၅၀ အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဖားကန့်မြို့နယ် လဝါးကျေးရွာ၌ ကျင်းပရာ ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နေရပ်တိမ်းရှောင် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၂၆၄၆၄၉၀ တန်ဖိုးရှိ ရိက္ခာတစ်လစာ၊ ဆန် ၅၄ အိတ်၊ ဆီ ၉၃ ပိဿာ၊ ကုလားပဲ ၁၃၉ ပိဿာ၊ ဆား ၂၃ ပိဿာတို့ကို ညွှန်ကြားရေးမှူး၊ ဦးအောင်ကျော်ထူးက ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကချင်ပြည်နယ်အတွင်းရှိ ခေတ္တတိမ်းရှောင် မိသားစုဝင် ၂၆၀၁ ဦးအတွက် ဆန် ၁၀၁၉ အိတ်၊ ဆီ ၁၆၂၂ ပိဿာ၊ ကုလားပဲ ၁၆၀၇ ပိဿာ၊ ဆား ၅၀၇ ပိဿာ၊ စောင် ၁၆၂ ထည်၊ ခြင်ထောင် ၈၂ လုံးတို့အား ဖားကန့်မြို့နယ် မံဝယ်ကျေးရွာနှင့် လဝါးကျေးရွာ၊ မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ၊ မိုးကောင်းမြို့နယ် နမ္မတီးမြို့၊ တနိုင်းမြို့နယ် အောင်လော့ဒ်ကျေးရွာ၊ ဝိုင်းမော်မြို့နယ် ရှငေါ်ကျေးရွာများတွင် နယ်မြေခံတပ်မတော်နှင့် ပူးပေါင်း၍ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများ၊ ကလေးသူငယ်များအတွက် အာဟာရဖြည့်စွက်စာများ ထပ်မံပေးပို့ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း FAO အဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၄**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် Food and Agriculture Organization (FAO) အဖွဲ့အစည်းအား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-2)အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ FAO ၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးရေးနည်းပညာသစ်များအား တောင်သူလယ်သမားများ သိရှိနိုင်ရေးနှင့် အသုံးချနိုင်ရေးအတွက် သင်တန်းများပို့ချပေးခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ထူးချွန်စံပြကျေးရွာများသို့ ထပ်ဆောင်းဆုငွေ ပေးအပ်

**နေပြည်တော် ဇွန် ၄**

စံပြကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း ထပ်ဆောင်းဆုကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၄ ရက် နံနက်က ကျင်းပခဲ့ပြီး အခမ်းအနားသို့ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီ ဥက္ကဋ္ဌ ဦးအေးမောင်စိန်၊ စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ စီမံကိန်းပရောဂျက်မန်နေဂျာ မစ္စတာလီဆောင်ဝမ်နှင့် တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် ၂၀၁၇ ခုနှစ် ဒုတိယနှစ် စီမံကိန်းကျေးရွာ ၄၀ မှ ထူးချွန်ကျေးရွာ ၂၀ ရရှိပြီး အေ အဆင့်ရကျေးရွာ ခုနစ်ရွာအား တစ်ရွာလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၀ နှင့် ညီမျှသော မြန်မာငွေ ၂၆၉၅၄၆၀၈ ကျပ်နှင့် ဘီအဆင့်ရ ကျေးရွာ ၁၃ ရွာအား တစ်ရွာလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ညီမျှသော မြန်မာငွေ ၁၃၄၇၇၃၀၄ ကျပ် စုစုပေါင်း ၃၆၃၈၈၇၂၀၈ ကျပ်အား ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှ ချီးမြှင့်ထောက်ပံ့ခဲ့သည်။




**(အောက်ပုံ)** အဆိုပါ ထောက်ပံ့ငွေများကို စီမံကိန်းမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရမည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မောင်ကျော်ကြီး**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar သည် ကမ်းလွန်ရတနာစီမံကိန်းတွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ FLNG Project လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓမင်းဆိပ်ကမ်းခြေမှ ဟိန်းဇဲချောင်းအတွင်း MV.JAVA INSIGNIA ရေယာဉ်နှင့် LCT LAYAR MAS 292 ရေယာဉ်တို့ဖြင့် Subsea and Geotechnical Survey လုပ်ငန်းများကို တည်နေရာဧရိယာများဖြစ်သော Damin Seik မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၂၁ ဒသမ ၆၂၄၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၂၇ ဒသမ ၁၈၃၆၈ စက္ကန့်၊ Point S1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၅၂ ဒသမ ၁၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၅၉ ဒသမ ၁၆၈ စက္ကန့်၊ Point S2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၁၂ ဒသမ ၈၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၃ မိနစ် ၅၉ ဒသမ ၁၈၉ စက္ကန့်၊ Point S3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၁၂ ဒသမ ၇၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၅၆ ဒသမ ၄၈၂ စက္ကန့်၊ Point S4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၄၀ ဒသမ ၈၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၅၃၃ စက္ကန့်၊ Point S5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၅၃ ဒသမ ဝ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၃၇ ဒသမ ၁၉၈စက္ကန့်၊ Point S6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၅၃ ဒသမ ၅၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၂၃ ဒသမ ၁၁၃ စက္ကန့်၊ Point S7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၅၃ ဒသမ ၅၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၂၃ ဒသမ ၉၉၇ စက္ကန့်၊ Point S8 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၁၉ ဒသမ ၃၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၂၂ ဒသမ ၇၉၁ စက္ကန့်၊ Point S9 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၄၄ ဒသမ ၇၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၁ မိနစ် ၄၀ ဒသမ ၄၈၈ စက္ကန့်နှင့် Point S10 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၂ မိနစ် ၂၈ ဒသမ ၃၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၉ မိနစ် ၂၉ ဒသမ ဝ၇၁ စက္ကန့်ထိကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှ ဇူလိုင်လ ၂၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓမင်းဆိပ်ကမ်းခြေတွင် MV.JAVA INSIGNIA ရေယာဉ်နှင့် LCT LAYAR MAS 292 ရေယာဉ်တို့ဖြင့် Subsea and Geotechnical Survey လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၅ မိုင်ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ

## ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

**နိဒါန်း**

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုအတွက် ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ်ပေါ်ထွန်းလာနိုင်ရေး ဦးတည်လျက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းကာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုအစီရင်ခံစာသည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ကော်မတီ၏အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံခြင်း ဖြစ်ပါသည်။

**စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု**

ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီမံကိန်းများဆောင်ရွက်ရန် ပြည်သူလူထုထံမှ ရယူအသုံးပြုခဲ့ရသော မြေယာများအတွက် ထိုက်သင့်သော မြေယာလျော်ကြေးငွေများကို ပေးချေလျက်ရှိရာ ရခိုင်ပြည်နယ်၊ ဂွမြို့နယ် ကမ်းသာယာနယ်မြေရဲစခန်းပိုင်မြေ ၆ ဒသမ ၀၆ ဧကအတွက် မြေလျော်ကြေးငွေကျပ် ၂ ဒသမ ၇၀၆၈ သန်းနှင့် စစ်တွေမြို့နယ် အမြင့်ကျွန်းရဲစခန်းပိုင်မြေ ၃ ဒသမ ၁၁ ဧကအတွက် မြေလျော်ကြေးငွေကျပ် ၇ ဒသမ ၇၇၅ သန်းတို့ကို ခွင့်ပြုရရှိထားပြီးဖြစ်၍ သက်ဆိုင်ရာ တောင်သူများသို့ လျော်ကြေးငွေပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေမြို့နယ် အမြင့်ကျွန်း ကျေးရွာအုပ်စု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမြေနေရာအတွက် လျော်ကြေးငွေပေးချေရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူလူထု၏ ပါဝင်နိုင်မှုကို တိုးမြှင့်ပေးရန်နှင့် ရခိုင်ပြည်နယ်အတွင်း သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲမှု၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းမှ ရရှိလာမည့် အကျိုးအမြတ်များကို ဒေသခံပြည်သူလူထု ကောင်းမွန်စွာ ရရှိခံစားနိုင်စေရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ (Environmental Impact Assessment-EIA)၊ လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း (Social Impact Assessment-SIA)၊ ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင် စစ်တမ်းကောက်ယူမှု (Geological and Topographical -G.T survey)လုပ်ငန်းများ ဆောင်ရွက်ရန် တရုတ်အပြည်ပြည်ဆိုင်ရာယုံကြည်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (China International Trust and Investment Corporation -CITIC)နှင့် မြန်မာဘက်မှ Government Designated Entity-GDE တို့ ပူးပေါင်းဆောင်ရွက်ပြင်ဆင်လျက်ရှိပါသည်။

အလုပ်သမားဈေးကွက်နှင့်သက်ဆိုင်သည့် လေ့လာဆန်းစစ်မှုများ (Labour Market Assessment- LMA) ပြုလုပ်သွားနိုင်ရေး ILO နှင့် ညှိနှိုင်းထားရှိပြီး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ LMA ပြုလုပ်ရန် စီမံဆောင်ရွက်ဆဲကာလတွင် လုပ်သားအင်အားအတွင်း ပါဝင်နိုင်မှုနည်းနေသေးသည့် အမျိုးသမီးထု၏လိုအပ်ချက်များနှင့် ပတ်သက်၍ အမျိုးသမီးများ အလုပ်အကိုင်ရရှိမှု အလားအလာမြင့်မားစေရန်အတွက် အမျိုးသမီးဦးစားပေးသင်တန်းများဖြစ်သည့် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အိမ်တွင်းမှုသင်တန်းများ၊ စက်ချုပ်သင်တန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများနှင့် သမဝါယမမွမ်းမံသင်တန်း စသည်တို့ကို စုစုပေါင်း (၄၂)ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး အမျိုးသမီးစုစုပေါင်း ၅၆၈ ဦး တက်ရောက်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း လုပ်ငန်းခွင်သင်တန်း ရရှိခဲ့သော အမျိုးသမီး ဦးရေ



၂၀၁၈ ခုနှစ်၊ ဧပြီလကုန်တွင် ရခိုင်ပြည်နယ်တွင်း တည်ဆောက်ပြီးစီးခဲ့သော တံတားစင်းရေ

ဒေသလူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် တံတားတည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် စုစုပေါင်းတံတား ၁၃ စင်းကို ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်တံတား ၁၁ စင်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်း ၃၄ လမ်းပေါ်တွင် အပိုင်းအလိုက် မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်းနှင့် မေယုတောင်ကျော်လမ်းနှစ်လမ်း အသစ်ဖောက်လုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဓိကကျသည့် မေယုတောင်ကျော်လမ်း နှစ်လမ်းဖြစ်သည့် ကျောက်ပန်း-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း (၉/၀) မိုင်၊ ကြိမ်ချောင်း-ဂုပ္ပိ တောင်ကျော်လမ်း (၉/၇)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းမှာ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အငူမော်လမ်း(၄၆ မိုင် ၅ ဖာလုံ)ဖောက်လုပ်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါသည်။ ရေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် ရေယာဉ်လိုင်း ၂၂ လိုင်းမှ ၂၅ လိုင်းကြား ပုံမှန်ပြေးဆွဲနေပြီး မြစ်တွင်းသွား ကုန်တင်ရေယာဉ် ၅၀ ကျော်၊ မြင်းကောင်ရေ ၂၀ အထက် ကုန်တင်ရေယာဉ် ၇၀၀ ကျော်၊ မြင်းကောင်ရေ ၂၀ အောက် ကုန်တင်ရေယာဉ် ၆၀၀ ကျော်တို့ဖြင့် ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေးကဲ့သို့ပင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည့် လျှပ်စစ်စွမ်းအင်ဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် 66 KV ဓာတ်အားလိုင်းမှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူး နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပုဏ္ဏားကျွန်းမှ ရသေ့တောင်သို့ 66KV ဓာတ်အားလိုင်း သွယ်တန်းခြင်းမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သောကြောင့် ၃၁-၃-၂၀၁၈ ရက်နေ့တွင် ရသေ့တောင်ဓာတ်အားခွဲရုံဖွင့်လှစ်ပြီး ၂၄ နာရီ လျှပ်စစ်မီးစတင်ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ဘူးသီးတောင်မြို့ ဓာတ်အားခွဲရုံ 66KV၊ 2 × 5MVA



၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင် တည်ဆောက်မည့် တံတားစင်းရေ



မေယုတောင်ကျော်လမ်း (၂)လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ

တည်ဆောက်ခြင်းလုပ်ငန်းမှာ ၃၈ ရာခိုင်နှုန်းနှင့် မောင်တောမြို့ဓာတ်အားခွဲရုံ၏ 66KV ၊ 5MVA တည်ဆောက်ခြင်း လုပ်ငန်းမှာ ၁၂ ဒသမ ၆၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ ဘူးသီးတောင်မြို့အတွက် ၂၀၁၈ ခုနှစ် ဇွန်လအကုန်တွင် လည်းကောင်း၊ မောင်တောမြို့အတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအကုန်တွင် လည်းကောင်း မဟာဓာတ်အားလိုင်းမှ (၂၄) နာရီဓာတ်အား ရရှိနိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် နိုင်ငံတော်ဓာတ်အားစနစ် မရှိသေးမီကာလအတွင်း ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ပေးလျက်ရှိရာ ဆိုလာမီး ၈၀၉၂ စုံ တပ်ဆင်နိုင်ရေး တင်ဒါရွေးချယ်စာချုပ်ချုပ်ဆို ပြီးစီးပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများ သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံနိုင်ရေးအတွက် ကျေးရွာရေရရှိရေးလုပ်ငန်း



ရခိုင်ပြည်နယ်တွင်း ကျေးရွာများ မီးလင်းရေးအတွက် တင်ဒါစနစ်ဖြင့် ဝယ်ယူထားသော ဆိုလာမီးစနစ်ပေါင်း



၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက် သောက်သုံးရေရရှိရေးလုပ်ငန်း

များကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မူလဘတ်ဂျက်နှင့်ပြည်ထောင်စု (မွမ်းမံ) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေးလုပ်ငန်း ၁၈၄ခု၊ UNICEF ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေးလုပ်ငန်း ၁၃ ခု၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေး လုပ်ငန်း ၄၈ ခု စုစုပေါင်း ၂၄၅ ခုတို့ကို ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ တောင်သူလယ်သမား ၃၄၉ ဦးသို့ စက်စီးရေ ၃၄၉ စီးအတွက် ချေးငွေပမာဏကျပ်သန်း ၁၂၈၅၃ ဒသမ ၄၁ ထုတ်ချေးခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့်လည်း လက်တွန်း ထွန်စက် ၁၅၆ စီးကို ရောင်းချပေးနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးချေးငွေ အခွင့်အလမ်းကို ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး ရရှိစေရေးအတွက်လည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြို့နယ် နှစ်မြို့နယ်၊ သမဝါယမအသင်း လေးသင်း၊ အသင်းသား ၆၇ ဦး၊ လယ်မြေ ဧက ၈၂၁ ဧကအတွက် ချေးငွေကျပ် ၂၄၆ ဒသမ ၃၀ သန်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မိုးကြိုကာလ စိုက်ပျိုးရေးချေးငွေကျပ် ၂၅ ဒသမ ၀၀ သန်းကို ထုတ်ချေးပြီးဖြစ်ပါသည်။

ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုနိုင်စေရန် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တောင်သူလယ်သမားများသို့ နည်းပညာဆိုင်ရာ သင်တန်း (၃၄)ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၃၃၁ ဦးအား သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လယ်ယာသုံး စက်ပစ္စည်းများ ဝယ်ယူရန် ထုတ်ချေးခဲ့သော ငွေပမာဏ



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း ခေတ်မီစိုက်ပျိုးရေး နည်းပညာဆိုင်ရာ သင်တန်း ရရှိခဲ့သော တောင်သူလယ်သမားဦးရေ

ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တယ်လီဖုန်း၊ အင်တာနက်၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများ တိုးတက်ရရှိစေရန် မိုဘိုင်းရေဒီယိုစခန်းများ ၇၇ ခု၊ စာတိုက်လုပ်ငန်း အသစ်ဝန်ဆောင်မှု ၂၈ ခု တိုးချဲ့ဆောင်ရွက်ပေးခဲ့ပါသည်။ ဖိုက်ဘာဆက်ကြောင်း ချခင်းမှုတွင် စစ်တွေ-အငူမော်-မောင်တော-ဘူးသီးတောင် ဆက်ကြောင်းနှင့် မောင်တော-တောင်ပြိုလက်ဝဲ ဆက်ကြောင်းတို့တွင် ၈၄ ကီလိုမီတာဆောင်ရွက်ပြီး ဖြစ်ပါသည်။

မြောက်ဦးလေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ပထမအဆင့်အနေဖြင့် Expression of Interest (EOI) ဖိတ်ခေါ်ခြင်းအား နိုင်ငံပိုင်သတင်းစာမှ ကြော်ငြာခေါ်ယူရန်နှင့် Request for Proposal (RFP) ရေးဆွဲရေးအတွက် Consultant ငှားရမ်းခွင့်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနထံမှ ခွင့်ပြုချက်ရရှိထားပြီး ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လုပ် ထုံးလုပ်နည်းများနှင့်အညီ EOI Document များကို Consultant ငှားရမ်း၍ ပြုစုရေးဆွဲလျက်ရှိပြီး၊ (Public Private Partnership-PPP) စနစ်၏ လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ကူးသန်းသွားလာမှုတွင် အရေးပါသော စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်းမြေပြိုမှုပြုပြင်ခြင်းနှင့် လေယာဉ်ပြေးလမ်း ကတ္တရာရေပိတ်လွှာပိတ်ခင်းခြင်း၊ ကျောက်ဖြူလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း (၂၈၀၀×၁၀၀) ပေ အကွက်လိုက်ဖာထေးခြင်းနှင့် (၁၃၀၀×၅၀)ပေအား Seal နှစ်ထပ်တင်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ပိုင် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ အမ်းမြို့များသို့ ခရီးသည် ၄၅၁၉၇ ဦး ပို့ဆောင်ပေးခဲ့ရာ ပြည်တွင်းခရီးသည်များ အားလုံး၏ ၉ ရာခိုင်နှုန်းရှိခဲ့ပါသည်။

ကုန်သွယ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုင်စင်များနှင့်ပတ်သက်ပြီး ပို့ကုန် လိုင်စင်လျှောက်ထားရာတွင်ယခင်က စာရွက်အထောက်အထား ကိုးမျိုးလိုအပ်ခဲ့ရာမှ ယခုအခါ စာရွက်အထောက်အထားသုံးမျိုးကိုသာ လည်းကောင်း၊ သွင်းကုန်လိုင်စဉ်လျှောက်ထားရာတွင် ယခင်က စာရွက်အထောက်အထား ၁၁ မျိုး လိုအပ်ခဲ့ရာမှ ယခုအခါ စာရွက်အထောက်အထား သုံးမျိုးကိုသာ လည်းကောင်း တင်ပြရန်ဖြေလျှော့ပေးခဲ့ပါသည်။ ကုမ္ပဏီမှတ်ပုံတင်ကြေးများကိုလည်း ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ၅၀၀၀၀၀ ကျပ်မှ ၂၅၀၀၀၀ ကျပ်သို့ လျှော့ချပေးခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်အသိပေးမှု ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အလိုအလျောက် မိုးလေဝသတိုင်းထွာရေး ကိရိယာများကို ကမ္ဘာ့ဘဏ်၏ အရေးပေါ် တုံ့ပြန်မှုဆိုင်ရာ နည်းလမ်းအစီအစဉ်ဖြင့် ရခိုင်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနများနှင့် ဥဒဝတီရေတပ်စခန်းဌာနချုပ်တည်ရှိရာ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့ စုစုပေါင်း ၁၂ မြို့နယ်တွင် တပ်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် မြေလျှင်တိုင်းစက် လေးလုံးကို ရခိုင်ပြည်နယ်ရှိ မြို့နယ်လေးမြို့နယ်၌ တပ်ဆင်ခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မောင်တော၌ မူးယစ်ဆေးတရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်

**မောင်တော ဇွန် ၄**

၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက မောင်တောမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ဒွါရာဝတီ ဆောင်၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော်ဦး၊ မူးယစ်အထူးတပ်ဖွဲ့ ၄၆ မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ဇော်ဝင်းနှင့် ခရိုင်ပညာရေးမှူး ဦးခင်အောင်တို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။



အဆိုပါပြိုင်ပွဲများသို့ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၉ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၉ ဦးနှင့် ပိုစတာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ခုနစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်း - ဇင်ဦး၊ နိုင်လင်းကြည်**
**ဓာတ်ပုံ-သက်လွင်စိုး(ခရိုင် ပြန်/ဆက်)**

## မိတ္ထီလာတွင် Wave Money အကောင့်နံပါတ်ဖြင့် ငွေကျပ် ၂၁ သိန်းကျော် လိမ်လည်ထုတ်ယူသွားသူအား အမှုဖွင့်အရေးယူ

**မိတ္ထီလာ ဇွန် ၄**

မိတ္ထီလာတွင် ဖုန်းအရောင်းအဝယ်ဆိုင် တစ်ခုမှ ပိုင်ဆိုင်သည့် Wave Money အကောင့်မှ ငွေကျပ် ၂၁ သိန်းကျော် လိမ်လည်ထုတ်ယူသွားသည့် အမျိုးသား တစ်ဦးအား ဇွန် ၃ ရက်က အမှတ် ၂ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သီရိမင်္ဂလာရပ်ကွက် ပတ်ကား မိုဘိုင်းဖုန်း အရောင်းဆိုင်မှ ကိုကျော်ဆန်းဝင်း(၃၈ နှစ်)သည် ဆိုင်တွင် ရှိနေစဉ် ဇွန် ၁ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က အမျိုးသားတစ်ဦးရောက်ရှိလာပြီး ၎င်း၏ ဖုန်းအတွင်းသို့ ဖုန်းငွေ ၅၀၀၀၀ ဖိုး ဝယ်ယူလိုကြောင်းပြော၍ ဖုန်းအတွင်းသို့ ငွေဖြည့်ပေးခဲ့သည်။ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က ဖုန်းငွေဖြည့်ခိုင်းသည့် အမျိုးသား ထပ်မံရောက်ရှိလာပြီး ငွေကျပ် ၅၀၀၀၀ အား Wave Money ဖြင့် ငွေလွှဲရာ ငွေလွှဲသည့် ဖုန်းသို့ မက်ဆေ့(စ်) ရောက်မလာကြောင်း ပြောဆိုသဖြင့် ဆိုင်ငွေလွှဲဖုန်းအား တောင်းယူကြည့်ရှုခဲ့ရာ ဆိုင်မှ ပိုင်ဆိုင်သည့် အကောင့်အတွင်းမှ ငွေ စုစုပေါင်း ငွေကျပ် ၂၁၂၅၀၀၀ လျော့နည်းနေသည်ကို တွေ့ရသည်။

ထို့ကြောင့် လိုက်လံစုံစမ်းရာ ပြည်သာယာ (တောင်)ရပ်ကွက်ရှိ မိုးမခ စတိုးဆိုင် (Wave Money ငွေလွှဲဆိုင်) မှ အလုပ်သမားဖြစ်သူ မောင်မောင်တင့် (၃၁ နှစ်) မြို့သစ်ရပ်ကွက် ပျော်ဘွယ်မြို့နယ်နေသူက လျော့နည်းနေသည့် ငွေကျပ် ၂၁ သိန်းကျော်ကို ထုတ်ယူသွားကြောင်း တွေ့ရှိရသည်။

ဆိုင်၏ လျှို့ဝှက်အကောင့်နံပါတ် ခိုးယူပြီး ငွေများ လိမ်လည်ထုတ်ယူသွားသူ မောင်မောင်တင့်အား ပတ်ကား မိုဘိုင်းဖုန်းအရောင်းဆိုင် ပိုင်ရှင်က ဇွန် ၃ ရက် နံနက် ၁၀ နာရီခွဲတွင် အရေးယူပေးရန် အမှုဖွင့်တိုင်ကြားခဲ့၍ အမှတ် ၂ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး အမှုကိစ္စနှင့်ပတ်သက်၍ လိုပြသက်သေ ရဲအရာရှိအား ရုံးချိန်း ငါးကြိမ်မြောက်စစ်ဆေး

**ရန်ကုန် ဇွန် ၄**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံး နှင့် ဦးကျော်စိုးဦး(ခ)မိုးအောင်တို့ အမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က ယနေ့ နံနက် ၁၀ နာရီမှ ရုံးချိန်းကုန်ဆုံးသည်အထိ နေပြည်တော် နည်းပညာမှုခင်းစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဌာနစုမှူး ရဲအရာရှိ ရဲမှူးအောင်ကျော်ဆန်းအား ရုံးချိန်း ငါးကြိမ်မြောက် စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယ ခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့မြောက်ပိုင်းခရိုင် တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှု အမှတ် ၄ တရားလိုရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံးပါ-၂ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ စွဲဆိုမှုကနေ တရားလိုပြသက်သေဖြစ်တဲ့ နေပြည်တော် နည်းပညာစုံစမ်းစစ်ဆေးရေးဌာနက ဌာနစုမှူး ရဲမှူး အောင်ကျော်ဆန်းကို စစ်ဆေးပါတယ်၊ ဒါပေမယ့် ရုံးထုတ်စစ်ဆေးရာမှာ ဒီအမှုပါတရားလို ၂၅ ဦး တင်ပြထားရာမှာ ဒီကနေ့စစ်တဲ့ ရဲအရာရှိဟာ တရားလိုပြသက်သေ ၂၀ မြောက် သက်သေပါ၊ ဒီကနေ့ထိ ရုံးချိန်းပေါင်း ၂၃ ချိန်းရှိရာမှာ ခုရဲအရာရှိကို ရုံးချိန်း ငါးကြိမ် စစ်ဆေးရတာပါ၊ ရုံးချိန်ကုန်ထိတိုင် မပြီးသေးလို့ မနက်ဖြန်ထပ်စစ်ဖို့ လိုအပ်သေးတာနဲ့ ဇွန် ၅ ရက် ထပ်ချိန်းလိုက်တာ ဖြစ်တယ်၊ စစ်နေဆဲ ရဲအရာရှိကိုပဲစစ်မှာပါ"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဆီဘောက်ဆာယာဉ်တိုက်မှုကြောင့် လမ်းလျှောက်နေသူနှစ်ဦး သေဆုံး

**နေပြည်တော် ဇွန် ၄**

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ၂၂ ဘီး ဆီဘောက်ဆာယာဉ်တစ်စီး ကားဘီးလေးဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ လမ်းလျှောက်နေသူ နှစ်ဦးအား ဝင်တိုက်မိရာ အခင်းဖြစ်ပွားသည့်နေရာတွင် နှစ်ဦးစလုံး သေဆုံးသွားသည့်ဖြစ်စဉ် ဇွန် ၄ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၆ နာရီက ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ဘောဂသီရိကားဝင်းဘက်မှ ပင်လောင်းလမ်းဆုံဘက်သို့ ထက်လင်းအောင် (၂၈ နှစ်) ပခုက္ကူ မြို့နေသူ မောင်းနှင်သည့် 3F/--- နီဆန်း ဒီဇယ် ၂၂ ဘီး ဆီဘောက်ဆာယာဉ်သည် ယာဉ်၏ ညာဘက် ရှေ့ကားဘီး လေးဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လားရာတူရှေ့တွင် လမ်းလျှောက်နေသော ဒေါ်စန်းရီ(၄၈ နှစ်) ကျောက်ချက်ရွာ ဇေယျာသီရိမြို့နယ်နေသူနှင့် ဒေါ်ထွေးတင် (၆၅ နှစ်) လိပ်စာတူ နှစ်ဦးတို့အား ဝင်ရောက်တိုက်မိသည့်အတွက် အခင်းဖြစ်ပွားသည့်နေရာတွင် နှစ်ဦးစလုံး သေဆုံးသွားကြောင်း၊ ယာဉ်မတော်တဆတိုက်မိမှုနှင့် ပတ်သက်၍ ယာဉ်မောင်း ထက်လင်းအောင်ကို နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရေဆင်းနယ်မြေ ရဲစခန်းသို့ တိုင်တန်းရာ ရေဆင်းရဲစခန်းမှ အမှုဖွင့်စစ်ဆေး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

## မြဝတီမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား နှစ်ဦး ဖမ်းမိ

**နေပြည်တော် ဇွန် ၄**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် ည ၁၀ နာရီက မြဝတီမြို့နယ် မဲကနယ်ကျေးရွာ နယ်စပ်ကုန်သွယ်ရေးဇုန်(မြဝတီ)၌ မြဝတီမှ သဃ်န်းညီနောင်ဘက်သို့ ကော့ကရိတ်မြို့နယ် တံတားကျိုးကျေးရွာနေ စောသိန်းလှ(၃၁ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ ထိုင်းနိုင်ငံ ချင်းမိုင်မြို့နေ ထိုင်းနိုင်ငံသား Mr.Jamnong Inkong (၅၂ နှစ်)ပါ ထိုင်းနိုင်ငံသား နှစ်ဦးအား **(ယာပုံ)** တွေ့ရှိခဲ့သဖြင့် ဇွန် ၃ ရက်က အဆိုပါ ထိုင်းနိုင်ငံသား နှစ်ဦးအား မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူး ဦးလှမင်း ဦးစီးအဖွဲ့က စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ကြောင်းသိရှိရ၍ အရေးယူပေးရန် တိုင်တန်းချက်အရ ထိုင်းနိုင်ငံသား Mr.Jamnong Inkong ပါ နှစ်ဦးနှင့် စောသိန်းလှတို့အား သဃ်န်းညီနောင်နယ်မြေ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## မြောက်ဦး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဒီဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဇွန် ၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မြောက်ဦး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် DVB-T2 လွှင့်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မေ ၃၀ ရက်မှ စတင်၍ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်တွင် လုပ်ငန်းဆောင်ရွက်မှု အားလုံးပြီးစီး၍လွှင့်အား 300 W၊ လိုင်းနံပါတ်... လှိုင်းနှုန်း ချန်နယ် E-32 ဖြင့် ဒီဂျစ်တယ် (Digital) ရုပ်သံလိုင်းများကို စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။

အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြောက်ဦးမြို့ပေါ်ရပ်ကွက် ၇ ရပ်ကွက်၊ ဝေသာလီ၊ လေညှင်းတောင်၊ မြက်ရိတ်ကျွန်း၊ မြောင်ဘွေ၊ ရှင်ရေ၊ နန်းတက်၊ တောဘွယ်၊ လေညှင်းသာ၊ ကင်းချောင်း ကျေးရွာများမှ ကောင်းမွန်စွာဖမ်းယူရရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များနှင့် ခါးပတ်မပတ်ဘဲ မောင်းနှင်သော ယာဉ်များအား အရေးယူ

**နေပြည်တော် ဇွန် ၄**

ရန်ကုန်-မန္တလေးအမြန်လမ်း ၂၀၁ မိုင် စစ်ဆေးရေးဂိတ်၌ ဇွန် ၂ ရက် ညနေ ၆ နာရီမှ ဇွန် ၃ ရက် ညနေ ၅ နာရီအထိ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သည့် မော်တော်ယာဉ် ၁၀ စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ်ခြောက်စီး စုစုပေါင်း ၁၆ စီး ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် ဇွန် ၃ ရက်အထိ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ် ၃၂၄၃၄ စီး ဖမ်းဆီးအရေးယူခဲ့သည်။

အလားတူ ဇွန် ၂ ရက် ညနေ ၆ နာရီမှ ဇွန် ၃ ရက် ညနေ ၅ နာရီအချိန်ထိ ရန်ကုန်-မန္တလေးအမြန်လမ်း တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်၌ ခါးပတ်မပတ်ဘဲ မောင်းနှင်သည့် မော်တော်ယာဉ် လေးစီး၊ အမှတ် ၃ လမ်းဆုံ တိုးဂိတ်၌ မော်တော်ယာဉ် ၁၂ စီး စုစုပေါင်း ၁၆ စီး ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်း တရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၁၈ ခုနှစ် ဇွန် ၃ ရက်အထိ ခါးပတ်မပတ်ဘဲမောင်းနှင်သော ယာဉ် ၅၀၁၂ စီး ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## လှိုင်သာယာ၌ ယာဉ်မောင်းလိုင်စင် အတုပြုလုပ်သူများအား ဖမ်းမိ

**လှိုင်သာယာ ဇွန် ၄**

လှိုင်သာယာမြို့နယ်တွင် ယာဉ်မောင်းလိုင်စင် စမတ်ကတ်အတုများ ပြုလုပ်နေသူ ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနွေမိုးငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် စိန်လှိုင်ဝင်း၊ သဃ်န်းကျွန်းမြို့မ ရဲစခန်းမှ ရဲအုပ်ဝင်းလွင်ထွန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ် ၆ ရပ်ကွက်၊ နဝဒေးဥယျာဉ် အိမ်ရာ မ/၁၆ ဘလောက် ၅၄ နေဦးဇော်လင်းအောင် (၄၆နှစ်) ကွန်ပျူတာပညာရှင်သည် ယာဉ်မောင်းလိုင်စင် အတုပြုလုပ်နေကြောင်း သတင်းအရ ဇွန် ၂ ရက် ညနေ ၆နာရီက သက်သေများနှင့်အတူ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ် ဧည့်ခန်းခေါင်းရင်း၌ လီနိုဗို အမျိုးအစား(အနက်ရောင်) လက်တော့ပ်နှစ်လုံး၊ ဒဲလ်အမျိုးအစား (အနက်ရောင်) လက်တော့ပ် တစ်လုံး၊ ကာလာပရင်တာ (အနက်ရောင်) တစ်လုံး၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်အပျက် သုံးခု၊ YGN -5P/--- နံပါတ်ပါယာဉ်တွင် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်အတု၌ ထည့်သွင်း အသုံးပြုရန် မှတ်တမ်းဓာတ်ပုံတစ်ပုံ၊ YGN-7F/--- နံပါတ်ပြားနှစ်ခု၊ NFC တံဆိပ်ပါ ယာဉ်မောင်းလိုင်စင်ကတ်တွင် မြှုပ်သွင်းထားသော ဒေတာစစ်ဆေးသည့်စက်တစ်ခု၊ လိုင်စင်များအားစစ်ဆေးရာတွင် ကြည့်ရှုသည့် ဓာတ်မီးနှစ်ခုတို့အားတွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်သူ ဦးဇော်လင်းအောင်၏ ထွက်ဆိုချက်အရ အမှတ် ၄ ရပ်ကွက် FMI အိမ်ရာ အေးသာယာလမ်း B-64 နေအိမ်တွင် စမတ်ကတ်အတုများ ပြုလုပ်နေကြောင်း သိရသဖြင့် ည ၉ နာရီခွဲခန့်တွင် နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းရမ်းနေထိုင်သူ ဦးထွန်းလှိုင်အားတွေ့ရှိရပြီး နေအိမ်အပေါ်ထပ် အခန်းတွင် ဒဲလ်အမျိုးအစား(အနက်ရောင်) လက်တော့ပ်တစ်လုံး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တံဆိပ်ပါလိုင်စင်အမှတ် (E/00475/17)၊ သက်ထွေး အမည် ယာဉ်မောင်းလိုင်စင်အပျက် ၁၆ ခု၊ HID FARGO HDP 5000 တံဆိပ်ပါ ယာဉ်မောင်းလိုင်စင် စမတ်ကတ်ထုတ်သည့် (အနက်ရောင်) စက်နှစ်လုံး၊ 6H/--- ယာဉ်နံပါတ်ပါ TOYOTA WISH ANG ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်တစ်ခု၊ YGN-4K/--- ယာဉ်နံပါတ်ပါ နံပါတ်ပြား နှစ်ခု၊ MDY-9H/--- ယာဉ်နံပါတ်ပါ နံပါတ်ပြားနှစ်ခု၊ အသုံးမပြုရသေးသော အဖြူရောင်ကတ် ၂၁၀၀ ကတ်တို့အား သိမ်းဆည်းရမိသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်အတုပြုလုပ်သူ ဦးဇော်လင်းအောင်နှင့် ဦးထွန်းလှိုင်တို့ နှစ်ဦးကို ဇွန် ၃ ရက်က လှိုင်သာယာ မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ၂၀၁၈ ခုနှစ်၊ (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်


**နေပြည်တော် ဇွန် ၄**

၂၀၁၈ ခုနှစ်၊ (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ဇွန်လ ၂၀ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ ဇွန်လ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇွန်လ ၂၉ ရက်နေ့ ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဇွန်လ ၁၅ ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။ သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း -၀၆၇ ၄၁ ၂၁ ၂၅၊ ၄၁ ၂၁ ၂၆ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း- ၀၆၇ ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**




## ကျေးလက်စကားဝိုင်း ကျင်းပနိုင်ရေး ဆွေးနွေး

**ထားဝယ် ဇွန် ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့ကနိုင်းဒါကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျေးလက်စကားဝိုင်း (Public Talk )ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၃ ရက် နံနက် ၈ နာရီတွင် ကနိုင်းဒါကျေးရွာ ပညာပဒေသာစာကြည့်တိုက်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအားကျေးလက်စကားဝိုင်းများကို ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြားဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် စသည့် ကျေးလက်စကားဝိုင်း ( Public Talk ) ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဇွန် ၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တီးတိန်မြို့တွင် ၄ ဒသမ ၁၇ လက်မ ၊ ခန္တီးမြို့တွင် ၃ ဒသမ ၉၀ လက်မ ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကျောက်ထုမြို့တွင် ၃ ဒသမ ၁၈ လက်မ၊ ပင်လည်ဘူးမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ပေါက်မြို့တွင် ၂ ဒသမ ၄၀ လက်မနှင့် ကလေးမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ကလေးဒေသ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်ရေးဆွဲ ဆွေးနွေးညှိနှိုင်း

**ကလေး ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဒေသ၌ ယခုနှစ်မိုးတွင်းကာလတွင် ၂၀၁၅ ခုနှစ် မိုးတွင်းကာလကဲ့သို့ ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားမှုရှိလာပါက ပြည်သူများ ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းပါးအောင် ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ကလေးဒေသ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက် နံနက် ၁၁ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ယင်းအစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက ယခုနှစ်အတွက် ကလေးဒေသ ရေဝင်နိုင်သည့် အနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာများတွင် ယခင်နှစ်ကကဲ့သို့ ရေဘေးကယ်ဆယ်ရေးဇုန် ငါးခုကို ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများဖြင့် ကယ်ဆယ်ရေးစခန်း ၂၂ နေရာ သတ်မှတ်ကာ ပြန်လည်ဖွဲ့စည်းပြီးဖြစ်၍ ဇုန်တာဝန်ခံများကလည်း မိမိတို့ဇုန်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တိကျသေချာစွာ ဆောင်ရွက်ကြစေလိုကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ကော်မတီ ၁၀ ခု ဖွဲ့စည်းထားရှိကာ လုပ်ငန်းတာဝန်များ အသေးစိတ်ရေးဆွဲထားရှိကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် တာဝန်ချထားသော ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း မိမိကျရာလုပ်ငန်းများကို အဆင်သင့်အနေအထားဖြင့် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ မိမိတို့သည် ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အတွက် ကလေးဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်တက်တက်ကြွကြွ စိတ်ပါဝင်စားစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြပြီး ကြိုတင်ပြင်ဆင်ထားကြရန်နှင့် ပြည်သူများပါ ပူးပေါင်းပါဝင်လာအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များ ခွဲဝေချထားပေးသော်လည်း လိုအပ်လာပါက အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့် တက်ရောက်လာကြသော ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများကလည်း စီမံချက်ရေးဆွဲရာတွင် လိုအပ်မည့်အချက်အလက်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးတင်ပြကြသည်။

ကလေးဒေသ၌ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မိုးတွင်းကာလက ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် ကလေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏စနစ်တကျဦးဆောင်စီမံခန့်ခွဲမှုဖြင့် ရေဘေးကယ်ဆယ်ရေးဇုန် ငါးခုမှ တာဝန်ကျဌာနဆိုင်ရာများ၊ ရေဘေးအန္တရာယ်ကယ်ဆယ်ရေးစခန်း တာဝန်ကျဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများပါဝင်သည့် ရေဘေးကြိုတင်ကာကွယ်ရေးကော်မတီများ၊ ကလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO နှင့် CSO အဖွဲ့အစည်းများ ပူးပေါင်း၍ ဇုန်အလိုက်ခွဲကာ နေ့စဉ်စောင့်ကြည့်ခြင်း၊ နေ့စဉ်မြစ်သာမြစ်ရေနှင့် ချင်းတွင်းမြစ်ရေ တိုင်းထွာချက်များ၊ ရာဇဂြိုဟ်ရေလှောင်တမံ၊ မြစ်သာရေလှောင်တမံနှင့် မိုးလေဝသအခြေအနေတို့ကို သတင်းထုတ်ပြန်ပေးခြင်း၊ သဘာဝဘေး ရုတ်တရက်ကျရောက်လာပါက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းတွင် လူမှုရေးနှင့် ကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ရေဘေးသင့်ပြည်သူများအား ရေလွတ်ရာသို့ ချက်ချင်းရွှေ့ပြောင်းပေးနိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် စက်လှေများဖြင့် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့သည့်အပြင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုကို ကြိုတင်ကာကွယ်မှုအနေဖြင့် ကလေးမြို့နယ် ရေလဲဦးကျေးရွာနှင့် ဖောင်ကူးကျေးရွာတို့တွင် ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းတို့ကြောင့် ရေဘေးသင့်ပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

❄ *ကျောဖုံးမှ*

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ ရခိုင် Mountain Lion ပွဲမှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ရတနာပုံနှင့် စစ်ကိုင်း၊ ဟံသာဝတီနှင့် ဇွဲကပင်ပွဲအနိုင်ရသည့် အသင်းများမှာ ကွာတားဖိုင်နယ်တွင် တွေ့ဆုံနေသည်။

**သတင်း-ညီမြတ်သော်တာ**



**ဒုတိယအဆင့် စတင်ကစားရမည့် ရတနာပုံအသင်း။**

ဓာတ်ပုံ-စိုးညွန့်

✥ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အတိုင်းအတာတစ်ခုထိ အောင်မြင်မှုရရန် ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်ပြီး နည်းပြချုပ် အန်တွမ်နီဖောအနေဖြင့် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းနှင့် လေ့ကျင့်ပြင်ဆင်ပြီးမှသာ လက်ရွေးစင်အသင်းကို ကိုင်တွယ်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် အာရှနှင့် အာဆီယံအသင်းများအား ကမ်းလှမ်းမှုများ ပြုလုပ်ထားပြီး လက်ရှိတွင် ထိုင်းလက်ရွေးစင်အသင်းနှင့် အောက်တိုဘာတွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် အကြိုသဘောတူညီမှုရထားပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အိမ်ကွင်း၊ အဝေးကွင်းယှဉ်ပြိုင်ရမည် ဖြစ်သောကြောင့် ခြေစမ်းပွဲများကိုလည်း အိမ်ကွင်း၊ အဝေးကွင်း ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အသင်း ၁၀ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မလေးရှား၊ လာအိုတို့နှင့် တွေ့ဆုံမည့်ပွဲများကို အဝေးကွင်းတွင် ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့နှင့်ပွဲများကို အိမ်ကွင်းတွင် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် မေလတွင် အင်္ဂလန်ကလပ် လိဒ်ယူနိုက်တက်အသင်း၊ တရုတ်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ၊ဓာတ်ပုံ-စိုးညွန့်**

# လှိုင်ကော်၌ ယမ်းချောင်းများနှင့် ဒီတိုနေတာများ ဖမ်းဆီးရမိ

**လှိုင်ကော် ဇွန် ၄**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းကြည်၊ လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ဌေး၊ လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု စက်မှုဇုန်ရှိ ယာဉ်ကြီးရပ်နားစခန်း သိုလှောင်ရုံသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

အဆိုပါ သိုလှောင်ရုံ အခန်းအမှတ် ၉၊ ၁၀ အတွင်း၌ အရှည် ကိုးလက်မခန့်၊ လုံးပတ်သုံးလက်မခန့်ရှိ တရုတ်စာတန်းပါ ယမ်းဟု ယူဆရသော အိတ်တစ်အိတ်လျှင် ယမ်းချောင်း အချောင်း ၂၀ စီပါ အိတ်ခြောက်အိတ်စီ ထည့်ထားသော စက္ကူဖာ ၄၀ ဖာ စုစုပေါင်း ယမ်းချောင်း ၄၈၀၀ နှင့် အရှည် ၁၂ ပေခန့်ရှိ အဖြူရောင် စနက်တံကြိုးနှင့်တွဲလျက် အရှည် နှစ်လက်မခန့်ရှိ အနက်ရောင် ဒီတိုနေတာ ၁၀ ချောင်းအား တစ်ခွေခွေပြီး ၁၀ ခွေလျှင် အိတ်တစ်အိတ်အတွင်း ထည့်ထားသော ဒီတိုနေတာ အိတ်ပေါင်း ၄၀ စုစုပေါင်း အချောင်း ၄၀၀၀တို့အား တွေ့ရှိသဖြင့် အဆိုပါသိုလှောင်ရုံအား ငှားရမ်းအသုံးပြုသူ ဒေါ်မြမြစိမ်း(ခ)ဒေါ်အားတုံ (၄၃ နှစ်) လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်နေသူအား လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



ယမ်းချောင်းနှင့် ဒီတိုနေတာများကို တာဝန်ရှိသူများ စစ်ဆေးစဉ်။

# အရွယ်မရောက်သေးသူအား အဓမ္မကျင့်လွန်သတ်ဖြတ်မှုဖြင့် ဟင်္သာတခရိုင်တရားရုံးက သေဒဏ်ချမှတ်

**ပုသိမ် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် တရားရုံးတော်က မြန်အောင်မြို့နယ် လက်ပံကွင်း အ.ထ.ကမှ ပဉ္စမတန်းကျောင်းသူလေးအား သတ်ဖြတ်သူတရားခံကို မေလ ၃၁ ရက်တွင် ပြစ်မှုထင်ရှားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီခန့်က မြန်အောင်မြို့နယ် အင်ပင်နယ်မြေရဲစခန်းအပိုင် မျှင်ဝါးတောင်ကျေးရွာအုပ်စု ညောင်ခုံကျေးရွာနေ ပဉ္စမတန်းကျောင်းသူ မိန်းကလေးသည် လက်ပံကွင်း အ.ထ.ကမှ ညနေကျောင်းဆင်း၍ နေအိမ်သို့ ပြန်လာစဉ် ငါးဘတ်ချောင်းကျေးရွာနှင့် စာနီစုကျေးရွာ ချောင်းကူးအနီးလမ်းမပေါ်တွင် စက်ဘီးလဲကျနေပြီး အနီးရှိ စပါးခင်းထဲတွင် မှောက်လျက်အနေအထားဖြင့် မျက်နှာ၊ နှာခေါင်း၊ ပါးစပ်တို့တွင် ရွှံ့များ ဝင်နေကာ သတိလစ်နေသည်ကို ရွာသားသုံးဦးက မြင်တွေ့ခဲ့ကြောင်း၊ ထို့ကြောင့် ၎င်းမိန်းကလေးငယ်၏ အဒေါ်ဖြစ်သူ ဒေါ်အေးအေးခိုင်အား အကြောင်းကြားပြီး ဟင်္သာတဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားသဖြင့် အင်ပင်နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့ရာမှ စခန်းမှူး ရဲအုပ် ဟန်ဇော်ထွန်းက (ပ) ၁၃၂/ ၂၀၁၇ ပြစ်မှုပုဒ်မ /၃၀၂ အမှုဖွင့်လှစ်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူကို စုံစမ်းရှာဖွေခဲ့ရာ လေးရက်မြောက်နေ့တွင် တစ်ရွာတည်းနေ အုန်းဌေး (၃၇ နှစ်)ဖြစ်ကြောင်း၊ ဓမ္မတာဆန့်ကျင်စွာပြုလုပ်မှုဖြင့် သေဆုံးခြင်းကြောင့် ပြစ်မှုပုဒ်မ ၃၀၂/ ၃၇၇ ဖြင့် အမှုတည်ဆောက်ပြီး ဟင်္သာတခရိုင် တရားရုံးတော်၌ တရားစွဲဆိုခဲ့ရာမှ ၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် ခရိုင်တရားရုံးက ပြစ်မှုကျူးလွန်သူ အုန်းဌေး (၃၇ နှစ်)အား သေဒဏ်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ပေါင်းတည်၌ ရေကန်အတွင်း လူတစ်ဦး ရေနစ်သေဆုံး

**ပေါင်းတည် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် ယမန်နေ့ည ၁၀ နာရီခွဲခန့်က မင်းကွက် ၁ ရပ်ကွက် မြို့နယ်စည်ပင်သာယာဝင်းအတွင်းရှိ အများပြည်သူသုံး မြေသားရေကန်အတွင်း အမျိုးသားတစ်ဦး ရေနစ်သေဆုံးနေကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ပေါင်းတည်မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဝင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေက အဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မောင်သန်း (၄၆ နှစ်)စည်ပင်ဝင်း မင်းကွက် ၁ ရပ်ကွက် ပေါင်းတည်မြို့နေသူဖြစ်ကြောင်း သိရပြီး ၎င်းမှာ အရက်သေစာသောက်စားမူးယစ်ကာ အလျား ပေ ၃၆၀ အနံ ပေ ၁၀၀ အနက် ၅ ပေခန့်ရှိ စည်ပင်ဝင်း အများပြည်သူသုံး မြေသားရေကန်အတွင်းသို့ ဆင်း၍ ကန်စွန်းရွက်ခူးစဉ် ရေနစ်သေဆုံးနေကြောင်း ၎င်း၏ဇနီးဖြစ်သူ မြင့်မြင့်စန်း (၄၇ နှစ်က)တွေ့ရှိ၍ အနီးပတ်ဝန်းကျင်သို့ အကူအညီတောင်းကာ ကုန်းပေါ်သို့ သယ်ယူထားရာ မောင်သန်းမှာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရဘဲ သေဆုံးနေသည်ကိုတွေ့ရှိရကြောင်း၊ သေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

## မြန်မာ့ရုပ်မြင်သံကြား

၅ -၆- ၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | ဥပဒေရေးရာအဖြာဖြာ "၁၉၄၀ ပြည့်နှစ်၊ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှု စုံစမ်းရေး ကော်မတီ၏ အစီရင်ခံစာ အကြောင်း သိကောင်းစရာ"(အပိုင်း-၂) ဦးဟန်ညွန့်(ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတော်ပညာရှင်နှင့် နိုတြီပဗ္ဗလစ်) ဒါရိုက်တာ-ဝေဠု (ဝသန်) |
| ၉း၃၀ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၃၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၃) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | YTN(Science) "နှပ်ပျိုစွာအသက်ရှည်ခြင်း" |
| ၁၇း၂၀ | - | ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက်ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၅) |
| ၁၈း၃၅ | - | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ သရုပ်ဆောင်-ဖြိုးငွေစိုး၊ ဒါရိုက်တာ-ကြည်ဖြူသျှင် |
| ၁၈း၅၀ | - | "CHOICE"(အပိုင်း-၆၈) |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၄) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - | အနုပညာခန်းရိပ်သာ "သတင်းစာဆရာ၊ စာရေးဆရာ မောင်ဝံသ အကြောင်း တွေ့ဆုံမေးမြန်းခြင်း" |
| ၂၀း၃၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း"(အပိုင်း-၁၉) |

# မအူပင်မြို့၌ ခင်ပွန်းဖြစ်သူက ဇနီးနှင့် ယောက္ခမနှစ်ဦးအား ရက်စက်စွာသတ်ဖြတ်

**မအူ ဇွန် ၄**

တောင်ကုတ်မြို့နယ် မအီမြို့ အမှတ် ၂ ရပ်ကွက်တွင် ဇွန် ၄ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် ခင်ပွန်းဖြစ်သူက ဇနီးနှင့် ယောက္ခမနှစ်ဦးတို့အား ရက်စက်စွာ သတ်ဖြတ်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မအီမြို့ အမှတ် ၁ ရပ်ကွက်နေ ခင်မောင်လင်း(ခ)ဖိုးမြန် (၂၄ နှစ်)သည် အမှတ် ၂ ရပ်ကွက်တွင် နေထိုင်သည့် ယောက္ခမဖြစ်သူနှစ်ဦးအား ညအိပ်နေစဉ် ဓားဖြင့်ခုတ်သတ်ကာ ဇနီးဖြစ်သူ မဝင်းဝင်းမော်အား ဟွန်ဒါစက်လှေဖြင့် ခေါ်ဆောင်၍ လမ်းတွင် ဓားဖြင့် ထပ်မံခုတ်သတ်ကာ မအီချောင်းထဲသို့ ပစ်ချခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ဦးရွှေအေးမောင်နှင့် ဒေါ်မခင်သန်းတို့မှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး မဝင်းဝင်းမော်၏ အလောင်းအား သဒ္ဒန်ကျေးရွာအုပ်စု မအီချောင်း ကုပ္ပေချောင်းဝတွင် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်၌ သေဆုံးလျက် တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အမှုစစ်အရာရှိ မအီနယ်မြေစခန်းမှူး ရဲအုပ်ဝင်းနိုင်က အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ဌေး (ပြန်/ဆက်)**

# ဝိုင်းမော်မြို့၌ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် ည ၁၀ နာရီက ဝိုင်းမော်မြို့ အမှတ် ၁ ရပ်ကွက် ဝိုင်းမော်-ဝါရှောင် သွားကားလမ်း ရှုရီဗိုင်ဝါးစားသောက်ဆိုင်အနီး၌ မဘောက်ဆိုင်းနှင့် မထုတို့အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိရ၍ ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၀(ဘိန်းဖြူအလေးချိန် ၂၀၀ ဂရမ်) နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၁၀ နာရီခွဲက ဝိုင်းမော်မြို့ အမှတ် ၂ ရပ်ကွက် ခါတန်ရပ်နေ အိုက်တွမ့်အား နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် မဘောက်ဆိုင်း (၅၀ နှစ်)၊ မထု(၃၅ နှစ်)နှင့် အိုက်တွမ့် (၄၅ နှစ်)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ကျိုင်းတုံ၌ နွားများခိုးယူဆောင်သူအား အရေးယူ

**နေပြည်တော် ဇွန် ၄**

ကျိုင်းတုံမြို့နယ် နောင်ဟွိုင်ကျေးရွာနေ ဦးအာဒို(၆၅ နှစ်)သည် မေ ၁၅ ရက်က ကျေးရွာတောစပ်အနီး၌ ၎င်းပိုင် နွားအကောင် ၃၀ အား ထိန်းကျောင်းနေစဉ် အားဂျာ (စိစစ်ဆဲ)ပါ အမျိုးသားသုံးဦးက ခိုးခြောက်၍ နွားအကောင် ၃၀ အား ယူဆောင်သွားပြီး တစ်ကောင်လျှင် ငွေကျပ် ငါးသိန်းဖြင့် မိုင်းလားမြို့သို့ သွားရောက်ရောင်းချခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇွန် ၃ ရက်တွင် ဦးအာဒိုက အားဂျာပါ အမျိုးသားသုံးဦးအား ကျိုင်းတုံမြို့မရဲစခန်း၌ တိုင်ကြားခဲ့ရာ ကျိုင်းတုံမြို့ ရပ်ကွက် ၃ နေ အားဂျေ (၂၅ နှစ်) အား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး အားဂျာပါနှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# လင်မယားချင်းစကားများရာမှ ဖျန်ဖြေသူဓားထိုးခံရ သေဆုံး

**နေပြည်တော် ဇွန် ၄**

ရွှေကူမြို့နယ် တူချောင်းကျေးရွာနေ ဆန်းဝင်းထွန်း(ခ)စန်းလင်းထွန်း(၂၇နှစ်)သည် ဇွန် ၂ ရက် ည ၉ နာရီ ၅ မိနစ်က ဇနီးဖြစ်သူ မခင်နှင်းရွှေ(၃၀ နှစ်)နှင့် စကားများရန်ဖြစ်ပြီး နှစ်နှစ်အရွယ် သမီးဖြစ်သူအား ဆွဲခေါ်၍ နေအိမ်မှ ထွက်သွားမည်ပြုစဉ် ယောက္ခမ ဖြစ်သူ ဒေါ်သန်းသန်းမြင့်နှင့် ခယ်မဖြစ်သူ မခင်နှင်းဝေတို့က တားမြစ်ခဲ့သည်။

ယင်းသို့ တားမြစ်မှုကို ဆန်းဝင်းထွန်း(ခ)စန်းလင်းထွန်း က အသင့်ပါလာသော အရိုးအသွား ခြောက်လက်မခန့်ရှိ ဓားမြှောင်ဖြင့် ထိုးကာ ထွက်ပြေးသွားသောကြောင့် ဒေါ်သန်းသန်းမြင့်တွင် ဝဲရင်အုံထိုးသွင်းဒဏ်ရာတစ်ချက်ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး မခင်နှင်းဝေတွင် ဝဲရင်အုံ ထိုးသွင်းဒဏ်ရာ တစ်ချက်(စိုးရိမ်ရ)ရရှိခဲ့သဖြင့် အရေးယူပေးပါရန် တိုင်တန်းခဲ့သဖြင့် ဆန်းဝင်းထွန်း(ခ)စန်းလင်းထွန်းအား ရွှေကူမြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့က ကန့်သတ်ကုန်ပစ္စည်း ကွမ်းစားဆေးများ ဖမ်းမိ

**နေပြည်တော် ဇွန် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၉ စီး၊ သွင်းကုန် ၉၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၇၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၆၆၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀ ဒသမ ၇၇၆ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁ ဒသမ ၄၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရော်ဘာသစ်တုံး(အစို)များ တင်ဆောင်ထားသည့် ဟီးနိုးရိန်းဂျား ခြောက်ဘီးယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Parijat Tobacco (ကွမ်းစားဆေး) (၁×၁၀×၃၀) အိတ် ၃၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၀၀ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကုန်သွယ်ရေးအငြင်းပွားမှုသည် အမေရိကန်၏ စီးပွားရေးကို ထိခိုက်စေကြောင်း သမ္မတ၏ စီးပွားရေးအကြံပေးပြောကြား

**ဝါရှင်တန် ဇွန် ၄**
အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏မဟာမိတ်များအကြား ဖြစ်ပွားနေသော ကုန်သွယ်ရေး အငြင်းပွားမှုများသည် ဖွံ့ဖြိုးနေသော အမေရိကန်စီးပွားရေးကို ထိခိုက်နိုင်ကြောင်း၊ သို့သော်လည်း အကြီးအကျယ်ထိခိုက်မှုဖြစ်ပွားမည်ဆိုသော ဝေဖန်မှုများနှင့်ပတ်သက်ပြီး ထင်သလောက်ဖြစ်လာမည် မဟုတ်ကြောင်း အမေရိကန် သမ္မတဒေါ်နယ်ထရန့်၏ ထိပ်တန်း စီးပွားရေး အကြံပေးက မကြာသေးမီတွင် ပြောခဲ့သည်။

ဂျီ-၇အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေး ဝန်ကြီးများက စတီးနှင့် အလူမီနီယမ်အပေါ် အမေရိကန်ပြည်ထောင်စု၏ အခွန်အကောက်များနှင့်ပတ်သက်ပြီး မကျေမနပ်ဖြစ်ကြောင်းဖော်ပြခဲ့ပြီး အမေရိကန်အား လမ်းကြောင်းပြောင်းရန် တိုက်တွန်းခဲ့သည်။

အမေရိကန်က အကောက်ခွန်တင်းကျပ်လိုက်သည့်အပေါ် အမျိုးသား လုံခြုံရေးအတွက်ဟုဆိုကာ အကြောင်းပြနေခြင်းက ကနေဒါ ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုကို စိတ်ဆိုးစေခဲ့သည်။ ထို့ကြောင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုက အဆိုပါကိစ္စသည် စော်ကားခြင်းဖြစ်ကြောင်းနှင့် လုံးဝလက်မခံနိုင်ကြောင်း ပြောခဲ့သည်။

အဆိုပါကိစ္စသည် အာဇာနည်တောင်ကုန်း တောင်တန်းများပေါ်တွင် တိုက်ခိုက်ခဲ့ကြပြီး အတူတကွ သေပွဲဝင်ခဲ့ကြသော မိမိတို့၏ ရဲဘော်ရဲဘက်များကိုလည်း စော်ကားခြင်းဖြစ်ကြောင်း ၎င်းက သတင်းသမားများနှင့် တွေ့ဆုံမှုတွင် ပြောကြားခဲ့သည်။

ကုန်သွယ်ရေးအငြင်းပွားမှုများက အမေရိကန်စီးပွားရေးကို ထိခိုက်စေသည့်အချက်မှာ မှန်ကန်ကြောင်း၊ ကြီးပွားတိုးတက်မှုများမြင့်တက်လာပြီး အလုပ်လက်မဲ့နှုန်းများလာကြောင်း ကက်လိုးက ပြောခဲ့သည်။

ထရန့်၏လုပ်ဆောင်ချက်များသည် ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ပြုပြင်ရန်အတွက်ဖြစ်ကြောင်း၊ ထရန့်ကို အပြစ်မတင်ပါနှင့် တရုတ်ကို အပြစ်တင်၊ ဥရောပကို အပြစ်တင်၊ နာ့ဖ်တာကို အပြစ်တင်၊ သို့မဟုတ်ပါက အပြန်အလှန်ကုန်သွယ်မှုကို မလိုလားတဲ့သူကို အပြစ်တင်ဟု ၎င်းက ဆက်လက်ပြောခဲ့သည်။

ထရန့် အနေဖြင့် နှစ်ပေါင်းများစွာ ကုန်သွယ်မှုအလွဲသုံးစားပြုနေမှုများကို ဖြေရှင်းနေခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောခဲ့သည်။



အမေရိကန်အကောက်အခွန်များသည် အမေရိကန် ကုမ္ပဏီများနှင့် စားသုံးသူများကို ကနဦးထိခိုက်စေမည် ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ်တီလာဖရီး လန့်ဒ်က ပြောခဲ့သည်။ **အေအက်ဖ်ပီ**

# ဂွါတီမာလာမီးတောင်ပေါက်ကွဲရာ လူ ၂၅ ဦးထက်မနည်းသေဆုံး

**ဂွါတီမာလာစီးတီး ဇွန် ၄**
ဂွါတီမာလာနိုင်ငံမြို့တော် အနီးရှိ မီးတောင်ရှင်တစ်ခုသည် ပြင်းထန်စွာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လူ ၂၅ ဦး ထက်မနည်းသေဆုံးခဲ့ပြီး အခြားလူ ၂၉၆ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မီးတောင်သည် ယခုနှစ်အတွင်း ဒုတိယအကြိမ်ပေါက်ကွဲခြင်းဖြစ်ကြောင်း အာဏာပိုင်များက မကြာသေးမီတွင် ပြောခဲ့သည်။ ဖူဂိုမီးတောင်သည် ဒေသစံတော်ချိန်မွန်းတည့် ၁၂ နာရီခန့်က ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး မီးတောင်ပေါက်ကွဲပြီးနောက် ချော်ရည်များ ဘေးပတ်ဝန်းကျင်သို့ စီးကျခဲ့သည်။



ဂွါတီမာလာနိုင်ငံ သဘာဝဘေးအန္တရာယ်လျှော့ချရေး အမျိုးသားညှိနှိုင်းဆောင်ရွက်ရေးဌာနက ထုတ်ပြန်ခဲ့သည့် ကနဦးသတင်းများအရမီးတောင်ရှင်ပေါက်ကွဲခြင်းသည် မကြာသေးမီနှစ်များအတွင်း အပြင်းထန်ဆုံးပေါက်ကွဲမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ မီးတောင်ပေါက်ကွဲမှုသည် ပြည်သူပေါင်း ၁ ဒသမ ၇သန်းအပေါ် သက်ရောက်မှုများရှိခဲ့ပြီး လူပေါင်း ၃၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။ ဖူဂိုမီးတောင်သည် ဂွါတီမာလာစီးတီးမှ အနောက်ဘက် ၅၀ ကီလိုမီတာအကွာတွင် တည်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတကာအာကာသစခန်း၌ တာဝန်များပြီးဆုံးခဲ့သော ဂျပန်အာကာသယာဉ်မှူးနှင့်အဖွဲ့ ကမ္ဘာပေါ်သို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိ

**တိုကျို ဇွန် ၄**
နိုင်ငံတကာအာကာသစခန်း၌ တာဝန်ဝတ္တရားများပြီးဆုံးခဲ့သော ဂျပန်အာကာသယာဉ်မှူးနောရီရှိဂဲကာနိုင်သည် အဖွဲ့ဝင်နှစ်ဦးနှင့်အတူ ကမ္ဘာပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဇွန် ၄ ရက်ကဖော်ပြခဲ့သည်။

လူသုံးဦးကို သယ်ဆောင်လာသည့် ရုရှားဆိုယုဇ်အာကာသယာဉ်သည် ကာဇက်စတန်မြေပြန့်လွင်ပြင်သို့ ဂျပန်စံတော်ချိန် တနင်္ဂနွေနေ့ ည ၉ နာရီ ၄၀ မိနစ်ခန့်က ဆင်းသက်လာခဲ့ကြောင်း သိရသည်။ အခြားအာကာသစခန်းသို့လိုက်ပါလာသူများမှာ အမေရိကန်တစ်ဦးနှင့် ရုရှားတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ကာနိုင်သည် ယခင်က ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့တွင် ဆေးဘက်ဆိုင်ရာအရာရှိတစ်ဦးဖြစ်ခဲ့သည်။ ၎င်း၏ခြောက်လတာတာဝန်ထမ်းဆောင်နေစဉ်အတွင်း မြောက်မြားစွာသော သိပ္ပံလက်တွေ့စမ်းသပ်မှုများကို လုပ်ဆောင်ခဲ့ပြီးနောက် နိုင်ငံတကာအာကာသအေဂျင်စီစခန်းအပြင်ဘက်တွင်လည်း လမ်းလျှောက်ခဲ့သေးကြောင်း သိရသည်။

ဆိုယုဇ်အာကာသယာဉ်သည် အပြည်ပြည်ဆိုင်ရာအာကာသစခန်းမှ ညနေ ၆ နာရီတွင် ပြန်လည်ထွက်ခွာခဲ့ပြီး ကမ္ဘာ့ပတ်လမ်းသို့ ဝင်ရောက်ခဲ့ပြီးနောက် အာရှအလယ်ပိုင်းသို့ ဆင်းသက်ခဲ့သည်။

အာကာသယာဉ် ဆင်းသက်ပြီးနောက် ကာနိုင်ကို အပြင်ဘက်သို့ ခဲရာခဲဆစ် ပွေ့ထုတ်ခဲ့ရပြီးနောက် ၎င်းက လူများကို လက်ဝှေ့ယမ်းနှုတ်ဆက်ကာ ပြုံးပြခဲ့ကြောင်း သိရသည်။ ဂျာဇာဂျပန်အာကာသအေဂျင်စီက ၎င်းမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း ပြောခဲ့သည်။ ၎င်းသည် ဂျပန်နိုင်ငံသို့ ဇွန်လအလယ်လောက်တွင် ပြန်လည်ရောက်ရှိမည်ဟု ခန့်မှန်းသည်။ **အင်န်အိတ်ချ်ကေ**



# ဘဏ်စားပြမှုနှင့်ဆက်စပ်၍ နိုင်ဂျီးရီးယားအထက်လွှတ်တော် ဥက္ကဋ္ဌကို ရဲတပ်ဖွဲ့ကစစ်ဆေး



**လာဂိုစ် ဇွန် ၄**
နိုင်ဂျီးရီးယားနိုင်ငံရှိ လူဆိုးဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင်များက အထက်လွှတ်တော်ဥက္ကဋ္ဌသည် လူ ၃၃ဦးသေဆုံး ခဲ့သော ဘဏ်ဓားပြတိုက်မှုတွင် ပါဝင် ပြီစွန်းနေသည်ဟု ပြောကြားခဲ့ပြီးနောက် နိုင်ဂျီးရီးယားရဲအရာရှိက အထက်လွှတ်တော်ဥက္ကဋ္ဌကို စစ်ဆေးမေးမြန်းရန် ဇွန် ၃ ရက်က ဆင့်ခေါ်ခဲ့ကြောင်း သိရသည်။

နိုင်ဂျီးရီးယားအထက်လွှတ်တော် ဥက္ကဋ္ဌ ဘူကိုလာဆာရာကီသည် နိုင်ငံအတွင်း တတိယအင်အားအကြီးဆုံး နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ကာဝါရာ ပြည်နယ်မြို့တော်ဝန်အဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုဓားပြတိုက်မှုသည် ကာဝါရာ ပြည်နယ် မြို့တော်အော့ဖာ၌ နေ့လယ်ခင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဂျီမိုမို့စ်ဟွတ်က အော့ဖာဘဏ်ခြောက်ခုကို ဓားပြတိုက်မှုဖြင့် သံသယရှိသူ ၂၂ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ ၎င်းတို့ထဲတွင် အထက်လွှတ်တော်ဥက္ကဋ္ဌလည်း ပါဝင်သည်ဟု စွပ်စွဲပြောကြားထားသော ရာဇဝတ်ကွင်းဆက်ခေါင်းဆောင်ငါးဦးလည်းပါဝင်ကြောင်း သိရသည်။

အထက်လွှတ်တော်ဥက္ကဋ္ဌကို နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က လူဆိုးဂိုဏ်းခေါင်းဆောင်ငါးဦး၏ ဖြောင့်ချက်နှင့် ၎င်းအပေါ်စွပ်စွဲမှုများနှင့်ပတ်သက်ပြီး မေးမြန်းသည်များကို ဖြေကြားရန် ဆင့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့သည်။

လူဆိုးဂိုဏ်းခေါင်းဆောင်များက လူငယ်လွတ်မြောက်ရေးလှုပ်ရှားမှုဟူသော ခေါင်းစဉ်အောက်တွင် နိုင်ငံရေးလူရမ်းကားအသွင်ဆောင်ကာ ဆာရာကီအတွက် အလုပ်လုပ်ပေးနေခြင်းဖြစ် ကြောင်း ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ထို့အတူ အထက်လွှတ်တော်ဥက္ကဋ္ဌ ဘူကိုလာဆာရာကီနှင့် ခဝါရာမြို့တော်ဝန် အာဟာဂျီအဘူဒါဖာတာ့အာမက်က လက်နက်များ၊ ငွေကြေးများနှင့် စစ်ဆင်ရေးသုံးယာဉ်များလည်း ထောက်ပံ့ပေးထားကြောင်း ၎င်းတို့က ဝန်ခံခဲ့သည်။

ဘဏ်ဓားပြတိုက်ရာတွင် အသုံးပြုသည့် အထက်လွှတ်တော်ဥက္ကဋ္ဌပိုင်ဆိုင်ဟန်ရှိသော လက်ဇက်ဂျစ်ယာဉ်ကိုလည်း ခြေရာခံခဲ့ရာ ခါဝါရာပြည်နယ် အီရောရင် အစိုးရရုံးမှ ယာဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်းပြီး မြို့တော်ဝန်၏လက်ထောက်နှစ်ဦးကိုလည်း ဖမ်းဆီးထားကြောင်း ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကဘူးလ်အသေခံ ဗုံးဖောက်ခွဲမှု လေးဦးထက်မနည်းသေဆုံး

ကဘူးလ် ဇွန် ၄

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်ရှိ ထိပ်တန်း ဘာသာရေးခေါင်းဆောင်တစ်ဦး အနီးတွင် လူများဝိုင်းအုံနေစဉ် အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးဖောက်ခွဲခဲ့ရာ လူလေးဦးထက် မနည်းသေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ဇွန် ၄ ရက်တွင် ပြောခဲ့သည်။

အသေခံဗုံးခွဲ တိုက်ခိုက်မှုသည် ညှိသည်များနားနေခန်းမှ ထွက်ခွာချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဟာ့ရှ်မတ်စတန်နီကာဇိုင်းက ပြည်တွင်းရုပ်သံလိုင်းတစ်ခုဖြစ်သော တိုလို သတင်းသို့ ပြောခဲ့သည်။

အဆိုပါအသေခံဗုံးဖောက်ခွဲမှုတွင် လူလေးဦးထက်မနည်း သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကဘူးလ်ရဲချုပ် ဒါဝု ဒ်အာမင်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**

### ဟားမားစ် အဖွဲ့ဘက်ကို လက်စားချေသည့်အနေဖြင့် အစ္စရေး ပြန်လည်တိုက်ခိုက်

ဂျေရုဆလင် ဇွန် ၄

အစ္စရေးနှင့် ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွတို့အကြား အခြေအနေတင်းမာနေချိန် အစ္စရေးလေတပ်က တနင်္ဂနွေနေ့တွင် ဂါဇာကမ်းမြောင်ဒေသ၌ လေကြောင်းမှ ပစ်ခတ်မှုသုံးကြိမ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့မှုအတွက် ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးဘက်မှတိုက်လေယာဉ်များဖြင့် နေရာ ၁၅ နေရာကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အစ္စရေးဘက်မှ တိုက်ခိုက်ရာတွင် လက်နက်နှင့် ဒုံးကျည်သိုလှောင်ထိန်းသိမ်းထားသောနေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ၎င်းက ဆက်လက် ပြောပြသည်။

စနေနေ့ ညမှစ၍ အစ္စရေးလေတပ်နှင့် ဟားမားစ်အဖွဲ့တို့သည်တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများစတင်ခဲ့ရာလွန်ခဲ့သောသီတင်းပတ်ကနှစ်ဖက်သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားမည်ကို စိုးရိမ်နေရသည်။

အစ္စရေးနယ်စပ်တွင် ပါလက်စတိုင်းတို့ အကြီးအကျယ်ဆန္ဒပြပွဲများပြုလုပ်ခဲ့စဉ်ကစ၍ ယနေ့အချိန်ထိ လူပေါင်း ၁၂၂ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

အမေရိကန်သံရုံး ဂျေရုဆလင်မြို့သို့ ပြောင်းလဲဖွင့်လှစ်လိုက်သည့်အခါ ပါလက်စတိုင်းတို့ဘက်မှ ဆန္ဒပြမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး ဆန္ဒပြသူအများစုမှာ အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

# ရွှေ့ပြောင်းဒုက္ခသည်တွေဝင်ရောက်မှုအပေါ် တင်းကျပ်ဖို့ အီတလီ စတင်ပြင်ဆင်

**ခြူးစန္ဒီနွေး**

ရွေးကောက်ပွဲကျင်းပပြီးတာတောင် အစိုးရအဖွဲ့ ဖွဲ့ဖို့ အချိန်အတော်ကြာယူခဲ့ရတဲ့ အီတလီနိုင်ငံဟာ အခုတော့ ပိုင်နိုင်တဲ့ဆုံးဖြတ်ချက်တွေ၊ တိကျတဲ့ ညှိနှိုင်းမှုတွေနဲ့အတူ အစိုးရအဖွဲ့ဖွဲ့လိုက်နိုင်ပါပြီ။ ညွန့်ပေါင်းအစိုးရ အဖွဲ့ကို အောင်အောင်မြင်မြင်နဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ဝန်ကြီးချုပ်ကတော့ ကြယ်ငါးပွင့် လှုပ်ရှားမှုပါတီက အမည်စာရင်းတင်သွင်းထားတဲ့ မစ္စတာ ဂူဆက်ပီကွန်တီဖြစ်လာခဲ့ပါတယ်။

**အစိုးရအဖွဲ့ဖွဲ့နိုင်**

ကြယ်ငါးပွင့် ပါတီနဲ့အတူ ပူးပေါင်းပြီး ညွန့်ပေါင်း အစိုးရဖွဲ့ဖို့သဘောတူခဲ့တဲ့ လိဂ်ပါတီခေါင်းဆောင် မက်တီရိုဆယ်ဗီနီကတော့ ပြည်ထဲရေးဝန်ကြီး ဖြစ်လာခဲ့ပါတယ်။ ကွီရီနယ်လ်နန်းတော်မှာဝန်ကြီး ၁၈ယောက်ဟာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြပါတယ်။ ဒါဟာ မတ်လ ရွေးကောက်ပွဲအပြီး ၈၈ ရက်အကြာမှာ အစိုးရအဖွဲ့ဖွဲ့နိုင်ခဲ့တာလည်း ဖြစ်တယ်။

ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီရောနော့သမ်လိဂ်ပါတီရောဟာ ပါလီမန်ကို အဓိကထိန်းချုပ်နိုင်ဖို့ အင်အားရှိကြတဲ့ ပါတီတွေပဲဖြစ်တယ်။ အီတလီ တောင်ပိုင်းကို ကိုယ်စားပြုတဲ့ ကြယ်ငါးပွင့်ပါတီနဲ့ အီတလီမြောက်ပိုင်းက အစပြုပေါ်ပေါက်လာတဲ့ နော့သမ်လိဂ်ပါတီတို့ဟာ ညွန့်ပေါင်းဖွဲ့ထားပေမယ့် တစ်ဖွဲ့နဲ့တစ်ဖွဲ့ လိုအပ်ချက်တွေ၊ လိုလားချက်တွေကတော့ တခြားစီပါပဲ။

**ကတိတွေအတိုင်း ဖော်ဆောင်**

ဒါကြောင့်လည်း နိုင်ငံရေးသုတေသီတွေက ဒီအစိုးရအဖွဲ့ဟာ ရေရှည်မှာ တည်တံ့ပါ့မလားလို့ မေးခွန်းထုတ်နေကြပါတယ်။ ဒါပေမယ့်လည်း ဒီပါတီနှစ်ခုအကြား တူညီတာတစ်ခုကတော့ ရွေးကောက်ပွဲကာလတုန်းက ပြည်သူတွေကို ပေးခဲ့တဲ့ကတိတွေနဲ့ ဦးစားပေးဆောင်ရွက်ရမယ့် ကိစ္စတွေကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်ပေးချင်တဲ့ ဆန္ဒကတော့ အတူတူပါပဲ။

**စိတ်ပူပန်မှုတွေဖြစ်စေခဲ့**

ကာလရှည်ကြာခဲ့တဲ့ ရွေးကောက်ပွဲအတွင်းမှာ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီနဲ့ မိတ်ဖက်ဖြစ်လာခဲ့တဲ့ လိဂ်ပါတီဟာ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူတွေနဲ့ ပတ်သက်လို့ ဥရောပသမဂ္ဂအပေါ်မှာ မကျေမလည်ဖြစ်ခဲ့တာတွေ အများကြီးပါ။ အခုတော့ ဥရောပသမဂ္ဂအဖွဲ့ကို အမြင်မကြည်တဲ့ ပါတီနှစ်ခုစလုံးက နိုင်ငံကိုဦးဆောင်ဖို့အကြောင်းဖန်လာတဲ့အခါ ဘာတွေဆက်ဖြစ်လာမှာလဲ။ အီတလီမှာယူရိုငွေကြေးအသုံးပြုမှုအတွက် စောဒကတက်နေကြတဲ့ ပါတီတွေကအနိုင်ရလာတဲ့အခါ ဥရောပသမဂ္ဂခေါင်းဆောင်တွေကို ပိုပြီးစိတ်ပူပန်မှုဖြစ်စေခဲ့ပါတယ်။

**ပြန်လည်ညှိနှိုင်းဖွယ်ရှိ**

အခုလက်ရှိဖွဲ့ထားတဲ့ ညွန့်ပေါင်းအစိုးရဟာ အီတလီနဲ့ဥရောပသမဂ္ဂအဖွဲ့ကြား ဆက်ဆံရေးကို ပြန်လည်ညှိနှိုင်းဖွယ်ရှိပြီး တရားမဝင်ရွှေ့ပြောင်းနေထိုင်သူတွေကိုလည်း ဖယ်ရှားပစ်ဖို့ အလားအလာများပါတယ်။ ဒီလိုမျိုးထင်မြင်ယူဆနေတုန်းမှာပဲ အီတလီရဲ့ ပြည်ထဲရေးဝန်ကြီး ဖြစ်လာခဲ့တဲ့ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီခေါင်းဆောင် မက်တီရိုဆယ်ဗီနီဟာ စစ္စလီ ကျွန်းကို သွားရောက်ခဲ့ပါတယ်။




အီတလီနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးသစ် မက်တီရိုဆယ်ဗီနီ စစ္စလီ ကျွန်းပေါ်၌ တနင်္ဂနွေနေ့က ပြုလုပ်သော လူထုထောက်ခံပွဲတွင် တွေ့ရစဉ်။

**သဘောထားတင်းမာသူ**

"ဒီကျွန်းဟာ ဥရောပက ဖွင့်လှစ်ထားတဲ့ ဒုက္ခသည်စခန်းအဖြစ် တည်ရှိနေတာကို ရပ်တန့်ပစ်ဖို့ အချိန်တန်ပြီ" လို့ ပြောလိုက်ပါတယ်။ လက်ယာစွန်းရောက်ပါတီတစ်ခုဖြစ်တဲ့ လိဂ်ပါတီဟာ ရွှေ့ပြောင်းနေထိုင်သူတွေအရေးနဲ့ ပတ်သက်လို့ကတော့ သဘောထားအင်မတန်မှ တင်းမာပါတယ်။ ပြည်ထဲရေးဝန်ကြီးက နယ်နှင်ဒဏ်ပေးတာတွေကို တိုးမြှင့်လုပ်ဆောင်သွားမယ်။ နောက်ထပ်အသစ်ရောက်လာမယ့် ရွှေ့ပြောင်းဒုက္ခသည်တွေကို လက်ခံဖို့ကိုလည်း ကန့်သတ်လိုက်မယ်လို့ ပြောပါတယ်။ ဒါပေမယ့်လည်း ဝေဖန်သူတွေကတော့ ပြည်ထဲရေးဝန်ကြီးမစ္စတာ ဆယ်ဗီနီရဲ့အစီအစဉ်ဟာ ဖြစ်နိုင်ပါ့မလားလို့ သံသယဝင်နေကြပါတယ်။

**အဓိကလမ်းကြောင်း**

အီတလီနိုင်ငံဟာ မြောက်အာဖရိကကနေ ဥရောပကိုဝင်ရောက်ဖို့ ကြိုးစားကြတဲ့ ဒုက္ခသည်တွေအတွက် အဓိကလမ်းကြောင်းသဖွယ် ဖြစ်နေပါတယ်။ မကြာသေးခင်လပိုင်းအတွင်းကတော့ အီတလီကို ဝင်ရောက်လာတဲ့ဒုက္ခသည်အရေအတွက်ဟာ ကျဆင်းသွားပါတယ်။ စစ္စလီယံကျွန်းမှာ ရောက်ရှိနေစဉ်အတွင်း ပြည်ထဲရေးဝန်ကြီးက ဒီကျွန်းဟာ ဒုက္ခသည်တွေကို ဒီထက်ပိုပြီးလက်ခံတော့မှာ မဟုတ်ဘူး။ ဒုက္ခသည်တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ အခြေချနေတာကို

> **"ဒုက္ခသည်တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့အခြေချနေတာကိုလည်း လက်ပိုက်ပြီးကြည့်မနေနိုင်တော့ဘူး။ သူတို့ကို နေရပ်ပြန်ပို့ဖို့ စင်တာတွေဆောက်လုပ်ဖို့ အချိန်တန်ပြီလို့ပြောခဲ့ပါတယ်။ ဒါ့အပြင် ဒီဒုက္ခသည်တွေရဲ့ အသက်ကို ကယ်တင်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ မြေထဲပင်လယ်ကို ဖြတ်ကျော်ဖို့ လှေပေါ်ကို မတက်တာဟာ အကောင်းဆုံးဖြေရှင်းတဲ့ နည်းလမ်းပဲလို့ဆို"**

လည်းလက်ပိုက်ပြီး ကြည့်မနေနိုင်တော့ဘူး။ သူတို့ကို နေရပ်ပြန်ပို့ဖို့ စင်တာတွေဆောက်လုပ်ဖို့အချိန်တန်ပြီလို့ပြောခဲ့ပါတယ်။ ဒါ့အပြင် ဒီဒုက္ခသည်တွေရဲ့ အသက်ကို ကယ်တင်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ မြေထဲပင်လယ်ကို ဖြတ်ကျော်ဖို့ လှေပေါ်ကို မတက်တာဟာ အကောင်းဆုံးဖြေရှင်းတဲ့ နည်းလမ်းပဲလို့ ဆိုလိုက်ပါတယ်။

**အထင်မှားနေကြ**

ဒုက္ခသည် ထောင်ပေါင်းများစွာတို့ဟာ စစ္စလီကျွန်းကိုသူတို့အတွက်အလုပ်အကိုင်တွေအများကြီးဖန်တီးပေးနိုင်တဲ့ နေရာလို့ အထင်မှားနေကြပါတယ်။ အမှန်တော့အီတလီလူမျိုးတွေအတွက်တောင် အိမ်နေရာနဲ့အလုပ်အကိုင်က အပြည့်အဝမရှိပါဘူးလို့သူက ဆက်ပြောခဲ့ပါတယ်။

အဲဒီနောက်မှာတော့ မစ္စတာ ဆယ်ဗီနီက စာပို့ဇိုဇာလို ဆိပ်ကမ်းကို သွားရောက်ခဲ့တယ်။ အဲဒီဆိပ်ကမ်းဟာ မကြာသေးခင်ကမှ ရွှေ့ပြောင်းဒုက္ခသည် ၁၅၀ ခန့်ကို သယ်ဆောင်လာတဲ့လှေ ဆိုက်ကပ်ထားတဲ့ ဆိပ်ကမ်းလည်းဖြစ်တယ်။ လူပေါင်း ၁၅၀ လောက်တင်ဆောင်လာတဲ့ အဲဒီလှေဟာ ပင်လယ်အတွင်း ဒုက္ခကြုံနေလို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့က ကယ်တင်ပြီး ဒီဆိပ်ကမ်းကို ခေါ်လာခဲ့တာပါ။ အီတလီမြောက်ပိုင်းမှာ စနေနေ့က ပြုလုပ်ခဲ့တဲ့ လူထုထောက်ခံပွဲမှာတော့ မစ္စတာ ဆယ်ဗီနီက တရားမဝင်ရွှေ့ပြောင်းသွားလာနေထိုင်သူတွေ အထုပ်ပြင်ရမယ့် အချိန်ရောက်ပြီလို့ ကြွေးကြော်ခဲ့ပါတယ်။

**ပူးပေါင်းသဘောတူညီမှုတစ်ခု**

လိဂ်ပါတီနဲ့ ကြယ်ငါးပွင့် လှုပ်ရှားမှုပါတီတို့ ပူးပေါင်းသဘောတူထားတဲ့ သဘောတူညီမှုတစ်ခုကတော့ ဒုက္ခသည်အရေးနဲ့ ပတ်သက်ပြီး ဥရောပသမဂ္ဂအဖွဲ့ကြီးဆီက အကူအညီတွေ ပိုမိုပြီးတောင်းခံဖို့ပါပဲ။ အထောက်အထားမပြည့်စုံတဲ့ ရွှေ့ပြောင်းအခြေချသူ ထက်ဝက်ခန့်ဟာ အီတလီနိုင်ငံကနေ နှင်ထုတ်ခံရမယ်။ အဲဒီကိစ္စကိုဦးစားပေးဆောင်ရွက်သွားမယ်လို့ ပါတီနှစ်ခုစလုံးက သဘောတူထားကြပါတယ်။ ဒီအစီအစဉ်ကို ပြုလုပ်ဖို့ဆိုရင် အီတလီနိုင်ငံတစ်ဝန်းလုံးမှာဝင်ရောက်နေထိုင်နေကြတဲ့ ဒုက္ခသည်တွေအတွက် ယာယီနေထိုင်ဖို့ ပြင်ဆင်ပေးရမှာလည်း ဖြစ်တယ်။ ဒီအစီအစဉ်ကိုတော့ ဒုက္ခသည်ပြန်လည်နေရာချထားရေးလို့ ခေါ်ပါတယ်။ ဒါ့အပြင် ပင်လယ်ပြင်က ဒုက္ခသည်တွေကို အီတလီက ဆွဲခေါ်လာတဲ့ အစီအစဉ်ကို ကန့်ကွက်ဖို့ရှိတယ်လို့လည်း ပြည်ထဲရေးဝန်ကြီးကပြောပါတယ်။ အစိုးရကိုဝေဖန်သူတွေကတော့ ဒီဒုက္ခသည်တွေကို နေရပ်ကိုပြန်ပို့ရေးအစီအစဉ်ဟာ လက်တွေ့မှာတော့ အလုပ်ဖြစ်ဖို့ မလွယ်ဘူး။ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာတွေပါ နောက်ပိုင်းမှာ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ပြောကြပါတယ်။

**သိသိသာသာလျှော့ချနိုင်**

ယခင်အီတလီအစိုးရနဲ့ လစ်ဗျားအစိုးရတို့ကြား ရေးထိုးထားတဲ့ အငြင်းပွားဖွယ်စာချုပ်ကြောင့် အီတလီကို ဝင်ရောက်လာမယ့် အာဖရိကက ဒုက္ခသည်တွေကို လျှော့ချလာနိုင်ပါတယ်။ လွန်ခဲ့တဲ့နွေရာသီကစလို့ လျှော့ချနိုင်ခဲ့တာလည်းဖြစ်တယ်။ ဘယ်လိုပဲလျှော့ချနိုင်တယ်ပြောပြော ရွှေ့ပြောင်းဒုက္ခသည် ၁၃၅၀၀ ခန့်ဟာ ယခုနှစ်အတွင်းမှာ အီတလီကို ဝင်ရောက်လာတာကို တွေ့ရတယ်လို့ အီတလီအာဏာပိုင်တွေက ပြောပါတယ်။

တကယ်ဆိုအီတလီဟာ ဥရောပကို ဝင်ရောက်လာမယ့် အာဖရိကက ဒုက္ခသည်တွေကို တားဆီးပေးတဲ့ နေရာတစ်ခုလည်းဖြစ်တယ်။ တကယ်လို့များ အီတလီကသာ သူပိုင်ကျွန်းမှာ ဒုက္ခသည်တွေကို လက်မခံတော့ဘူးဆိုရင် ဥရောပသမဂ္ဂ အနေနဲ့လည်း ခေါင်းစားစရာကိစ္စတစ်ခုတိုးလာဦးမှာပါ။ အီတလီဟာ ဥရောပသမဂ္ဂရဲ့ စတုတ္ထစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်ပြီး နိုင်ငံရေးအရမသေချာမှုတွေကို အဆုံးသတ်လိုက်နိုင်ပြီး အစိုးရဖွဲ့လိုက်နိုင်တာကိုက လတ်တလော အောင်မြင်မှုလို့ ပြောရမှာပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်၊ ဘီဘီစီ**

# မိုးကုတ် ပတ္တမြားများ

မောင်သာ(ရှေးဟောင်းသုတေသန)



ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်ဟူသည့် ဆိုရိုးစကားအတိုင်း ပတ္တမြားကျောက်များသည် အလွန်အရည်အသွေးကောင်းမွန်ပါက သေးငယ်သည့်တိုင် တန်ဖိုးမဖြတ်နိုင်ဘဲ ကမ္ဘာ့ကျောက်မျက်ရတနာလောကတွင် ထိပ်တန်းမှ ရပ်တည်လျက်ရှိသည်။ ပတ္တမြားကို နိုင်ငံအနည်းငယ်တွင်သာ တူးဖော်ရရှိနိုင်သည့်အနက် မြန်မာနိုင်ငံ မိုးကုတ်မှထွက်ရှိသည့် ပတ္တမြားများသည် ကမ္ဘာ့ကျောက်မျက်ရတနာ ဈေးကွက်တွင် အရည်အသွေးအကောင်းမွန်ဆုံးနှင့် အထင်ရှားဆုံးဖြစ်ပေသည်။

ပတ္တမြားကို အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့တွင် အနည်းအကျဉ်း တူးဖော်ရရှိနိုင်ကာ အရှေ့တောင်အာရှဒေသတွင် မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်သာ တူးဖော်တွေ့ရှိနိုင်သည်။ မိုးကုတ်သည် ပတ္တမြားမြေဟု ဆိုရလောက်အောင်ပင် ပတ္တမြားနှင့် နီလာတို့ အများဆုံးထွက်ရှိသည့် ဒေသဖြစ်ပြီး တစ်ချိန်က အိမ်တံစက်မြိတ်မှ ရေကျဆင်းလာသည့်မြေနေရာမှာပင် ပတ္တမြားများကို တွေ့ရှိနိုင်ခဲ့ကြသည်ဟု ဆိုခဲ့ကြသည်။ မိုးကုတ်ပတ္တမြားမြေဟုဆိုရာတွင် ပတ္တမြား အဓိကထွက်ရှိသည့်အရပ်သည် မိုးကုတ်နှင့် ကျပ်ပြင်ဖြစ်သည်။

မိုးကုတ်ဒေသသည် ပတ္တမြား၊ နီလာ၊ ပြောင်ခေါင်းစိမ်းနှင့် သလင်းကျောက်များ အဓိကထွက်ရှိသည့် လိပ်သည်းကျောက်နှင့် ပုံဆောင်ထုံးကျောက်မြေဖြစ်သည်။ တွင်းထွက်ကျောက်မျက်ရတနာများ ပေါများလှသဖြင့် မိုးကုတ်တွင် ပေါက်တူးတစ်ချောင်းနှင့် ဒယ်အိုးတစ်လုံးရှိလျှင် အချိန်မရွေး ချမ်းသာသွားနိုင်ကြောင်း ပြောစမှတ်ပြုခဲ့ကြရသည်။ မိုးကုတ်ပတ္တမြားထွက်ရှိသည့် မြေကြောသည် မိုးကုတ်မြို့မှ မိုးမိတ်၊ တကောင်း၊ သပိတ်ကျင်းအထိ ကျယ်ပြန့်ကာ ၁၉၁၆ စတုရန်းမိုင်ကျယ်ဝန်းသည်ဟု ဆိုသည်။

### ကျောက်မျက်ဗေဒ

အဖိုးတန်ကျောက်မျက်ရတနာများကိုလေ့လာသည့် ပညာရပ်တွင် မီးသင့်ကျောက်၊ အနည်ကျကျောက်နှင့် အသွင်ပြောင်းကျောက်တို့ကို ဘာသာခွဲများအဖြစ် လေ့လာနိုင်ကြသည်။ မီးသင့်ကျောက်များသည် ကမ္ဘာမြေထု၏အတွင်းပိုင်းရှိ ကျောက်ရည်ပူများ အေးခဲရာမှ ဖြစ်ပေါ်လာသည်။ အနည်ကျကျောက်များသည် ကမ္ဘာမြေ၏သဘာဝအင်အားများကြောင့် တိုက်စားခံရသည့် မီးသင့်ကျောက်များ၏ တိုက်စားစာများ ပို့ချရာမှ ဖြစ်ပေါ်လာသည်။ အသွင်ပြောင်းကျောက်များသည် မြေတွင်းအပူချိန်နှင့် လှုပ်ရှားမှုများကြောင့် အနည်ကျကျောက်များမှ ဖြစ်ပေါ်လာခဲ့ကြသကဲ့သို့ တစ်ခါတစ်ရံတွင် မီးသင့်ကျောက်မှလည်း ဖြစ်ပေါ်လာနိုင်သည်။

မီးသင့်ကျောက်များကို အများအားဖြင့် ပုံဆောင်ခဲများအဖြစ် တွေ့ရလေ့ရှိကာ အနည်ကျကျောက်များကို ကျိုးပဲ့စကျောက်များအဖြစ် မြင်တွေ့ရလေ့ရှိသည်။ ယင်းကျောက်များမှတွေ့ရှိရသည့် ကျောက်များအနက် လှပခြင်း၊ တာရှည်ခံခြင်းနှင့် ရှားပါးခြင်းဟူသည့် အင်္ဂါသုံးရပ်နှင့်ပြည့်စုံသော ကျောက်များကိုသာ ကျောက်မျက်ရတနာဟု သတ်မှတ်ကြသည်။

ခရစ်တော်မပေါ်မီ ရှစ်ရာစုဝန်းကျင်မှစတင်၍ တန်ဖိုးထားသုံးစွဲခဲ့သည့် ပတ္တမြား၊ စိန်၊ နီလာစသည့် ကျောက်မျက်ရတနာများကို သန့်စင်ကြည်လင်ခြင်း၊ အရောင်ညီညွတ်လှပခြင်း၊ အပြစ်အနာအဆာကင်းခြင်း၊ အသားကောင်းခြင်းနှင့် အရွယ်အစားကြီးခြင်းဟူသည့် အချက်များအပေါ် မူတည်လျက် တန်ဖိုးဖြတ်ခဲ့ကြသည်။ မျက်မှောက်ခေတ်တွင်မူ ကျောက်မျက်တစ်ခု၏တန်ဖိုးကို အင်္ဂလိပ်အက္ခရာ စီ ငါးလုံးဖြင့် တန်ဖိုးဖြတ်ကြောင်း မိုးကုတ်မြို့မှ နီလာလုပ်ငန်းရှင် ဦးမောင်သင်းကရှင်းပြခဲ့သည်။ အဆိုပါ စီငါးလုံးမှာ ထွက်ရှိသည့်နိုင်ငံ(Country)၊ ကျောက်သား ကြည်လင်မှု (Clearness)၊ ကျောက်အလေးချိန်(Carat)၊ ကျောက်သွေးထားပုံ (Cutting)နှင့် ကျောက်အရောင်အသွေး(Colour)တို့ဖြစ်ကာ ယင်း အချက်ငါးချက်ကောင်းမွန်သည့်ကျောက်သည် ဈေးကောင်းရမြဲဖြစ်ပေသည်။

### တွင်းထွက်ပတ္တမြား

ပတ္တမြားသည် အောက်ဆိုဒ်တွင်းထွက်ပစ္စည်းတစ်မျိုးဖြစ်ကာ မာဆင့်(Mohs scale) ၉ ရှိသည်။ (စိန်၏ မာဆင့်သည် ၁၀ ဖြစ်၍ ကျောက်စိမ်း၏ မာဆင့်သည် ၇ ဖြစ်သည်)။ ထို့အတူ ပတ္တမြား၏ သိပ်သည်းဆသည် ၄ ဖြစ်၍ စိန်၏သိပ်သည်းဆသည် ၃ ဒသမ ၅ ဖြစ်သည်။ ပတ္တမြားနှင့် နီလာသည် ဖွဲ့စည်းပုံချင်းတူညီကြကာ အရောင်အသွေးသာကွာခြားလျက် အများအားဖြင့် ပတ္တမြားက အနီရောင်နှင့် နီလာက အပြာရောင်ရှိသည်။

မိုးကုတ်၌ ပတ္တမြားကိုတူးဖော်ကြရာတွင် မိရိုးဖလာအစဉ်အဆက် လက်ဖြင့်တူးဖော်ခဲ့ကြပြီး စက်မှုလုပ်ငန်းများ တိုးတက်လာချိန်တွင် စက်ယန္တရားများဖြင့် တူးဖော်ခဲ့ကြသည်။ ပတ္တမြားကျောက်များသည် ဗြုန်းဟုခေါ်ဆိုသည့် မြေသားနှင့် ကျောက်သားရောနေသည့်မြေတွင် ရှိသဖြင့် ဗြုန်းများကိုတူးယူကာ ရွှေကျင်သကဲ့သို့ ရေဖြင့်ဆေးခြင်းဖြင့် ပတ္တမြားကို ထုတ်ယူရရှိသည်။

ရှေးယခင်က လက်တူးတွင်းများကို တူးသည့်ပုံစံအပေါ်မူတည်လျက် အင်းပြဲ၊ လူးတွင်း၊ တွင်းလုံး၊ လေးပင်လိမ် စသည်ဖြင့် ခွဲခြားခဲ့ကြသည်။ မြေပြန့်များနှင့် တောင်စောင်းများတွင် ရေကန်များကဲ့သို့ မျက်နှာပြင်ကျယ်ကျယ်တူးဖော်သည့် တွင်းများသည် အင်းပြဲခေါ် တွင်းပြဲများဖြစ်ကြသည်။ အင်းပြဲများကိုတူးရာတွင် မြေမျက်ပြင်အပေါ်ပိုင်းရှိ ကျောက်တုံး၊ ကျောက်စရစ်များကို ဖယ်ရှားလျက် ဗြုန်းမြေသားပေါ်သည်အထိ တူးကြကာ တစ်ခါတစ်ရံတွင် ရေအိုင်များကိုတမံပိတ်လျက် ရေများကို ပက်ထုတ်ပြီး တူးကြခြင်းများလည်းရှိသည်။

သဘာဝအတိုင်းတည်ရှိနေသည့် တောင်စောင်းကိုဖောက်၍ ကျောက်လွှာအထပ်များအတွင်း လူးလိုမ့်ဝင်ရောက်ရသည့် တွင်းများသည် လူးတွင်းဖြစ်သည်။ ထိုသို့တူးကြရာတွင် ဗြုန်းမြေတွေ့သည်အထိ တူးကြရသဖြင့် ဥမင်ငယ်တစ်ခုပုံစံဖြစ်လာကာ တူးဖော်မှုအပေါ်မူတည်လျက် အကျဉ်းအကျယ် ကွာခြားကြသည်။ တောင်အတွင်းပိုင်းသို့ရောက်လျှင် အောက်ဆီဂျင်နည်းပါးလာသဖြင့် လူးတွင်းတူးသူများသည် အသက်သေဆုံးနိုင်သည်အထိ အန္တရာယ်များနှင့် ရင်ဆိုင်ကြရလေ့ရှိသည်။

မြေပြင်မှ အောက်သို့ ရေတွင်းတစ်ခုတူးဖော်သည့်အတိုင်း အဝိုင်းပုံစံ တူးဖော်သည့်တွင်းသည် တွင်းဝိုင်းဖြစ်ကာ တွင်းမျက်နှာဝသည် လူတစ်ကိုယ်ဝင်နိုင်ရုံ လက်မ ၃၀ ဝန်းကျင်သာရှိသည်။ တွင်းဝိုင်းကို လူနှစ်ဦးမှ သုံးဦးအထိ တူးဖော်ကြပြီး တွင်းနှုတ်ခမ်းဝတွင် ဝါးပိုးဝါးကို ကန့်လန့်ဖြတ်တန်းထိုး၍ တွင်းထဲမှဗြုန်းမြေများကို စက်သီးဖြင့် အပေါ်သို့ဆွဲတင်ကာ ယူဆောင်ကြသည်။ တွင်းလုံးကို ဗြုန်းမြေတွေ့သည်အထိ တူးဖော်ကြရသဖြင့် ပေ ၆၀ ကျော်အထိ တူးရသည်များလည်းရှိပေသည်။ တွင်းလုံးတူးသူများသည် မြေပြိုကျနိုင်သည့်အန္တရာယ်ကို ရင်ဆိုင်ကြရသည်။

လေးပင်လိမ်တွင်းသည် စတုရန်းပုံတွင်းဖြစ်ပြီး မြေပြိုခြင်းမဖြစ်စေရန် တွင်းနံရံလေးဘက်ကို ဘောင်ခတ်ထားလေ့ရှိကြသည်။ ဘောင်လေးဖက်ရှိသဖြင့် လေးပင်လိမ်တွင်းဟုခေါ်ကြကာ အနက်ပေ ၁၀၀ အထိ တူးကြသည်။ တစ်ခါတစ်ရံတွင် လေးပင်လိမ်တွင်းများကို နှစ်တွင်းယှဉ်တူးကာ တွင်းနှစ်တွင်းကို မြေအောက်တွင် လိုဏ်တူး၍ ဆက်သွယ်ထားကြသည်။

လူးတွင်း၊ တွင်းဝိုင်းနှင့် လေးပင်လိမ်တွင်းများတူးကြရာတွင် အောက်ဆီဂျင်ပြတ်လပ်မှုကိုကာကွယ်ရန် သစ်ရွက်စိမ်းများကို ယူဆောင်သွားလေ့ရှိကြသည်။ သစ်ရွက်စိမ်းများသည် အပင်တွင်ရှိနေစဉ် နေ့ပိုင်း၌ အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ကြသဖြင့် တွင်းတူးသမားများသည် တွင်းတူးဖော်နေစဉ် အသက်ရှူကျပ်လာပါက သစ်ရွက်စိမ်းများကို ရှူလေ့ရှိကြသည်ဟု သိရပေသည်။

ယခုခေတ်တွင်မူ ကြီးမားသောစက်ယန္တရားများဖြင့် တူးဖော်ကာ ဗြုန်းမြေများကိုရေဆေး၍ ပတ္တမြားများကို ရှာဖွေထုတ်လုပ်လျက်ရှိကြသည်။ ဗြုန်းမြေများအပြင် ဒေသအခေါ် အီးပေါက်ကျောက်ဟု အမည်တွင်သည့် ဆာလ်ဖာပါဝင်သော ကျောက်ဖြူတုံးများကြားတွင် ပတ္တမြားများရှိနေနိုင်သဖြင့် ယင်းကျောက်တုံးများကို တူငယ်များဖြင့်ထုခွဲကာ ကျောက်ရှာနေကြသူများကို မိုးကုတ်ကျောက်တူးနယ်မြေများတွင် အမြောက်အမြား တွေ့ရှိနိုင်ပေသည်။

လက်တွင်းတူးများဖြင့် ပတ္တမြားကို ထုတ်လုပ်ကြရာတွင် ကျောက်တွင်းပိုင်ရှင်၊ လုပ်ငန်းရှင်(ပေါလန်)နှင့် တွင်းဆရာတို့က ဝေစုခွဲဝေကြသည့်စနစ်ဖြင့် တူးဖော်ခဲ့ကြသည်။ ယခုအခါတွင် နိုင်ငံတော်မှချထားပေးသည့် လုပ်ကွက်များတွင် သတ်မှတ်ထားသည့်အခွန်အခများ ပေးဆောင်လျက် သတ်မှတ်ထားသည့် နှစ်ကာလအတွင်း တူးဖော်ကြရသဖြင့် စက်များဖြင့် တူးဖော်မှုများကိုသာ အများဆုံးတွေ့ရှိကြရပေသည်။

### ကျောက်သွေးခြင်း

တူးဖော်ရရှိသည့် ပတ္တမြားများသည် ပုံစံအမျိုးမျိုးရှိသော အရိုင်းတုံးများသာဖြစ်သဖြင့် ယင်းတို့ကို လှပကောင်းမွန်၍ အလင်းများထွက်လာစေရန် သွေးယူကြရသည်။ ပတ္တမြားအရိုင်းတုံးများကို လက်ဖြင့်သွေးကာ အကွက်ဖော်လေ့ရှိကြရာ ကျောက်သွေးပညာသည် ကျောက်မျက်ရတနာလောကတွင် အလွန်အရေးပါသော ကဏ္ဍတွင် ရှိနေသည်။

ကျောက်သွေးညံ့ဖျင်းပါက သိန်းကျော်တန်ကျောက်သည် ထောင်ဂဏန်းမျှသာ တန်ကြေးရနိုင်ကြောင်း ပြောစမှတ်ရှိခဲ့ကြသည်။ မိုးကုတ်မြို့ ကျောက်မျက်ရတနာလုပ်ငန်းတွင် တူးဖော်ခြင်း၊ သွေးခြင်းနှင့် ရောင်းဝယ်ခြင်းဟူ၍ အဓိကလုပ်ငန်း သုံးခုသာ ရှိပေသည်။

တူးဖော်ပြီးရရှိလာသည့် ပတ္တမြားအရိုင်းတုံးကို ရေဖြင့် သန့်စင်အောင်ဆေးကြောပြီး အခြောက်ခံထားပြီးမှ ကျောက်သွေးခုံတွင် သွေးကြရသည်။ ရှေးဦးစွာ အရိုင်းတုံးကို အပူပေးထားသည့် ထုံးဖယောင်းနှင့်ကပ်၍ စိန်မှတ်ဟုခေါ်သည့် ကြေးပြားပေါ်တွင် လက်ဖြင့် ဖြည်းဖြည်းချင်းပွတ်ကာ မိမိအလိုရှိသည့်အကွက်ကို ဖော်ကြရသည်။ စိန်မှတ်သည် အပေါ်မျက်နှာပြင်တွင် ကြေးပြားကပ်ထားသည့် မျက်နှာပြင်ညီ ထောင့်မှန်စတုဂံပုံ သံတုံးဖြစ်ကာ ယင်းကြေးပြားပေါ်တွင် ပတ္တမြားအရိုင်းတုံးကို ညှပ်ဖြင့်ညှပ်လျက် စိတ်ရှည်စွာ သွေးကြရသည်။ ကျောက်ရိုင်းတုံးတစ်ခုကို မည်သို့အကွက်ဖော်ရမည်ဆိုသည်ကို ကျောက်သွေးဆရာကသာ ဆုံးဖြတ်ပေးလေ့ရှိသည်။

မိမိစိတ်ကြိုက်အကွက်ပေါ်လာသည့် ကျောက်ကို ညှပ်တွင်ညှပ်လျက် အရောင်တင်ခုံတွင် အရောင်တင်ကြရသည်။ အရောင်တင်ခုံတွင် ခြေထောက်ဖြင့်နင်းကာ လည်နေစေသည့် ရောင်တင်ပြား(ကြေးပြင်)ပေါ်တွင် အရောင်တင်ဆီသုတ်လိမ်း၍ သွေးထားသောကျောက်ကို ပွတ်တိုက်ပေးခြင်းသည်ပင် အရောင်တင်ခြင်းဖြစ်ပေသည်။ ကျောက်ကို သွေးထားသည့်အကွက်အတိုင်း ကြေးပြင်တွင် ပွတ်တိုက်ပေးရာတွင် ကျွဲချိုညှပ်ဖြင့် ကျောက်ကိုညှပ်ကာ အရောင်တင်ကြရသည်။ ယခုအခါတွင် ကျွဲချိုဖြင့်ပြုလုပ်သည့်ညှပ်များ ရှားပါးလာသဖြင့် သတ္တုညှပ်များကို အသုံးပြုကြောင်း တွေ့ရှိခဲ့ရပေသည်။ အကွက်ဖော်ထားပြီး အရောင်တင်ထားသည့်ကျောက်များကို အရောင်းအဝယ်ပြုလုပ်ကြသည်။

### ဌာပွဲ

မိုးကုတ်ပတ္တမြားမြေ၏ အခေါ်အဝေါ်အရ ဌာပွဲသည် ကျောက်အရောင်းအဝယ်ပြုလုပ်သည့်နေရာ သို့မဟုတ် ကျောက်ဈေးတန်းကို ဆိုလိုသည်။ ဌာပွဲများတွင် ပတ္တမြားသာမက မိုးကုတ်မှထွက်ရှိသည့် နီလာကျောက်များကိုလည်း အရောင်းအဝယ် ပြုလုပ်ကြသည်။ ဌာပွဲများတွင် ကျောက်အရိုင်းတုံးများနှင့် သွေးပြီးကျောက်ချောများကို ရောင်းဝယ်ကြရာ ရှမ်းလူမျိုးများအပြင် မိုးကုတ်ဒေသတွင်နေထိုင်ကြသည့် ဂေါ်ရခါးလူမျိုးများ အများအပြားကို တွေ့ရှိကြရပေသည်။

ကွက်ရပ်ဌာပွဲသည် ကျောက်တွင်းများရှိသည့်နေရာ အနီးဝန်းကျင်တွင်ရှိကာ နံနက်ပိုင်းမှ မွန်းတည့်ချိန်အထိ အရောင်းအဝယ်ပြုလုပ်လေ့ရှိသည်။ မိုးကုတ်သို့ ရောက်ရှိနေစဉ် သွားရောက်လေ့လာခဲ့သည့် သဖန်းပင်ရပ် ဌာပွဲတွင် လူငယ် အမျိုးသား အမျိုးသမီးများကို အများဆုံးတွေ့ရှိရကာ ကျောက်ပွင့်များကို ဗန်းများပေါ်တွင်ခင်းလျက် ကျောက်ကြည့်ဓာတ်မီးတစ်လက်စီကို ကိုင်ထားကြသည်ကို တွေ့ရှိရပေသည်။ ကျောက်များကိုစိတ်ဝင်စား၍ ကြည့်ရှုသူအား ကျောက်တစ်ခုစီကို ဓာတ်မီးဖြင့်ထိုးပြကာ ဈေးစကားဆိုကြသည်။ ဌာပွဲကျောက်မျက်ဈေးကွက်တွင် ကျောက်ဈေးနှုန်းကို မည်သူကမှ သတ်မှတ်ထားခြင်းမရှိဘဲ မိမိတို့ စိတ်ကြိုက်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်ကြရာ တစ်ခါတစ်ရံတွင် ဆုံးရှုံးမှုများလည်း ရှိနိုင်သည်ဟု ဆိုပေသည်။

ကွက်ရပ်ဌာပွဲများတွင် နံနက်ပိုင်း အရောင်းအဝယ်ပြုလုပ်ကြပြီးနောက် မွန်းလွဲပိုင်းတွင် မိုးကုတ်မြို့ပေါ်ရှိဌာပွဲသို့ သွားရောက်ကာ အရောင်းအဝယ်ပြုလုပ်ကြသဖြင့် ကျောက်ဈေးတန်းသည် အမြဲစည်ကားနေလေ့ရှိပေသည်။ ပတ္တမြားမြေတွင် ပတ္တမြားနှင့် နီလာကျောက်များကို အရောင်းအဝယ်ပြုလုပ်ကြရာတွင် တစ်ခါတစ်ရံ၌ အတုများလည်း ပါရှိလာတတ်ကြောင်း ကျောက်သမားတစ်ဦးက ရှင်းပြခဲ့သည်။ ခေတ်မီနည်းပညာများ တိုးတက်လာချိန်တွင် ကျောက်အတုများကို အစစ်နှင့်မခြားပြုလုပ်လာနိုင်ကြသဖြင့် ကျွမ်းကျင်မှုဖြင့်သာ အရောင်းအဝယ်ဆောင်ရွက်ကြရပေသည်။

### မိုးကုတ် ပတ္တမြားမြေ

ရန်ကုန်တက္ကသိုလ် မနုဿဗေဒပညာဌာနမှ ဘွဲ့လွန်သင်တန်းသားများဖြစ်ကြသည့် ကိုအေးလွင်၊ ကိုကံဝင်း၊ ကိုဇီဝ၊ ကိုဇေယျာထွန်းတို့နှင့်အတူ မိုးကုတ်ပတ္တမြားမြေသို့ ရောက်ရှိခဲ့ရာ ဒယ်အိုးပုံစံဖြစ်နေသည့် မိုးကုတ်မြို့ကို များစွာစိတ်ဝင်စားမိခဲ့ပါသည်။ ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ပတ္တမြားကျောက်များ ထွက်ရှိသည့် မိုးကုတ်သည် မန္တလေးမြို့မှ ၁၂၈ မိုင်ကွာဝေးကာ မန္တလေး-မတ္တရာ-ကျပ်ပြင်-မိုးကုတ်လမ်းနှင့် မန္တလေး-ပြင်ဦးလွင်-မိုးကုတ်လမ်းတို့မှ အလွယ်တကူ သွားရောက်နိုင်သည်။ မတ္တရာမှသွားသည့်လမ်းသည် တောင်ဆင်းတောင်တက် အကွေ့အကောက်များပြီး ပြင်ဦးလွင်မှသွားသည့်လမ်းသည် အထူးကောင်းမွန်ကာ အဆင်းအတက် အလွန်နည်းပါးသည်။

မိုးကုတ်မြို့သည် အရှေ့အနောက် မိုင် ၃၀ နှင့် တောင်မြောက် ၁၄ ဒသမ ၁၂ မိုင် ရှည်လျားလျက် စတုရန်းမိုင် ၄၂၃ ဒသမ ၆ မိုင် ကျယ်ဝန်းကာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၈၅၈ ပေ မြင့်သည်။ မိုးကုတ်မြို့လယ်တွင် မြို့လယ်အင်းကြီးရှိနေပြီး မိုးကုတ် နှစ် ၈၀၀ ပြည့်အခမ်းအနားကို မြို့လယ်အင်းပတ်လည်တွင် ကျင်းပပြုလုပ်ခဲ့သည်။

မိုးကုတ်မြို့ကို အရှေ့ဘက်တွင် ၆၇၃၃ ပေမြင့်သော ကြေးနီတောင်၊ အနောက်ဘက်တွင် ၅၃၄၅ ပေမြင့်သော ပင့်ကူတောင်၊ မြောက်ဘက်တွင် ၅၆၀၆ ပေမြင့်သော ထင်းရှူးတောင်နှင့် တောင်ဘက်တွင် ၇၅၄၄ ပေမြင့်သော တောင်မည်းတောင်တို့က ဝိုင်းရံထားသဖြင့် မိုးကုတ်မြို့သည် တောင်များအကြားတွင် ဒယ်အိုးတစ်လုံးပုံစံ တည်ရှိနေပေသည်။

မိုးကုတ်မြို့၏မြေသားသည် လိပ်သည်းကျောက်နှင့် ပုံဆောင်ထုံးကျောက်များဖြစ်ပြီး ယင်းကျောက်များမှ ပတ္တမြား၊ နီလာ၊ ကျောက်နီ၊ ဣန္ဒနီလာ၊ ဥဿဖယား၊ ဖရဲအူ၊ မျော၊ ပြောင်ခေါင်းစိမ်း၊ နဂါးသွဲ့၊ မှတ်မီးစသည့် ကျောက်များ ထွက်ရှိသည်။

မိုးကုတ်မြို့ကိုတည်ထောင်သည့် မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ်ကို "ကိတ် နဂါးကြွက် သုံးဖော်ယှက်၊ ကျောက်မျက်ရတနာ၊ ပေါ်ထွက်လာ၊ ဂန္ဓာလတိုင်း၊ သမိုင်းပွင့်ဆန်း၊ ပင်သဖန်းဟု၊ မော်ကွန်းထိုးထုတ်၊ မြို့မိုးကုတ်"ဟု မှတ်သားခဲ့ကြသည်။ မိုးကုတ်သည် ရှမ်းအမည် မိန်းကွတ်မှ ဆင်းသက်လာကာ မိန်းသည် မြို့ ကွတ်သည် ကွေ့ကောက်ခြင်းဟု ဆိုလိုသဖြင့် ကောက်ကွေ့နေသည့် တောင်ကြားတွင် ကွေ့ကွေ့ကောက်ကောက်တည်ရှိနေသည့်မြို့ဟု အဓိပ္ပာယ်ရပေသည်။

ဒေသခံအများစုသည် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းအပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုလည်း စီးပွားဖြစ် လုပ်ကိုင်ကြသည်။ မိုးကုတ်၏ အဓိကထွက်ကုန်သည် ပတ္တမြားနှင့် နီလာအပါအဝင် ကျောက်မျက်ရတနာများနှင့် လက်ဖက်ဖြစ်သည်။

သမိုင်းတစ်လျှောက်ထင်ရှားခဲ့သည့် မိုးကုတ်မြို့နယ်တွင် ဘုရားခုနစ်ဆူ၊ စေတီ ၂၁၈ ဆူ၊ ပုထိုး ၄၆ ခု၊ ဘုန်းကြီးကျောင်း ၃၀၇ ကျောင်းနှင့် သီလရှင်ကျောင်း လေးကျောင်း တည်ရှိသည့်အနက် ဖောင်တော်ဦး၊ ချမ်းသာကြီး၊ မဟာမုနိ၊ ရွှေကူကြီး၊ ဒေါနန်းကြည်တောင်၊ ပင့်ကူတောင်နှင့် ကျောက်ပြာသာဒ်ဘုရားတို့သည် အထင်ရှားဆုံးဖြစ်သည်။ ထို့အတူ ခရစ်ယာန်ဘာသာရေး အဆောက်အအုံ ၇၅ ခု၊ အစ္စလာမ်ဘာသာရေးအဆောက်အအုံ သုံးခု၊ ဟိန္ဒူဘုရားကျောင်း ၃၅ ခုနှင့် တရုတ်ဘုရားကျောင်း ရှစ်ခုတို့ တည်ရှိသည်။

မြို့ကိုတည်ထောင်ခဲ့သည့် လွန်ခဲ့သည့် နှစ် ၈၀၀ ကတည်းက မိုးကုတ်သည် ပတ္တမြားကြောင့် ထင်ရှားကျော်ကြားခဲ့ရာ မိုးကုတ်ပတ္တမြားသည် မြန်မာနိုင်ငံသာမက ကမ္ဘာကပါ တန်ဖိုးထားနှစ်သက်ကြသည့် ကျောက်မျက်ရတနာတစ်ပါးဖြစ်ခဲ့ပေသည်။ ရှေးအခါက ဒေသနေပြည်သူများသည် တစ်နိုင်တစ်ပိုင် တူးဖော်ရောင်းချ အသက်မွေးနိုင်ခဲ့သော်လည်း စက်ယန္တရားများဖြင့် တူးဖော်ထုတ်လုပ်လာချိန်တွင် ဒေသနေသူများသည် ကျောက်ရှာဖွေရန်လုပ်ကွက်များ လျော့ပါးလာခဲ့သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ သဘာဝသမိုင်း သဘာဝပြတိုက်(NMNH)တွင် ပြသထားသည့် ကမ္ဘာပေါ်တွင်အကြီးဆုံးသော ပတ္တမြားကြီးသည် အလေးချိန် ၂၃ ဒသမ ၁ ကရက်ရှိကာ ပလက်တီနမ်ဖြင့်ကွပ်၍ စိန်များစီခြယ်ထားသည်။ ယင်းပတ္တမြားကြီးကို ၁၉၃၀ ပြည့်နှစ်တွင် မိုးကုတ်မှ တူးဖော်ရရှိခဲ့ပြီး ပရဟိတသမားလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ပီတာဘာ့ခ်က ပြတိုက်သို့ လှူဒါန်းခဲ့သည်။

တစ်ချိန်က ဗန်းတစ်ချပ်ဖြင့်ကျောက်ရှာထွက်လျှင် တစ်ရက်တာစားရန်မပူရဟု ဆိုခဲ့သည့် ပတ္တမြားမြေသည် ယနေ့တိုင် အရည်အသွေးကောင်းမွန်သောကျောက်များ ထွက်ရှိနေဆဲဖြစ်ရာ မိုးကုတ်ပတ္တမြားများသည် နှစ်ကာလရှည်ကြာစွာ ကမ္ဘာကျော်နေဦးမည်သာဖြစ်ပေသည်။ ။

# ပုဂံ လောကနန္ဒာစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ထီးတော်များ လှည့်လည်အပူဇော်ခံ



**ညောင်ဦး ဇွန် ၄**
မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကောဇာသက္ကရာဇ် ၃၉၃ ခုနှစ်က အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည့် လောကနန္ဒာ စွယ်တော်မြတ်စေတီကြီးတွင် အသစ်တစ်ဖန် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို စေတီတော်ကြီးပေါ်သို့ မတင်လှူမီ ပုဂံညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် ရည်ရွယ်၍ ဇွန် ၂ ရက်က ပုဂံမြို့နှင့် ညောင်ဦးမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် အပူဇော်ခံခဲ့ကြောင်း သိရသည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို မြို့တွင်းလှည့်လည်အပူဇော်ခံရာတွင် လောကနန္ဒာဘုရားကြီး၏ ဩဝါဒဆရာတော်ကြီး ငါးပါးနှင့် ဆရာတော်၊ သံဃာတော်များ၊ ဘုရားဂေါပကဥက္ကဋ္ဌ ဦးချစ်စိန်နှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ခရိုင်သာသနာရေးဦးစီးဌာနမှူး ဦးနေလင်းသိန်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်ပြီး လှည့်လည်ခဲ့ကာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ လူမင်း၊ သရုပ်ဆောင် ညီထွဋ်ခေါင်၊ သရုပ်ဆောင် အကယ်ဒမီ မယ်လိုဒီနှင့် အနုပညာရှင်များကလည်း ပါဝင်ကူညီခဲ့သည်။ ဒေသခံပြည်သူများကလည်း စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို ဖူးမြော်ကြပြီး စေတီတော်ကြီးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့သည်။ အဆိုပါ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်မြတ်တို့ကို ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် စေတီတော်ကြီးပေါ်သို့ တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း စေတီတော် ဂေါပကအဖွဲ့မှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ထီးချိုင့်မြို့နယ် ဒိုးပင်-ကျူတောင်လမ်းကို ပြုပြင်ပေးရန် ပြည်သူများလိုလားနေ

**ထီးချိုင့် ဇွန် ၄**
မေလနောက်ဆုံးပတ်အတွင်းကမိုးရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ မရသိမ် - တောမ - မော်ကွန်းတိုင် - ကျောက်တန်းလမ်းပေါ်ရှိ ဒိုးပင်ရွာနှင့် ကျူတောင်ကြား လမ်းပိုင်းတွင် ဗွက်များထပြီး ပြည်သူများ သွားလာရေးခက်ခဲလျက်ရှိရာ အဆိုပါလမ်းပိုင်းကို အမြန်ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

"ဒီလမ်းပိုင်းဟာ မိုးရွာလိုက်တိုင်း ဒီလိုဗွက်တွေထပြီး သွားလာရေးခက်ခဲတာပါ၊ မနှစ်ကလည်း ဒီပုံစံအတိုင်းပဲ ဖြစ်ခဲ့ပါတယ်၊ ဗွက်ထတော့ ဆိုင်ကယ်နဲ့သွားမရဘူး၊ ထွန်စက်ကို နောက်တွဲတပ်ပြီး မြို့တက်ဈေးဝယ်ကြတယ်၊ ဗွက်ထနေတဲ့အချိန် ထွန်စက်မောင်းလိုက်တော့ လမ်းကပိုဆိုးသွားတယ်၊ အခုဆို ကျောင်းဖွင့်ချိန်ရောက်ပြီ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ ဆရာမတွေတော့ အခက်တွေ့ရပြန်ပြီ၊ ဂျင်းကျောက်လိုမျိုးခင်းပေးရင်တော့ အဆင်ပြေတာပေါ့၊ အခုခင်းထားတာက ရွှံ့စေးမြေဖြစ်တာမို့ မိုးရွာလိုက်ပြီဆို ဗွက်ဖြစ်ပြီး သွားမရဖြစ်သွားတာပါ၊ ဒိုးပင်နဲ့ ကျူတောင်ကြား လမ်းပိုင်းက နှစ်မိုင်လောက်တော့ရှိပါတယ်"ဟု ကြက်ဆူချောင်းကျေးရွာ ဆရာတော်က မိန့်ကြားသည်။

မရသိမ်ကျောင်းဆရာတော်ကလည်း ထီးချိုင့်မြို့နယ်အတွင်းရှိ အုပ်စု ၁၀ အုပ်စုမှ ကျေးရွာ ၃၀ ခန့်မှာ အဆိုပါလမ်းကိုအသုံးပြုပြီး ထီးချိုင့်မြို့နှင့် ဆက်သွယ်နေရသောကြောင့် ယခုလို မိုးရွာတိုင်းသာ လမ်းသွားမရလျှင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးမှု အားနည်းစေမည်ဖြစ်ကြောင်းနှင့် နေ့ညအချိန်မရွေး မြို့နှင့်ဆက်သွယ်၍ရအောင် လမ်းကောင်းဖို့လိုကြောင်း မိန့်ကြားသည်။

မိုးရွာ၍ဗွက်ထပြီး သွားလာရေးခက်ခဲနေသည့် အဆိုပါလမ်းပိုင်းသည် ထီးချိုင့်-မရသိမ်-တောမ-မော်ကွန်းတိုင်-ကျောက်တန်းလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အရှည် ၄ မိုင် ၁ ဖာလုံ၊ အကျယ် ပေ ၄၀ ရှိ ထီးချိုင့်-ကျောက်တန်းလမ်းကို ၂၀၁၆ ခုနှစ်က တာပေါင်တင် လမ်းချဲ့ခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**



# ဒဂုံ-ရွာအဝေးပြေးတွင် လူခေါ်ပွဲစားများ အတင့်ရဲလာ၍ ခရီးသွားများထိတ်လန့်နေရ

**ရန်ကုန် ဇွန် ၄**
ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် ခရီးသွားများ အဓိကအားပြုရာ ဒဂုံ-ရွာ အဝေးပြေးကားဝင်းတွင် လူခေါ်ပွဲစားများ အုပ်စုလိုက်ဖြင့် လူခေါ်ကြရာမှ ခရီးသွားများနှင့် တက္ကစီများကို ကြောက်ရွံ့စေသည်အထိ ပြုမူဆက်ဆံနေကြသည့်အတွက် ခရီးသွားပြည်သူများမှာ စိုးရိမ်ထိတ်လန့် စိတ်အနှောင့်အယှက်ဖြစ်နေကြရကြောင်း သိရသည်။

"ပုသိမ်ကိုသွားမလို့ လက်မှတ်လည်းဖြတ်ပြီးသားကို အတင်း အိတ်နဲ့ဆွဲခြင်းကို လာဆွဲတယ်၊ မောင်လေးက ဟိုဂိတ်မှာ လက်မှတ်ဝယ်ပြီးပြီ ဘာမှမလိုဘူးလို့ ပြောတာကို တစ်ယောက်တစ်ပေါက်နဲ့ ရန်စပြီး ပြဿနာရှာတယ်၊ ပတ်ဝန်းကျင်ကလည်း ကူညီမယ့်သူမရှိဘူး၊ ပြီးတော့ ဝိုင်းပြီးလှောင်တယ်၊ အခြားခရီးသွားတွေကိုလည်း လူခေါ်ပွဲစားတွေက ထန်းလျက်ခဲ ပုရွက်ဆိတ်ချီသလို ဝိုင်းအုံနေတာမြင်ရတော့ ခရီးသွားဖို့ ကားဝင်းထဲလာရမှာကိုတောင် ကြောက်သွားပြီ၊ ဘယ်သူ့ကို အားကိုးရမှာလဲ၊ ဘယ်သူတွေက ခရီးသွားတွေကို စောင့်ရှောက်ပေးမှာလဲဆိုတာ မသိဘူး ဖြစ်နေတယ်"ဟု ပုသိမ်မြို့မှမိဘများထံ ခေတ္တပြန်သော ပညာရေးဌာနဝန်ထမ်း အမျိုးသမီးတစ်ဦးက ဇွန် ၁ ရက် နံနက်ပိုင်းက ပြောသည်။




ရန်ကုန်-ပုသိမ်ကားလမ်းမကြီးပေါ်တွင် အုပ်စုဖွဲ့၍ စောင့်နေသော လူခေါ်ပွဲစားများ

အဆိုပါ လူခေါ်ပွဲစားများမှာ ခရီးသွားမည့် ခရီးသည်များအား သက်ဆိုင်ရာဂိတ်များသို့ ပို့ပေးခြင်းဖြင့် ဂိတ်မှပေးသည့် ဘော်ဒါကြေးကို ရရှိသလို ခရီးသည်ထံမှလည်း ပစ္စည်းများ သယ်ယူပို့ဆောင်ပေးခဟုဆိုကာ မတန်တဆ တောင်းယူမှုများ ရှိနေကြောင်း သိရသည်။

ရန်ကုန်မြို့တွင် မြန်မာပြည်အထက်ပိုင်း ခရီးသွားလာမှုအတွက် အောင်မင်္ဂလာအဝေးပြေးနှင့် မြစ်ဝကျွန်းပေါ်ဒေသအတွက် ဒဂုံ-ရွာ အဝေးပြေးကားဝင်းတို့ ရှိနေပြီး အဆိုပါကားဝင်းများမှ ယာဉ်လိုင်းများက ခရီးသွားပြည်သူများအား ပို့ဆောင်ပေးလျက်ရှိရာ အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင်လည်း ကားဝင်းထိပ်နေရာအသီးသီးတွင် ကားဂိတ်များအတွက် လူခေါ်ပွဲစားများနှင့် ဆိုင်ကယ်ကယ်ရီများ၊ တက္ကစီများအတွက် လူခေါ်ပွဲစားများရှိကြသည်။

ဒဂုံ-ရွာ အဝေးပြေးကားဝင်းတွင်လည်း ယခင်က ကားဝင်းအတွင်း ဝင်ရောက်လာသော တက္ကစီများ၊ ခရီးသည်များအား လူခေါ်ပွဲစားများက ကားဝင်းထိပ်တွင် စုပြုံ၍ ခရီးသည်များကို လိုက်လံခေါ်ဆောင်ခြင်း၊ ခရီးသွားများအား အုပ်စုလိုက် အတင်းခေါ်ဆောင်ခြင်းနှင့် ခရီးသည်များ၏ ပစ္စည်းအိတ်များကို ခရီးသည်၏ဆန္ဒမပါဘဲ ဆွဲယူနေခြင်းများကြောင့် ခရီးသွားပြည်သူများမှာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြရသည်။

ထိုသို့ဖြစ်ရသော်လည်း တားဆီးအရေးယူဆောင်ရွက်ခြင်း မရှိသောကြောင့် ယခုနောက်ပိုင်းတွင် ကားဝင်းအတွင်းသာမက ကားဝင်းရှေ့ရှိ ရန်ကုန်-ပုသိမ် ကားလမ်းမကြီးပေါ်အထိတက်ကာ ကားဝင်းရှေ့တွင်ရပ်သော YBS ယာဉ်လိုင်းများပေါ်မှ ခရီးသည်များ မဆင်းမီပင် စုပြုံစောင့်၍ ခရီးသည်များကို ဆွဲခေါ်သည်အထိ လူခေါ်ပွဲစားများက အုပ်စုဖွဲ့အတင့်ရဲလာကြသည့်အတွက် ခရီးသွားပြည်သူများ ထိတ်လန့်နေကြရကြောင်း သိရသည်။

**၁၆၄ ၊ ဓာတ်ပုံ - သစ္စာ**

# မကွေးတိုင်းဒေသကြီးတွင် အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ပြည်ပလုပ်သားစုဆောင်းမှုများရှိနေ

**မကွေး ဇွန် ၄**
မက်မောစရာလုပ်ခလစာ ရရှိမည်ဆိုသည့် မျှော်လင့်ချက်ဖြင့် နိုင်ငံရပ်ခြားသွား၍ အလုပ်လုပ်လိုသူ များလာသောအချိန်တွင် မကွေးတိုင်းဒေသကြီး၌ အကျိုးဆောင်လိုင်စင်မရှိဘဲ ပြည်ပထွက်ခွာမည့်လုပ်သား စုဆောင်းမှုများ ရှိနေပြီး ထိုသူများက ပို့ဆောင်၍ တိုင်းတစ်ပါးရောက်သွားသူများမှာ ငွေကုန်၊ လူပန်း အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း စုဆောင်းခံရသူများထံမှ သိရသည်။

"လာစုတဲ့သူက ထိုင်းကိုရောက်ဖူးတယ်၊ သူ့စက်ရုံသူဌေးက လူလိုနေလို့ ဒီကိုပြန်လာပြီး လူလာစုတယ်လို့ ပြောပါတယ်၊ လစာကလည်း မက်လောက်တယ်၊ ဒါနဲ့ လိုက်သွားမိတာ၊ ကိုယ့်ရွာကအဖော်တွေလည်း ပါတယ်၊ မကွေးကနေ နိုင်ငံကူးလက်မှတ် လုပ်သွားတာပါ၊ ထားဝယ်ဘက်ကနေ ထိုင်းကို ကူးသွားရပါတယ်၊ ဟိုရောက်တော့ သူပြောတဲ့စက်ရုံမှာလည်း မလုပ်ရဘူး၊ လာတုန်းကလည်း ငွေခြောက်သိန်းကျော်လောက် ကုန်ခဲ့ပြီးပြီ၊ ဘာစာရွက်၊ ညာစာရွက် လုပ်ရမယ်ဆိုပြီး ဘတ် ၁၇၀၀၀ ထပ်တောင်းတယ်၊ ပေးစရာလည်း မရှိဘူး၊ သိမ်းထားတဲ့ နိုင်ငံကူးလက်မှတ် ပြန်ပေးဆိုတော့လည်း မပေးဘူး၊ ကူညီပေးတဲ့သူတွေနဲ့တွေ့ခဲ့လို့ ရွာပြန်ရောက်လာတာ"ဟု အလုပ်အဆင်မပြေဘဲ ထိုင်းနိုင်ငံမှပြန်လာရသူ ငဖဲမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

လတ်တလောတွင် တောင်တွင်းမြို့နယ်နှင့် ငဖဲမြို့နယ်များအတွင်း အကျိုးဆောင်လိုင်စင်မရှိသူများ၏ ပြည်ပလုပ်သားစုဆောင်းခြင်းခံရပြီး တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ပြန်လာခဲ့ရသူများက ၎င်းတို့၏ နစ်နာမှုများကို ဒေသတွင်းမီဒီယာများထံ ရင်ဖွင့်မှုများရှိနေကာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များနှင့် ချိတ်ဆက်၍ အကူအညီရယူဆောင်ရွက်မှုများလည်း ရှိနေသည်။

"ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာက လူကုန်ကူးခံရမှု သိပ်မရှိပါဘူး၊ လုပ်အား ခေါင်းပုံဖြတ်ခံရမှုတွေတော့ ရှိပါတယ်၊ ကျေးရွာတွေကို လူစုဆောင်းတဲ့သူလာရင် ရပ်ကျေးအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့တွေရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေအရ မှတ်ပုံတင်ရမယ်၊ လာခေါ်တဲ့သူမှာ နယ်ကိုယ်စားလှယ်စုဆောင်းခွင့် တရားဝင်လက်မှတ် ရှိရပါမယ်၊ လိုက်ပါလိုသူများကလည်း စုံစမ်းမေးမြန်းပြီးမှ သွားသင့်ပါတယ်၊ တရားမဝင်လမ်းကြောင်းကသွားရင် နစ်နာမှုတွေရှိပါတယ်"ဟု အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မကွေး)မှ တပ်ဖွဲ့စုမှူး ရဲမှူး ကံဝင်းက ပြောသည်။

၂၀၁၇ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီး မင်းလှ၊ ဆင်ပေါင်ဝဲ၊ ရေနံချောင်းနှင့် ပွင့်ဖြူမြို့နယ်များမှ ပြည်ပထွက်ခွာခဲ့သူ ၁၈ ဦးမှာ လုပ်အားခေါင်းပုံဖြတ်ခံရခြင်းနှင့် အဓမ္မထိမ်းမြားလက်ထပ်ခံရခြင်းများ ကြုံခဲ့ရကြောင်း၊ နှစ်စဉ် အဆိုပါဖြစ်စဉ်များနှင့် ဆက်စပ်သည့် တိုင်ကြားမှုများလည်း ရှိခဲ့ပြီး အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်နေကြောင်း၊ တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဟု အပိုင်းနှစ်ပိုင်းခွဲကာ ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်သူများ၏အခက်အခဲများကို ကူညီဖြေရှင်းပေးနေကြောင်း အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မကွေး) မှ သိရသည်။

**ဇေယျာတု (မကွေး)**

# ပန်းတောင်းမြို့၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ စာအုပ်နှင့် ကျောင်းဝတ်စုံများထောက်ပံ့

**ပန်းတောင်း ဇွန် ၄**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်လှလှက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ကျပ် ၈ ဒသမ ၅၂ သန်း တန်ဖိုးရှိ ဗလာစာအုပ် ၄၂၆ ဒသမ ၅ ဒါဇင်နှင့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သော ကျပ် ၄၉ ဒသမ ၁၈ သန်းတန်ဖိုးရှိ ပုံနှိပ်စာအုပ် ၁၇၅၉၂ စုံကို တိုင်းပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်သက်မူကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ မူလတန်းကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့သော ကျပ် ၁၅ ဒသမ ၇၉ သန်း တန်ဖိုးရှိ ကျောင်းဝတ်စုံ ၁၁၂၈၂ စုံကို တိုင်းပညာရေးမှူးရုံးမှ ဒေါ်စပယ်ဝင်းကလည်းကောင်း ပေးအပ်ခဲ့သည်။

**အောင်မြင့် (ပန်းတောင်း)**

# သာပေါင်းမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ သုံးသပ်ဆွေးနွေး

**သာပေါင်း ဇွန် ၄**
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော သာပေါင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ခြင်း အစည်းအဝေးကို မေ ၃၀ ရက်က သာပေါင်းမြို့အထက သော်ကဆောင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်ဦးက အမှာစကားပြောကြားကာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းက စီမံကိန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော စီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများက စီမံကိန်း၏ အားသာချက်၊ အားနည်းချက်များနှင့် နောင်နှစ် စီမံကိန်းကာလအတွက် အကြံပြုချက်များကို အပြန်အလှန် တင်ပြဆွေးနွေးခဲ့ကြသည်။ ထို့နောက် စီမံကိန်းဆောင်ရွက်ရာတွင် အကောင်းဆုံး ဆောင်ရွက်မှုဆုများ ရရှိသော ကျေးရွာအုပ်စု အထောက်အကူပြုကော်မတီများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရ ကျေးရွာအုပ်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ဆုများပေးအပ်သည်။ သာပေါင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း၏ တတိယနှစ်စက်ဝန်းအတွင်း စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၉၂ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပခန်းငယ်ပခန်းကြီးလမ်းပေါ်တည်ဆောက်ဆဲတံတား မပြီးသေးသဖြင့် သွားလာရေးအခက်တွေ့

**ရေစကြို ဇွန် ၄**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် မေ ၂၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပခန်းကြီးကျေးရွာနှင့် ပခန်းငယ်ကျေးရွာ ကားလမ်းပေါ်တွင် တည်ဆောက်ဆဲဖြစ်သော ချောင်းရိုးကူးတံတား အောက်ဘက်၌ မိုးရေများစီးဆင်းနေပြီး အဆိုပါလမ်းသို့ ဖြတ်သန်းသွားလာသော ပြည်သူများမှာ ချောင်းရိုးကို ဖြတ်ကူးရန် အခက်အခဲများရှိနေကြောင်း သိရသည်။

လက်ရှိအချိန်အထိ ထိုချောင်းရိုးကိုဖြတ်ကူးရန် အခက်အခဲများ ရှိနေသောကြောင့် ချောင်းရိုးအနီးဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံများက ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ်တစ်ထောင်နှုန်းဖြင့် ဆိုင်ကယ်ကိုထမ်းကာ ဖြတ်ကူးပေးနေကြကြောင်းလည်း သိရသည်။

“ဒီနေ့နဲ့ဆို ဆိုင်ကယ်ထမ်းပို့ပေးနေရတာ လေးရက်ရှိပြီ၊ တစ်နေ့တစ်နေ့ ထမ်းရတာ စုစုပေါင်းဆိုရင် သိန်းချီရတယ်၊ ဆိုင်ကယ်တစ်စီးကို ဝါးလုံးနှစ်ချောင်းလျှိုပြီးတော့ လေးယောက်ထမ်းရတော့ လေးယောက်တစ်ဖွဲ့ ဖွဲ့ထားတာပေါ့၊ အဖွဲ့ သုံးဖွဲ့ရှိတယ်၊ မနေ့ကဆိုရင် တစ်ဖွဲ့ကို လေးသောင်းလောက်ရတယ်၊ ကျွန်တော်တို့အဖွဲ့တွေကတော့ တစ်ရွာတည်းမဟုတ်ဘူး၊ အဖွဲ့ချင်းမတူဘူး”ဟု ဆိုင်ကယ်ထမ်းသူတစ်ဦးက ပြောသည်။ ဆိုင်ကယ်ထမ်းသူများမှာ ပခန်းငယ်ကျေးရွာနှင့် ပခန်းကြီးကျေးရွာများမှ ဒေသခံများဖြစ်သည်ဟု သိရသည်။

“ချောင်းရိုးကိုဖြတ်ဖို့ လာတဲ့သူတွေကတော့ ပခန်းငယ်ကလည်းလာတယ်၊ ပခန်းကြီးကလည်း လာတယ်၊ အဓိက ကတော့ ပခန်းငယ်ဘက်ကလာတဲ့သူတွေက ပိုများတာပေါ့၊ တချို့ကျတော့လည်း ပခန်းငယ်လမ်းပေါ်ကနေ ဂျပန်ကျောင်းဘက်ထွက်တဲ့လမ်းကျဉ်းလေးကနေ ပတ်စီးကြတယ်၊ အဲဒီလမ်းကလည်း ရွှံ့တွေဗွက်တွေနဲ့ သွားလို့လာလို့တော့မကောင်းပါဘူး၊ ဒီချောင်းရိုးလာဖြတ်တဲ့သူတွေကိုတော့ လမ်းသွားရေးလာရေး အဆင်ပြေအောင်လို့ ဆိုင်ကယ်တစ်စီးကို တစ်ထောင်နဲ့ ထမ်းပို့ပေးတာပေါ့၊ ကျွန်တော်တို့ လူ လေးယောက် ထမ်းရတာဆိုတော့ ဆိုင်ကယ်တစ်စီးကို တစ်ယောက် ၂၅၀ စီပဲ ရတာပါ၊ ခြေဖဝါးတွေ လက်ဖဝါးတွေလည်း ကျိန်းစပ်လို့ ပခုံးတွေလည်း နာ



လို့ပါ”ဟုလည်း ဆိုင်ကယ်ထမ်းသူတစ်ဦးက ဆိုသည်။

ချောင်းရိုးကိုဖြတ်ကူးသူ အမျိုးသမီးတစ်ဦးကလည်း “တံတားက ဆောက်နေတုန်း၊ မပြီးသေးဘူး၊ ခါတိုင်း မိုးရေမရှိခင်တုန်းကတော့ တံတားအောက် လွှဲလမ်းကနေ သွားလို့ရတယ်၊ အခု ရေတွေနဲ့ဆိုတော့ ကျွန်မတို့လည်း လူတောင် ဆောက်လက်စတံတားပေါ်ကနေ ဖြတ်လျှောက်ရတာ၊ မိုးရွာပြီးခါစနေ့ကဆိုရင် ရေတွေက ခါးလောက်ထိရှိတယ်၊ ဆိုင်ကယ်ဖြတ်လို့မရဘူး၊ အခုလည်း ဒူးလောက်အထိ ရေရှိနေသေးတော့ ဆိုင်ကယ်ကို တစ်ထောင်ပေးပြီး ထမ်းခိုင်းရတယ်”ဟု ပြောသည်။

ပခန်းငယ်ကျေးရွာနှင့် အနီးတစ်ဝိုက်မှ ကျေးရွာများနှင့် ပခန်းငယ်ကျေးရွာ၏ မြစ်တစ်ဖက်ကမ်းရှိ ကျေးရွာများမှ ပြည်သူများသည် ပခန်းငယ်-ပခန်းကြီးလမ်းကို အသုံးပြု၍ ရေစကြိုမြို့နှင့် ပခုက္ကူမြို့များသို့ သွားလာရကြောင်း သိရသည်။

**အိမ့်မွန်ဆွေ(ရေစကြို)**

# အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာ့သိုင်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၄**

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲကို ဇွန်၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အမျိုးသားဗန်တိုအတိုက်(၃၀-၃၅ )၊ (၃၅-၄၀)၊ (၄၀-၄၅)နှင့် (၄၅-၅၀) ကီလိုတန်း ပြိုင်ပွဲများနှင့် အမျိုးသမီးဗန်တိုအတိုက် (၃၅-၄၀)နှင့် (၄၀-၄၅)ကီလိုတန်းများ ပါဝင်မည်ဖြစ်ကာ အသင်းလိုက်စွမ်းရည်ပြ (၆၃)နည်းပညာကျင့်စဉ်၊ အမျိုးသား အမျိုးသမီး တစ်ကိုယ်တော်ပညာစဉ်ပြ၊ အမျိုးသားလက်သိုင်းပညာစဉ်၊ ဓားတစ်လက်၊ ဓားနှစ်လက်ပညာစဉ်၊ တုတ်ရှည်ပညာစဉ်များ ပြသခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် ပင်မသိုင်းအဖွဲ့များ၊ သင်တန်းဌာနများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ လူငယ်မောင်မယ်များအနေဖြင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဖုန်း-၀၉-၂၀၀၇၆၇၁၁ နှင့် ၀၉-၄၂၁၁၀၃၈၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ အိုလံပစ်နေ့အထိမ်းအမှတ် သိုင်းပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခင်နှစ်ကကျင်းပခဲ့သည့် မြန်မာ့သိုင်းပြိုင်ပွဲတွင် လူငယ်မောင်မယ် အားကစားသမား ၉၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဝက်လက်မြို့တွင် ‘လူငယ်နှင့်မူးယစ်ဆေး’ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ဝက်လက် ဇွန် ၄**

ဝက်လက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ‘လူငယ်နှင့်မူးယစ်ဆေး’ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇွန် ၁ ရက် နံနက် ၉ နာရီက ဝက်လက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲကို ဝက်လက်မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဉမ္မာဝင်းက ပြည်သူ့စကားဝိုင်းများ ဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားရာ ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူအကြား ဆွေးနွေးတိုင်ပင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန်စသည့် ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူများအဖြစ် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာအေးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်စိုးညိမ်း၊ လွတ်လပ်ပရဟိတအသင်း အတွင်းရေးမှူး ဒေါက်တာစန်းမြင့်အောင်၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဇော်တို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၊ ကျောင်းသားကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ မိဘပြည်သူများ တတ်ရောက်ကြကြောင်း သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ဥမ္မာဝင်း**

# ညောင်ဦးမြို့နယ်တွင် အိမ်မိုးရန် ထန်းရွက်ဝယ်သူများ၍ ဈေးမြင့်တက်နေ

**ညောင်ဦး ဇွန် ၄**

မိုးရာသီကာလ ရောက်ရှိတော့မည်ဖြစ်၍ ညောင်ဦးမြို့နယ်တွင် လူနေအိမ်အဆောက်အအုံများ၊ တိရစ္ဆာန် အစာ(နွားစာ)ထားရန် အဆောက်အအုံများ၊ ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ မြင်းများထားရန် အဆောက်အအုံများကို ပြင်ဆင်ဆောက်လုပ်နေကြပြီဖြစ်ကာ အဆိုပါ



အဆောက်အအုံများတွင်မိုးရန် ထန်းရွက်များကို ဝယ်ယူသူများလာသောကြောင့် ထန်းရွက်တစ်ရွက်လျှင် ၂၅၀ ကျပ်မှ ကျပ်သုံးရာကျော်အထိ ဈေးနှုန်းမြင့်တက်ဝယ်ယူနေကြရကြောင်း သိရသည်။

“ဒီနှစ်က ကျွန်တော်တို့နယ်မှာ သဘာဝဘေးအန္တရာယ် လေပြင်းတိုက်လို့ အမိုးလန်ပျက်စီးမှုကလည်း များတယ်၊ ဒါကြောင့်အဆောက်အအုံတွေ ပြင်ဆောက်သူလည်း များတယ်၊ အမိုးအတွက် ဒီဒေသမှာ တန်ဖိုးအနည်းဆုံးနဲ့ အပေါ်ဆုံးကလည်း ထန်းရွက်ပဲရှိတာဆိုတော့ အလွယ်တကူ ဒါပဲမိုးကြတော့ ဒီထန်းရွက်ပဲ ဝယ်သူများလာတော့တယ်၊ ဝယ်သူများရင် ဈေးတက်တာကလည်း သဘာဝပါပဲ၊ အဲဒါကြောင့် ထန်းရွက်တစ်ရွက်ကို ၂၅၀ကျပ်ကနေပြီး မိုးမယ့်နေရာအရောက်ဆိုရင် လေးရာလောက် ကုန်ကျပါတယ်”ဟု ညောင်ဦးမြို့နယ် ရေတွင်းညောင်ပင်ကျေးရွာသားတစ်ဦးက ပြောသည်။

အိမ်များ၌ ထန်းရွက်မိုးရာတွင် သုံးပင်အိမ်အတွက် ထန်းရွက် ၄၀၀ ကုန်ကျပြီး လေးပင်အိမ်အတွက် ငါးရာခန့်၊ ငါးပင်အိမ်အတွက် ခြောက်ရာခန့် ကုန်ကျကာ ထန်းရွက်များသည် တစ်ကြိမ်မိုးထားလျှင် လေးနှစ်မှ ငါးနှစ်ခန့်အထိ ခိုင်ခံ့ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# လူထုဗဟိုပြုစီမံကိန်း၏ သတင်းပြန်ကြားရေးနှင့် စည်းရုံးလှုံ့ဆော်ခြင်း ငပုတောမြို့နယ်၌ ပြုလုပ်

**ငပုတော ဇွန် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်ထည်ဖော်နေသော လူထုဗဟိုပြုစီမံကိန်းကို ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ ကျေးရွာပေါင်း ၃၄၇ ရွာတွင် ဆောင်ရွက်လျက်ရှိရာ လူထုဗဟိုပြုစီမံကိန်းမှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြည်သူများအနေဖြင့် ပိုမို နားလည်သဘောပေါက်စေရန်နှင့် စီမံကိန်းလုပ်ငန်းများကို ရင်းနှီးကျွမ်းဝင်မှုရှိစေရန်အတွက် ပဉ္စမအကြိမ် သတင်းပြန်ကြားဆက်သွယ်ရေးနှင့် စည်းရုံးလှုံ့ဆော်ခြင်းပြပွဲကို သင်္ဘောကုန်းအုပ်စု သင်္ဘောကုန်းကျေးရွာ၌ မေလ နောက်ဆုံးပတ်က ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ငပုတောမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများ၊ အနီးအနားကျေးရွာများမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူများ၊ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များ၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများ တက်ရောက်ခဲ့ကြပြီး စီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များကို တက်ရောက်လာသောပြည်သူများအား မေးမြန်းကာ အဖြေမှန်ဖြေဆိုနိုင်သူများအား စီမံကိန်း အမှတ်တံဆိပ်ပါသည့် တီရှပ်များနှင့် ကျောပိုးအိတ်များ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းယုမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို သစ်ပင်စိုက်ပွဲတော် ကျင်းပ

**မိုင်းယု ဇွန် ၄**

ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် သစ်တောဦးစီးဌာန အမှတ် ၂ သတ္တုတွင်းလုပ်ငန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဝမ်တာကြန့်ကျေးရွာအုပ်စု နမ့်ကုတ်ကျေးရွာအနီး မိုင်းယုကြိုးဝိုင်း အကွက်အမှတ် ၁၄ နှင့် ဝမ်ပေါ့ကျေးရွာအနီး အကွက်အမှတ် ၆ ၊ ၇ တို့တွင် ဇွန် ၃ ရက်က သစ်ပင်စိုက်ပွဲတော် ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပွဲတွင် အမှတ် ၂ သတ္တုတွင်းလုပ်ငန်းတာဝန်ခံ ဦးမိုးကျော်သူနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ သတ္တုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ခင်တို့က မိုင်းယောင်းမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာထံသို့ စိုက်ပျိုးပင်များ ပေးအပ်ခဲ့ပြီး သတ်မှတ်နေရာများတွင် ကျွန်းပင် ၃၀၀၀၊ ယမနေ ၇၀၀၊ မန်ကျည်းရှား ၁၂၀၀၊ မဟော်ဂနီ ၅၀၀၊ ပိတောက် ၁၀၀၀၊ ရေသင်းဝင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမှတ် ၂ သတ္တုတွင်းလုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များနှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ် ဦးကျော်အောင်အောင်၊ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများမှ လုပ်သားများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



# ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ မကောက်ခံရန် တားမြစ်

**နွားထိုးကြီး ဇွန် ၄**

နွားထိုးကြီးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၂ အုပ်စုရှိ ကျေးရွာပေါင်း ၁၉၁ ရွာမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေကောက်ခံခြင်းများတွင် ပါဝင်ခြင်းမပြုရန် တားမြစ်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထံမှ သိရသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် မီးလင်းရေးကော်မတီ၊ ရေရရှိရေးကော်မတီ၊ လမ်းဖောက်လုပ်ရေးကော်မတီစသည့် ကော်မတီများ ဖွဲ့စည်း၍ ရန်ပုံငွေကောက်ခံခြင်းနှင့် လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေကောက်ခံခြင်းများနှင့်ပတ်သက်၍ ငွေစာရင်းသုံးစွဲမှုတွင် အုပ်ချုပ်ရေးပိုင်းမှ မပါဝင်စေရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဖွဲ့စည်းပုံအရ တားမြစ်ထားခြင်းဖြစ်ကြောင်း သိရသည်။ နွားထိုးကြီးမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စီမံကိန်းစက်ဝန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများ မပါဝင်သော်လည်း ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှာ စီမံကိန်းလုပ်ငန်းအချို့တွင် ပါဝင်နေသည်များလည်းရှိကြောင်း သိရသည်။

**ဌေးမြင့်မောင်**

မြန် မာ့ ရိုး ရာ အား က စား

# ရွက်ပုန်းသီးမျိုးဆက်သစ်လူငယ်များ ပေါ်ထွက်ခွင့်ရမယ့် ပြိုင်ဆိုင်မှုပြင်းထန်သော တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲများလားရာ . . .

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်

**ရိုးရာလက်ဝှေ့လောကတွင် ၁၉၉၉ ခုနှစ်မှစတင်ကာ ယနေ့တိုင် ဆယ်စုနှစ်ကျော် ကျင်းပခဲ့တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ယနေ့စတင်ခဲ့ပါတယ်။ နိုင်ငံတစ်ဝန်း ရိုးရာလက်ဝှေ့အမွေကို ဆက်ခံမယ့် ရွက်ပုန်းသီး ရိုးရာလက်ဝှေ့မျိုးဆက်သစ်များ (သို့မဟုတ်)ကန့်လန့်ကာနောက်ကွယ်မှ ပုန်းလျှိုးနေရတဲ့ မျိုးဆက်သစ် လက်ဝှေ့လူစွမ်းကောင်းများ စွမ်းရည်ပြသခွင့်နှင့်အတူ ပေါ်ထွက်ခွင့်ရကြတော့မှာပါ။ တကယ်တော့ ရိုးရာလက်ဝှေ့ဟာ အခြားအားကစားနည်းများနှင့် မတူတစ်မူကွဲပြားနေတာက မျိုးဆက်သစ်ပြဿနာဖြစ်ပါတယ်။ လက်ဝှေ့အားကစားနည်းဟာ အားကစားသမားဘယ်လောက် ကောင်းနေနေ၊ ဘယ်လောက်တော်နေသည်ဖြစ်စေ တခြားအားကစားနည်းများကဲ့သို့ နှစ်ရှည်လများ ရပ်တည်သွားနိုင်စွမ်းမရှိတာကိုတော့ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ သဘောပေါက်နားလည်ပြီးသားပါ။ ဒါကြောင့် ဆယ်စုနှစ်ကျော်ကတည်းက ရွက်ပုန်းသီးမြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်များ ပေါ်ထွန်းရေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနကစီစဉ်ပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က နှစ်စဉ်ကျင်းပခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ယနေ့စတင်ယှဉ်ပြိုင်ထိုး သတ်နေပါပြီ။**

ယနေ့စတင်ကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ဇွန် ၄ ရက်မှ ၁၃ ရက်အထိ ကိုးရက်တိုင်တိုင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီနှစ်ကျင်းပမယ့် ပြိုင်ပွဲကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၆)ကြိမ်မြောက်ပြိုင်ပွဲ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှ စတင်ကာ ရန်ကုန်မြို့တွင် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ အဲဒီနောက်ပိုင်း ဆီးဂိမ်းအပါအဝင် အကြောင်းအမျိုးမျိုးတို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် နားခဲ့တာ ငါးနှစ်ကျော် ခဲ့ပေမယ့် ၂၀၁၄ ခုနှစ်တုန်းကတော့ ကရင်ပြည်နယ်မှာ ဝန်ကြီးချုပ်ဒိုင်းအဖြစ် ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်ကတော့ အမျိုးသားအားကစားပွဲတော်ရှိခဲ့တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှ (၁၄)ကြိမ်မြောက် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနဲ့ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပခဲ့ပါတယ်။

(၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ ထည့်သွင်းထားတဲ့ ပြိုင်ပွဲဝင်အမျိုးအစားတွေကတော့ (က)အဆင့်၊ (ခ)အဆင့်၊ (ဂ)အဆင့်နှင့် ရွက်ပုန်းသီးမျိုးဆက်သစ်များ ပေါ်ထွက်စေမယ့် လူသစ်တန်းပြိုင်ပွဲတွေအပြင် အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွေကိုလည်း ထည့်သွင်းထားပါတယ်။ ပါဝင်ယှဉ်ပြိုင်လိုတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအနေနဲ့ အဲဒီအမျိုးအစားလေးမျိုးအား တစ်မျိုးလျှင်သတ်မှတ်ဝိတ်တန်းအလိုက် ဝင်ရောက် ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အမျိုးအစား အဆင့်တိုင်းမှာ ပါဝင်ထည့်သွင်းထားတဲ့ သတ်မှတ် ဝိတ်တန်း ၁၀တန်းကတော့ လိုက်ဖလိုင်းဝိတ်တန်းကီလို ၄၅အထက်မှ ၄၈အထိ၊ ဖလိုင်းဝိတ်တန်း ကီလို ၄၈ အထက်မှ ၅၁အထိ၊ ဘင်တန်ဝိတ်တန်း ကီလို ၅၁ အထက်မှ ၅၄ အထိ၊ ဖယ်သာဝိတ်တန်း ၅၄ ကီလိုအထက် မှ ၅၇ကီလိုအထိ၊ လိုက်ဝိတ်တန်း ကီလို ၅၇ အထက်မှ ၆၀အထိ၊ လိုက်ဝယ်တာ ဝိတ်တန်း ကီလို ၆၀ အထက်မှ ၆၃ဒသမ ၅ ကီလိုအထိ၊ ဝယ်တာဝိတ်မှာ ကီလို ၆၃ ဒသမ၅ ကီလို အထက်မှ ၆၇ ကီလိုအထိ၊ လိုက်မစ်ဒယ်ဝိတ်တန်းမှာ ၆၇ ကီလို အထက်မှ ၇၁ ကီလိုအထိ၊ မစ်ဒယ် ဝိတ်တန်းမှာ ၇၁ ကီလိုအထက်မှ ၇၅ ကီလိုအထိ နှင့် လိုက်ဟဲဗီးဝိတ်တန်းတို့အဖြစ် သတ်မှတ်ထားတာ ဖြစ်ပါတယ်။

### အဆင့်လိုက် သတ်မှတ်ထား

သတ်မှတ်အဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့ အားကစားသမားတွေအနေနဲ့



အမျိုးသမီး ၅၄ ကီလိုတန်းမှ ခင်နှောင်းတင့်(ရှမ်း)နှင့် မာရီးနား(ရန်ကုန်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ကတော့ (က) အဆင့် လေးချီပြိုင်ပွဲတန်းမှာ ပထမရသူများ ပါဝင်ခွင့်ပြုထားပြီး ရွှေခါးပတ်ချန်ပီယံများနှင့် ဒင်္ဂါးရွှေအောင်လံ ဆုရှင်များ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာမဟုတ်ပါဘူး။အလားတူ(ခ)အဆင့်မှာလည်း ငါးချီစိန်ခေါ်ထိုးသတ်ဖူးသော လက်ဝှေ့သမားများမှအပ ကျန်လေးချီ၊ သုံးချီ စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ဖူးသူများ ယှဉ်ပြိုင်ခွင့်ရမှာ ဖြစ်ပါတယ်။ (ဂ)အဆင့်တန်းပြိုင်ပွဲမှာတော့ သုံးချီပြိုင်ပွဲများမှာ ဆုရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာမဟုတ်ဘဲ (ခ) အဆင့် မထိုးဖူးသူများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသွားမှာဖြစ်ပြီး နောက်ဆုံးလူသစ်တန်းပြိုင်ပွဲမှာတော့ မျိုးဆက်သစ်ရွက်ပုန်းသီးမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ငါးချီစိန်ခေါ်ပွဲ၊ လေးချီစိန်ခေါ်ပွဲနှင့် တရားဝင်ပြိုင်ပွဲကြီးများမှာ ထိုးဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမှာမဟုတ်ကြောင်း သိရပါတယ်။

"တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပွဲတွေကို အစောပိုင်းတွေက နေပြည်တော်နဲ့ ကရင်ပြည်နယ်တွေမှာလုပ်ခဲ့တယ်။ ခုနောက်ပိုင်း ရန်ကုန်မှာ ပြောင်းပြီးလုပ်ခဲ့တာပါ။ အဓိကတော့ မျိုးဆက်သစ်လူငယ်တန်းတွေ ပေါ်ထွက်လာဖို့နဲ့ ဖြည်းဖြည်းချင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အလွတ်တန်းတွေ များလာအောင်၊ တကယ်ကစားတဲ့ကလေးတွေ တိုးလာအောင် စည်စည်ကားကားလေး ဒီရန်ကုန်မှာ ပြန်ပြီးကျင်းပတာဖြစ်ပါတယ်။ ထူးခြားတာက ကရင်ပြည်နယ်မှာ ကျင်းပတုန်းက အဲဒီမှာ ကစားသမားတွေများတယ်။ များတော့ အဲဒီကရင်ပြည်နယ်ကပဲ ငှားကြတဲ့အခါ တခြားတိုင်းဒေသကြီးတွေက ကလေးတွေ ထွက်မလာတော့ဘူး။ အဲဒီတော့ ကရင်ပြည်နယ်မှာပဲ လက်ဝှေ့သမားတွေ သွားပုံနေတယ်။ ဒီမှာပြန်ကျင်းပလိုက်တော့ တခြား တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေကပါ လူသစ်တွေက အစရသွားတာတွေ ရှိတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပွဲတွေကို အရင်နှစ်တွေက ထိုးကြေးအဖြစ် ပေးတာ၊ ဆေးဖိုးအဖြစ်ပေးတာမရှိခဲ့ဘူး။ ဒီနှစ်တော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးကအစ ကူညီထောက်ပံ့ဖို့ စိတ်ကူးထက်သန်တာကြောင့် နိုင်ငံတော်ကရော၊ အဖွဲ့ချုပ်နဲ့ပေါင်းပြီး ဝိတ်တန်းအလိုက် ထိုးသတ်ကြေးတွေကို ကစားသမားတစ်ဦးချင်းအလိုက် ချီးမြှင့် ပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောပါတယ်။

### အမှတ်ဖြင့် အနိုင်ရ

ယနေ့စတင်ကျင်းပတဲ့ (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ၁၈ ပွဲကို သတ်မှတ်ကီလိုဝိတ်တန်းအလိုက် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပါတယ်၊ လူသစ်တန်း ၄၈ ကီလို သုံးချီပြိုင်ပွဲများမှာတော့ ဖြိုးဝေထွန်း(တနင်္သာရီ)က ရန်ပိုင်(ရှမ်း)ကို ပထမချီမှာပင် အလဲထိုးဖြင့်လည်းကောင်း၊ နိုင်ယောဟန်(ချင်း)က နိုင်မင်းဦး(မကွေး)ကို ပထမအချီမှာပင်လည်းကောင်း အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး နိုင်မင်းထွန်း(ကယား)ကတော့ ရဲမင်းပိုင်(မွန်)ကို အမှတ်နဲ့အနိုင်ရခဲ့ပါတယ်။ လူသစ်တန်း ၅၁ ကီလို သုံးချီပြိုင်ပွဲများမှာတော့ ထက်မင်းအောင်(စစ်ကိုင်း)က ခင်မောင်ဇင်(ပဲခူး)ကို အမှတ်နဲ့လည်းကောင်း၊ ချစ်ဆူးငယ်(မွန်)က အောင်ရင်ဝင်း(ဧရာဝတီ)ကို အမှတ်နဲ့လည်းကောင်း အနိုင်ရရှိခဲ့ကာ အေးထွန်း(ကချင်)နှင့် ဟိန်းမင်းဇော်(ရှမ်း)တို့ ပွဲမှာတော့ ဟိန်းမင်းဇော်ဝိတ်မမျှလို့ အေးထွန်း(ကချင်)အနိုင်ရခဲ့ပါတယ်။

တစ်ဖန် လူသစ်တန်း ၅၄ ကီလို သုံးချီပြိုင်ပွဲများမှာတော့ တင်မင်းအောင်(ပဲခူး)က ဝေယံကျော်(ဧရာဝတီ)ကို ဒုတိယအချီ ၅၁ စက္ကန့်မှာပဲ အလဲထိုးနဲ့လည်းကောင်း၊ ဝေယံထွန်း(တနင်္သာရီ)က မောင်ပိုင်(ရှမ်း)ကို အမှတ်နဲ့ အနိုင်ရ၍ လည်းကောင်း၊ အောင်နိုင်ဦး(မွန်)က စိုးသီဟ(ရန်ကုန်)ကို ပထမအချီ ကိုးစက္ကန့်မှာပင် အလဲထိုးနဲ့ အနိုင်ရခဲ့ပြီး ပိုင်မင်းဟန်(စစ်ကိုင်း)က ဇင်မင်းသန့်(မကွေး)ကို အမှတ်နဲ့အနိုင်ရခဲ့ပါတယ်။ လူသစ်တန်း ၅၇ ကီလို သုံးချီပြိုင်ပွဲများမှာတော့ ရွှေဘ(ပဲခူး) က ဖုန်းနိုင်ဝင်း(မကွေး)ကို ပထမအချီ ၃၆ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း၊ ရဲရင့်နိုင်(မန္တလေး)က အောင်ထက်ဦး(ကချင်)ကို ဒုတိယအချီမှာ အလဲထိုးဖြင့်လည်းကောင်း၊ စိန်မင်းထွန်း(တနင်္သာရီ)က ဇော်မျိုးမင်း(စစ်ကိုင်း)ကို ပထမအချီ တစ်မိနစ် ၁၆ စက္ကန့်မှာပင် အလဲထိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

လူသစ်တန်း ၆၀ ကီလို သုံးချီပြိုင်ပွဲမှာတော့ ချိုထူးအောင်(ကရင်)က လူမင်း(မန္တလေး)ကို ပထမအချီ တစ်မိနစ် ၂၉ စက္ကန့်မှာပင် အလဲထိုးအနိုင်ရရှိခဲ့ပါတယ်။ လူသစ်တန်း ၆၃ ဒသမ ၅ ကီလို သုံးချီပြိုင်ပွဲမှာတော့ အောင်ခန့်ညား(မန္တလေး)က ပြည့်ဖြိုးအောင်(ကချင်)ကို အမှတ်နဲ့အနိုင်ရခဲ့ပြီး အမျိုးသား (ခ)အဆင့် ၆၇ ကီလို လေးချီတန်းပြိုင်ပွဲမှာတော့ နိုင်ဗိုလ်လင်း(မန္တလေး)က မျိုးဇော်ထွန်း(ရန်ကုန်)ကို အမှတ်နဲ့အနိုင်ရခဲ့ပါတယ်။ အမျိုးသား(ခ)အဆင့် ၇၁ ကီလို လေးချီပြိုင်ပွဲမှာတော့ စွမ်းဇာနည်(ကရင်)က ပထမအချီ ၃၄ စက္ကန့်မှာပဲ အောင်ရဲဟိန်း(ကချင်)ကို အလဲထိုးနဲ့နိုင်ခဲ့ပြီး အမျိုးသမီး ၅၄ ကီလိုတန်း သုံးချီပြိုင်ပွဲမှာတော့ မာရီးနား(ရန်ကုန်) က ခင်နှောင်းတင့်(ရှမ်း)ကို တတိယအချီမှာပဲ အလဲထိုးနဲ့ အနိုင်ရခဲ့ပါတယ်။

### နိုင်ငံတစ်ဝန်း အားကစားများ ပါဝင်

ယခုကျင်းပမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၆)ကြိမ်မြောက် ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ တိုင်းဒေသကြီး ခုနစ်ခုမှ အားလုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြည်နယ် ခုနစ်ခုတွင် ရခိုင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မှုမရှိကြောင်း သိရပါတယ်။ ဝင်



၆၇ ကီလိုတန်းမှ နိုင်ဗိုလ်လင်း(မန္တလေး)နှင့် မျိုးဇော်ထွန်း(ရန်ကုန်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ရောက်ယှဉ်ပြိုင်မယ့် လတ်တလော အုပ်ချုပ်သူ၊နည်းပြနဲ့ အားကစားသမား စာရင်းကတော့ ရန်ကုန်တိုင်းဒေသကြီးမှ ၃၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၀ ၊ မန္တလေးတိုင်းဒေသကြီးမှ ၃၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၆ ဦး၊ မကွေးတိုင်းဒေကြီးမှ ၁၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၁ဦးနဲ့ ဧရာဝတီတိုင်းဒေသကြီးမှ ကိုးဦး၊ ဝင်ရောက်ယှဉ်ပြိုင်မယ့် ပြည်နယ်ခြောက်ခုကတော့ ကရင်ပြည်နယ်မှ ၄၆ ဦး၊ မွန်ပြည်နယ်မှ ၂၄ ဦး၊ ရှမ်းပြည်နယ်မှ ၁၁ဦး၊ ကချင်ပြည်နယ်မှ ၂၅ဦး၊ ချင်းပြည်နယ်မှ ခုနစ်ဦးနဲ့ ကယားပြည်နယ်မှ ၁၀ ဦး စုစုပေါင်း အုပ်ချုပ်သူ၊ နည်းပြနဲ့ အားကစားသမား အပါအဝင် စုစုပေါင်း ၂၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မယ့် ပြိုင်ပွဲဝင်အားကစားမားတွေနဲ့ အုပ်ချုပ်သူ၊ နည်းပြတွေကို ဦးဆောင် စီစဉ်ကျင်းပတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနက နေ၊ ထိုင်၊ စားသောက်စရိတ်အပါအဝင် အသွားအပြန် ခရီးစရိတ်ပါကျခံပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများကို ရွှေ၊ ငွေ၊ ကြေးသတ်မှတ်ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေနဲ့လည်း ဆုရရှိတဲ့ ရွှေ၊ ငွေ၊ ကြေး အားကစားသမားများကို ဆုကြေးငွေအဖြစ် အထိုက်အလျောက်ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။

(၁၆)ကြိမ်မြောက် ကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲအား Myanmar Developer Association မှ ငွေကျပ် သိန်း ၅၀၊ ဦးကျင်ဦး (SoGo လျှပ်စစ်ပစ္စည်း)ဥက္ကဋ္ဌမှ ငွေကျပ် သိန်း ၃၀၊ ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း (ထက်လင်း)မှ ငွေကျပ် ၁၅ သိန်း၊ ဦးစိုးမိုးအောင် (မြန်မာ့မေတ္တာရှင် ကုမ္ပဏီ MD)မှ ငွေကျပ် ၁၅ သိန်း၊ ဦးစိုင်းဇော်ဇော် (T.K.O) Z.P.T.T မှ ငွေကျပ် ရှစ်သိန်း၊ ဦးအောင်မျိုးထွန်း(AMT သောက်ရေသန့်)မှသုံးသိန်းအသီးသီးတို့လှူဒါန်းခဲ့သော ငွေတွေနဲ့ ပြိုင်ပွဲတစ်လျှောက် ရုံဝင်ကြေးအနေနဲ့ အုပ်စုပွဲစဉ်တွေ၊ ကွာတားပွဲစဉ်တွေမှာ ငွေကျပ် ၂၀၀၀၊ ဆီမီးနဲ့ဖိုင်နယ်မှာ ငွေကျပ် ၃၀၀၀ ကောက်ခံသွားမှာဖြစ်ပြီး ရရှိငွေများအား ဆုရသူတွေကို ပြန်လည်ချီးမြှင့်သွားမှာဖြစ်ပါတယ်။

အစဉ်အလာအရ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲမှ ရွက်ပုန်းသီးမျိုးဆက်သစ်လူငယ်များ ဘယ်လောက်ပေါ်ထွက်လာမည်ကို ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ စောင့်မျှော်ကြည့်ရှုခွင့်ရကြတော့မည်ဖြစ်ပါကြောင်း။ ။

# ဗန်းမော်-လားရှိုး-မန္တလေးလမ်းပိုင်းပေါ်ရှိ နန့်မြစ်ခတံတားဖွင့်ပွဲ ဝိုင်းမော်မြို့၌ ကျင်းပ



**ဝိုင်းမော် ဇွန် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၁ မှ တာဝန်ယူဆောက်လုပ် ပြီးစီးသွားသည့် နန့်မြစ်ခတံတား(Phase-1) ဖွင့်ပွဲကို ဇွန် ၄ ရက်က အဆိုပါတံတားမုခ်ဦး၌ ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ပြည်နယ်တရားသူကြီးချုပ် ဦးတူးဂျာ၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂမ်ဇယ်ဂျူး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်နှင့် တံတားအထူးအဖွဲ့ ၁ မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစောဇာနီလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က နန့်မြစ်ခတံတား (Phase-1) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့် လှစ်ပေးကာ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ တံတားဟောင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြကာ ရှင်းလင်းဆောင်တွင် တံတားအထူးအဖွဲ့(၁) မှ ဆက်လက်တည်ဆောက်မည့် နန့်မြစ်ခတံတား (Phase-2) လုပ်ငန်းဆိုင်ရာများကို တင်ပြခဲ့ကြသည်။

အဆိုပါ နန့်မြစ်ခတံတား (Phase- 1) နှင့် ချဉ်းကပ်လမ်းတို့အတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၆၀၀ ကျော် အကုန်အကျခံကာ တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါ တံတားမှာ အရှည် ၃၁၁ ပေ၊ အကျယ် ယာဉ်နှစ်လမ်းသွား လေးပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါဝင်ကာ ၇၅ တန်ခံနိုင်ဝန်ရှိသံမဏိ ရက်မ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစား၊ သံကူကွန်ကရစ် ကမ်းကပ်ခုံ ရေလယ်တိုင်အဖြစ် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ စတင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် ပြီးစီးခဲ့ပြီး ကျန်ရှိနေသည့် တံတားဟောင်းမှာ အရှည်ပေ ၂၆၀၊ အကျယ် ၁၃ ပေခွဲရှိ ဘေလီသံပေါင်တံတားဖြစ်ပြီး တန် ၂၀ သာ ဖြတ်သန်းနိုင်ကာ အဆိုပါတံတားမှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ဗန်းမော်-လားရှိုး-မန္တလေးတို့သို့ ဆက်သွယ်သွားလာလျက်ရှိသည့် လမ်းအပိုင်းတွင် ပါဝင်ကြောင်း တံတား ဦးစီးဌာန၊ တံတားအထူးအဖွဲ့ ၁ မှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**
**ဓာတ်ပုံ-ပြည်နယ်(ပြန်/ဆက်)**

# တံခွန်တိုင်ကျေးရွာချင်းဆက်လမ်း မဲဇာချောင်းရေကျော်စပြုလာ

**အင်းတော် ဇွန် ၄**

ယခုဇွန်လဆန်းတွင် မိုးနေ့စဉ်ရက်ဆက် ရွာသွန်းလျက်ရှိသောကြောင့် ကချင် ပြည်နယ် မိုးညှင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တို့ ဆက်စပ်လျက်ရှိသော မဲဇာချောင်းသည် ဇွန် ၄ ရက် နံနက် ၆ နာရီမှစတင်ကာ မဲဇာချောင်းရေကြီး ရေလျှံခြင်းဖြစ်ပေါ် လာခဲ့သည်။

ချောင်းရေကြီးလာသောကြောင့် အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာ အုပ်စုတံခွန်တိုင်ကျေးရွာ ရွာမကြီးနှင့် တံခွန်တိုင်ရွာသစ်ကုန်းကြားရှိ တံခွန်တိုင်ကျေးရွာချင်းဆက်လမ်းကို ရေကျော်ကာ နစ်မြုပ်စပြုလာပြီဖြစ်ကြောင်း သိရသည်။

တံခွန်တိုင်ကျောင်းတိုက် ကျောင်း ထိုင်ဆရာတော် ဦးဝိလာသဂ္ဂက “ရွာချင်းလမ်းကတော့ မဲဇာချောင်းရေလွှမ်းစပြုလာပြီ ဖြစ်ပါတယ်၊ ရေကျော်စဆိုတော့ သွားလာလို့ရသေးတယ်၊ ဒီထက်များလာရင်တော့ သွားလာလို့ မရတော့ဘူး”ဟု မိန့်ကြားခဲ့သည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မဲဇာချောင်းရေသည် ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာအများအပြားကို ဖြတ်သန်းစီးဆင်းကာ အင်းတော် မြို့နယ်ရှိ ကျေးရွာများဘေး၌ ဖြတ်သန်းကာ ထီးချိုင့်မြို့နယ်မှ ဧရာဝတီမြစ်ထဲသို့ စီးဝင်သွားကြောင်း သိရသည်။

ထိုချောင်းသည် ယခုဇွန်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ရေကြီးရေလျှံခြင်းဖြစ်ပေါ်ကာ အင်းတော်မြို့နယ် အနိမ့်ပိုင်းဖြစ်သည့် တံခွန်တိုင် ကျေးရွာချင်းဆက်လမ်းမှာ ရေလွှမ်းကာ နစ်မြုပ်စပြုလာပြီဖြစ်ကြောင်း သိရသည်။ **သန်းမောင်လေး (ကချင်မြေ)**



## မျိုးဆက်သစ် ဘောလုံးဒိုင်လူကြီး သင်တန်းစာရင်းပေးသွင်းနိုင်

**ရန်ကုန် ဇွန် ၄**

မြန်မာ့ဘောလုံးလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဘောလုံးဒိုင်ဒိုင်လူကြီးကော်မတီမှ မျိုးဆက်သစ်ဘောလုံးဒိုင် လူကြီးသင်တန်းကို ဇူလိုင်လတွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသော မျိုးဆက်သစ်များအနေဖြင့် ဥက္ကဋ္ဌ ဦးစန်းအောင် ဖုန်း-၀၉-၂၅၄၀၀၆၂၃၃၊ အတွင်းရေးမှူး ဦးကျန်းရှိန်း ဖုန်း ၀၉ ၄၂၃၀၀၇၅၇၇၊ ကော်မတီဝင်များဖြစ်ကြသည့် ဦးကျော်မြင့်ညွန့် ဖုန်း-၀၉-၄၄၄၆၉၉၁၀၉၊ ဦးသိန်းဇံတင့် ဖုန်း-၀၉-၄၂၁၀၉၂၉၄၁၊ ဦးကျော်အေး-ဖုန်း-၀၉- ၂၅၀၁၅၁၀၁၁ တို့သို့ ဇွန် ၃၀ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ကိုကြီးတင်**

# စွန့်ပစ်ပလတ်စတစ်နှင့် အလူမီနီယံဘူးခွံများ အသစ်ပြန်လည်အသုံးပြုနိုင်ရေး ပညာပေးလှုံ့ဆော်ပွဲပြုလုပ်မည်

**ရန်ကုန် ဇွန် ၄**

အမှိုက်စွန့်ပစ်မှုကိုလျှော့ချပြီး PET ပုလင်းခွံများနှင့် အလူမီနီယံဘူးခွံများကို စနစ်တကျခွဲခြားစွန့်ပစ်ပါက မြန်မာနိုင်ငံ၏ ရပ်ရွာဒေသများနှင့် လူထုအတွက် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တွင် သာမက အခြားကဏ္ဍများတွင်ပါ အကျိုးကျေးဇူးများ တွေ့မြင်ခံစားလာနိုင်မည်ဟု ပြင်ပအဖွဲ့အစည်းတစ်ခု၏ လတ်တလောလေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

### ကမ်ပိန်း ပြုလုပ်မည်

ပုလင်းနှင့်ဘူးခွံများအားသုံးစွဲပြီးသည်နှင့် စနစ်တကျခွဲခြားစွန့်ပစ်ရေးအတွက် လှုံ့ဆော်ရန်ဖြစ်ပြီး အသစ်ပြန်လည်ဖန်တီးအသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများအား ခွဲခြားစွန့်ပစ်နိုင်မည့် အမှိုက်ပုံးများထားရှိသည့် အစီအစဉ်ကို အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။ ပလတ်စတစ်နှင့် အလူမီနီယံဘူးခွံများသည် တန်ဖိုးရှိကြောင်းနှင့်အသစ်ပြန်လည် ဖန်တီးအသုံးပြုနိုင်ရန်အတွက် စနစ်တကျစွန့်ပစ်ရန် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကနှင့်အများပိုင်အဖွဲ့အစည်းများကို အသိပေးလှုံ့ဆော်ရန် မြန်မာနိုင်ငံရှိ Coca Cola မှ တန်ဖိုးရှိသည့် ကမ်ပိန်းကို ပြုလုပ်မည်ဖြစ်သည်။

### ပြန်လည်စုဆောင်းရရှိ

Gone Adventurin ၏ စစ်တမ်းတွင်ရန်ကုန်နှင့် မန္တလေးမြို့များတွင် PET ပုလင်းခွံများနှင့်အလူမီနီယံဘူးခွံများအား အသစ်တစ်ဖန်ပြန်လည် အသုံးပြုရန် စုဆောင်းနှုန်းမှာ အရှေ့တောင်အာရှတွင် အမြင့်မားဆုံးနှုန်း ဖြစ်ကြောင်းတွေ့ရှိရသည်။ ရန်ကုန်မြို့တွင် သောက်သုံးပြီး PET ပုလင်းခွံများအား ၇၄ ရာခိုင်နှုန်း၊ အလူမီနီယံဘူးခွံများအား ၈၆ ရာခိုင်နှုန်းကိုလည်းကောင်း၊ မန္တလေးမြို့တွင် PET ပုလင်းခွံများအား ၈၃ ရာခိုင်နှုန်း၊ အလူမီနီယံဘူးခွံများအား ၉၁ ရာခိုင်နှုန်းကိုလည်းကောင်း ပြန်လည်စုဆောင်းရရှိသည်။

ထို့ပြင် စစ်တမ်းအရ အိမ်ထောင်စုများအနက် အမှိုက်အားစနစ်တကျ ခွဲခြားစွန့်ပစ်သည့်နှုန်းမှာ ၁၃ ရာခိုင်နှုန်းသာရှိပြီး အများစုမှာ စားကြွင်းစားကျန်များအား ပြန်လည်အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့် အခြားပစ္စည်းများအားရောနှော၍ စွန့်ပစ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုစစ်တမ်းအရနိုင်ငံအတွင်း ပြန်လည်အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများအား စုဆောင်းရန်အခွင့်အလမ်းကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

### သတ်မှတ်ထား

Coca Cola မှ ဝန်ထမ်းများသည် လူထုနှင့် ပူးပေါင်းပြီး စေတနာ့ဝန်ထမ်းအမှိုက်ကောက် သန့်ရှင်းရေးပြုလုပ်ခြင်း၊ Coca Cola ၏ အသစ်တစ်ဖန် ပြန်လည်အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများအား လက်မှုပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ ထုပ်ပိုးမှုအတွက် ရည်မှန်းချက်ဖြစ်သည့် လေလွင့်အမှိုက်ကင်းစင်သော ကမ္ဘာဖြစ်စေရေးရည်မှန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နှစ်စဉ်ဇွန် ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားသည်။ **အောင်သူ**

# ထောက်ကြန့်တွင် မူခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေအတွင်း မေလနောက်ဆုံးပတ်တွင် မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသခဲ့ရာ အဆိုပါ ထောက်ကြန့်နယ်မြေ ရဲစခန်းမှူး ရဲအုပ်မြင့်လွင်နှင့် နယ်ထိန်းအရာရှိ ဒုရဲအုပ်တင် ထွေးဦးနှင့် တပ်ဖွဲ့ဝင်များမှ လာရောက်ကြည့်ရှုသူပြည်သူများအား မူခင်းများ လျော့ပါးစေရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

**ဖခင်အမည်မှန်**
ဂန့်ဂေါမြို့နယ် သာကောင်းရွာ အလက KG တန်းမှ မောင်ကောင်းသစ်မှူး၏ ဖခင်အမည်မှန်မှာ ၅/မကန(နိုင်)၀၄၅၅၄၃အရ ဦးအောင်ဇော်ဝင်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ဂန့်ဂေါမြို့နယ် သာကောင်းရွာ အလက KG တန်းမှ မောင်အောင်မျိုးထက်၏ ဖခင်အမည်မှန်မှာ ၈/ဂဂန(နိုင်)၁၁၅၉၂၃ အရ ဦးသစ်လွင်သန်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ဂန့်ဂေါမြို့နယ် သာကောင်းရွာ အလက KG တန်းမှ မပန်းချယ်ရီ၏ ဖခင်အမည်မှန်မှာ ၈/ဂဂန(နိုင်) ၀၆၉၈၁၆ အရ ဦးမင်းဇော်ဦး ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မြန်အောင်မြို့နယ်၊ အ.ထ.က(ခွဲ) ကညင်ငူအုပ်စု၊ ကညင်ငူရွာသစ်နေ အဋ္ဌမတန်းကျောင်းသား၊ မောင်ဟန်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၉/ရမသ(နိုင်)၁၂၄၇၁၈ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
ဟသ်ာတမြို့၊ တာကလေးမြို့သစ် အမက(၄၃) မူလွန်သတ္တမတန်းမှ မောင်စုံဖြိုးနိုင်နှင့် ဆဋ္ဌမတန်းမှ မောင်သံစဉ်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း(ခ) ဦးဝင်းနိုင် ၁၄/ဟသတ(နိုင်)၂၁၇၈၀၂ ဖြစ်ပါသည်။

Asia Dragon
ချောင်းသာ 12,000/- ငွေဆောင် 12,000/-
ကျိုက်ထီးရိုး
09 300 300 70, 09 300 300 90

**အမည်မှန်**
ဦးကျော်ကျော်မိုး၏သား ဟသ်ာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်သာထက်ဈာန်အား မောင်ကောင်းဖြိုးဝေဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ကောင်းဖြိုးဝေ**


**ဖခင်အမည်မှန်**
နေပြည်တော် ပညာပန်းတိုင် ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မသက်နှင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးသန်းဌေး ၇/ပတန(နိုင်) ၀၁၃၉၇၃ ဖြစ်ပါသည်။ **ဦးသန်းဌေး**

**ဖခင်အမည်မှန်**
ဟသ်ာတမြို့၊ တာကလေးမြို့သစ် အမက(၄၃) မူလွန်ဆဋ္ဌမတန်းမှ မမြတ်ချိုဇင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဖြိုးဝေ(ခ)ဦးအောင်မျိုးဝေ ၁၄/ဟသတ(နိုင်)၂၆၅၂၀၁ ဖြစ်ပါသည်။
**ဦးအောင်ဖြိုးဝေ(ခ)ဦးအောင်မျိုးဝေ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၀ယ/၅၁၂၅၉ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝေလင်း ၁၄/ပသန(နိုင်)၁၆၃၇၂၈ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

**ဖခင်အမည်မှန်**
ဖားကန့်မြို့၊ အထက၊ တက္ကသိုလ်တန်းမှ လစော်ဆွတ်ဆိုင်းမိုင်ဆိုင်းဝမ်(မူလွန်)မှ သတ္တမတန်းအောင် မမေရီရွှယ်အောင်၊ ဆဋ္ဌမတန်းမှ မောင်နော်လောဒ်၊ စတုတ္ထတန်းမှ မောင်လထွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးနော်ဘောက် ၁/ကမန(နိုင်)၀၃၄၅၈၄ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၈ယ/၉၂၄၆၅ Kenbo-124 M/C ယာဉ်လက်ဝယ်ရှိသူဦးပဲန်နှင်းထန် ၄/ဟခန(နိုင်)၀၄၂၆၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**



Student's Favourite
ယခင် The New Light of Future ကျောင်းသားစာစဉ်ကို ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် Student's Favourite အမည်ဖြင့် ဇွန်လမှ ဒီဇင်ဘာလအထိ လစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။ လက်ရှိပြဋ္ဌာန်းထားသော အမှတ်ပေးစည်းမျဉ်းနှင့်အညီ ရေးသားပြုစုထားသည့်အတွက် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည် ပိုမိုတိုးတက်စေရန် အမှန်တကယ် အထောက်အကူပြုပါသည်။
09 - 262784466, 09 - 780786157

**ဖခင်အမည်မှန်**
မြင်းခြံမြို့၊ အထက(၁)၊ နဝမတန်း စပယ်အခန်းမှ မောင်ရဲမင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးကြီးမြင့် ၉/မခန(နိုင်)၁၁၄၃၈၃ဖြစ်ပါကြောင်း။
**ဦးကြီးမြင့်**
**၉/မခန(နိုင်) ၁၁၄၃၈၃**

**ဖခင်အမည်မှန်**
လှိုင်ကော်မြို့၊ ပန်ကန်း အထက ကျောင်း၊ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ဘီစ်နုဒေဝီ(ခ)ဖြူဖြူဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆွတ်ဗဟာဒူး ဖြစ်ပါကြောင်း။
**ဦးဆွတ်ဗဟာဒူး**

**အမည်မှန်**
မြင်းခြံမြို့၊ အထက(၁)၊ နဝမတန်း စပယ်အခန်းမှ မောင်အောင်ဇေယျဦး၏ အမည်မှန်မှာ (ပုံစံ)အိမ်ထောင်စုစာရင်း အရ မောင်အောင်ဇေယျာဦး ဖြစ်ပါကြောင်း။
**မောင်အောင်ဇေယျာဦး**

**ဖခင်အမည်မှန်**
လှိုင်ကော်မြို့၊ နည်းပညာတက္ကသိုလ် ဒုတိယနှစ်(EC)တွင် ပညာသင်ကြားနေသော မစီသာ၏ ဖခင်အမည်မှန်မှာ ဦးရှာရီဒါရ် ၂/ဒမဆ(ပြု)၀၀၀၀၅၅ ဖြစ်ပါကြောင်း။
**ဦးရှာရီဒါရ် ၂/ဒမဆ(ပြု)၀၀၀၀၅၅**

# ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်လွှာ

၂၃-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်၊ ဘုရင့်နောင်ခန်းမ၌ ကျင်းပပြုလုပ်သော ပိုင်အိုးနီးယားမိသားစု၏ သိက္ခာထပ်၊ ရှင်ပြု၊ နားသအလှူတော် မင်္ဂလာပွဲကြီးကို အောင်မြင်စည်ကားစွာ ကျင်းပနိုင်ရေးအတွက် လိုလေသေးမရှိ အဘက်ဘက်မှ ကူညီပေးကြပါသော တောင်ငူမြို့ မြစည်းခုံစာသင်တိုက်မှ ဆရာတော်ကြီးနှင့် စာချနာယက ဆရာတော်များ၊ ရွှေဥဒေါင်းဆေးလိပ်ခုံပိုင်ရှင် ကိုဇင်ကိုဝင်း-မကေသွယ်ဝင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာနှင့် လူမှုရေးအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ၊ မိတ်ကပ်၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးအဖွဲ့များ၊ လာရောက်ဖျော်ဖြေပေးသော နိုင်ငံကျော်အနုပညာရှင်များနှင့် ကျေးဇူးတင်ထိုက်သူအပေါင်းအား ပိုင်အိုးနီးယားမိသားစုမှ အထူးပင်ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကျေးဇူးတင်ရှိပါကြောင်း။

**ပိုင်အိုးနီးယားမိသားစု**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၉) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ် ၁/၂၀၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ အဆောက်အဦအထူးအဖွဲ့(၉)မှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ချင်းပြည်နယ်အတွင်းရှိ လုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာပုံစံများ**

၁။ **လျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၅-၆-၂၀၁၈ရက် ရုံးချိန်အတွင်း

၂။ **တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - ၁၉-၆-၂၀၁၈ရက် ညနေ ၄း၃၀နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၀-၆-၂၀၁၈ရက် နံနက် ၉နာရီ

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များအား အသေးစိတ်သိလိုပါက အဆောက်အဦအထူးအဖွဲ့(၉) ဟားခါးတွင် ၅-၆-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၉-၂၂၁၅၅၆၀သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် ၅၄၁၊ အကျယ်အဝန်း(ပေ ၄၀×ပေ၆၀)ရှိသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက် ဒေါ်ရီရီ AA-၀၃၆၈၃၁ ထံမှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးအောင်ဇော်ထူး ၁၀/ရမန(နိုင်)၀၆၉၀၆၂မှ မိမိတစ်ဦးတည်းလက်ရောက်လက်ဝယ်ရှိပိုင်ဆိုင်သော မြေကွက်အား ကာလတန်ဖိုးဖြင့် ရောင်းချလိုကြောင်း စကားကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းမှ ဝယ်ယူရန်ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့် ကွက်လိုပါက စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများ ယူဆောင်လာပြီး ဤကြော်ငြာပါ သည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် အထမြောက်ပြီးစီးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဦးလှမြင့်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂) အမှတ်(၁၆၁/A3)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၅၀၆၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/8809 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ညောင်ပင်သာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဝိုင်းချစ်သူ၏ ဖခင်ဦးစိန်တင်၏ အမည်မှန်မှာ ဦးစိန်ဦး ၅/ရဘန(နိုင်)၁၀၉၈၈၂ ဖြစ်ပါကြောင်း။ **ဦးစိန်ဦး**

## အမည်မှန်

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက် ပေါင်းလောင်းနယ်မြေ(၁) အမှတ် ၁၄/၉၆ နေ ဒေါ်စိုးစိုး၏သား နိုင်ငံသား စိစစ်ရေးကတ်အမှတ် ၉/ပမန(နိုင်)၂၇၀၃၆၉ ကိုင်ဆောင်သူ၏ အမည်မှန်မှာ မောင်ဂျူလိုင်ခန့် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ညောင်ပင်သာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်မင်းခန့်သော်၏ဖခင်ဦးအေးသောင်း၏ အမည်မှန်မှာ ဦးဉာဏ်အောင် ၅/ရဘန(နိုင်)၀၁၅၂၈၈ ဖြစ်ပါကြောင်း။ **ဦးဉာဏ်အောင်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ညောင်ပင်သာ အထက အဋ္ဌမတန်းမှ မညိုထွေး၏ဖခင် ဦးနက်တူး၏ အမည်မှန်မှာ ဦးသောင်းရွှေ ၅/ရဘန(နိုင်)၁၀၁၂၂၆ ဖြစ်ပါကြောင်း။ **ဦးသောင်းရွှေ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ရန်ကုန်တိုင်းဒေသကြီး (အထက-၂) ကမာရွတ်ကျောင်းမှ ခုံနံပါတ် ဆကရ-၆၃၁ဖြင့် ဘာသာစုံ ဂုဏ်ထူးရရှိအောင် ထူးချွန်စွာ ဖြေဆိုခဲ့သော သမီးငယ် မသန်းရတနာတိုးအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါသည်။

**ဖေဖေ** - ဦးသန်းတိုးအောင်(အင်ဂျင်နီယာချုပ်)(မြို့ပြ) ဆောက်လုပ်ရေးဝန်ကြီးဌာန

**မေမေ** - ဒေါ်မိမိဌေး

**ကိုကို** - ဒေါက်တာ ဟိန်းသူထွန်း(Green cross)

**မမ** - ဒေါက်တာတိုးမီမီနှင်း (Shwe Bhone Medical Center)

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၁) သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ ၂၀-၆-၂၀၁၈ရက်တွင် ကျရောက်မည့်(၃၂)နှစ်မြောက် ကျောင်းဆင်းပွဲအထိမ်းအမှတ် စုပေါင်းအလှူဒါနပြုပွဲများ၊ ဆရာကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ပညာရေးထောက်ပံ့ငွေပေးအပ်ပွဲနှင့် မိသားစုညစာစားပွဲများကို အောက်ပါနေ့ရက်၊ အချိန်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| အကြောင်းအရာ | နေ့ရက်/အချိန် | နေရာ |
|---|---|---|
| စုပေါင်းအလှူဒါနပြုပွဲ | ၁၆-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီ | တပ်မတော်ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ၊ မင်္ဂလာဒုံ (နံနက်စာကျွေးမွေးလှူဒါန်းခြင်း) |
| | ၂၀-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီ | ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဗဟန်း (ဘက်စုံထာဝရ ငွေပဒေသာပင်) |
| ဆရာကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိသားစုညစာစားပွဲ | ၁၆-၆-၂၀၁၈ရက် (စနေနေ့) ညနေ ၆ နာရီ | စိမ်းလန်းစိုပြည်ပန်းဥယျာဉ်စားသောက်ဆိုင်၊ တက္ကသိုလ်များရေကူး ကန်ဝင်း၊ အင်းလျားလမ်း၊ ရန်ကုန် |
| | ၂၃-၆-၂၀၁၈ရက် (စနေနေ့) ညနေ ၆း၃၀ နာရီ | Horizon Lake View Hotel နေပြည်တော်၊ (သူငယ်ချင်းများသာ) |

၂။ အလှူငွေထည့်ဝင်ခြင်းနှင့် ၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ကြသော သား/သမီးများ၏ အမည်စာရင်းများအား အောက်ဖော်ပြပါသူငယ်ချင်းများထံသို့ ဆက်သွယ်ပေးပို့ပါရန်နှင့် ညစာစားပွဲသို့(ကျဆုံး/သေဆုံး သူငယ်ချင်းများ၏ မိသားစုများအပါအဝင်) မိသားစုစုံညီစွာ တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

| ရန်ကုန် | | နေပြည်တော် | |
|---|---|---|---|
| ဦးကျော်နိုင်မြင့် | ဖုန်း-၀၉-၅၀၁၈၇၁၉ | ဦးမြင့်သူ | ဖုန်း-၀၉-၂၅၀၉၆၆၅၇၉ |
| ဦးထွန်းဖေ | ဖုန်း-၀၉-၈၇၀၁၆၉၄ | ဦးကျော်ဆန်း | ဖုန်း-၀၉-၈၃၀၄၅၀၂ |
| ဦးသန့်ဇော် | ဖုန်း-၀၉-၅၂၀၀၅၀၂ | ဦးမြင့်ဝေ | ဖုန်း-၀၉-၄၉၂၄၉၃၀၆ |
| ဦးရန်အောင် | ဖုန်း-၀၉-၅၀၉၂၀၅၀ | | |

## မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးကောက်တင်မြှောက်ပွဲ

၁။ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၂၆)ကြိမ်မြောက် အသင်းသား စုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးကောက်တင်မြှောက် ပွဲကို ၉-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် UMFCCI မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ပါမည်။

၂။ သက်တမ်းရှိအသင်းသားများအနေဖြင့် အလုပ်အမှုဆောင်သစ် ရွေးကောက်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးကြပါရန်နှင့် အသင်းသားစုံညီအစည်းအဝေးတွင် အသင်းကြီးတိုးတက်ရာ တိုးတက်ကြောင်း အကြံပြုဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်းတို့ပြုလုပ်နိုင်ရန် အတွက် အသင်းသားများမှ ယင်းအကြံပြုချက်များနှင့် မေးခွန်းများအား အသင်းရုံးခန်းသို့ ၈-၆-၂၀၁၈ရက် မွန်းတည့် ၁၂နာရီအရောက် ပေးပို့ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း**

## မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း

**International Graphic Art Show IGAS, 2018 (Japan) ပုံနှိပ်နည်းပညာပြပွဲခရီးစဉ်**

၁။ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပမည့် International Graphic Art Show IGAS, 2018 ပုံနှိပ်နည်းပညာပြပွဲကို အသင်းသားများအား ၂၃-၇-၂၀၁၈ရက်မှ ၂-၈-၂၀၁၈ရက်တွင် သွားရောက်လေ့လာနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ စိတ်ပါဝင်စားသော အသင်းသားများအနေဖြင့် ၁၁-၇-၂၀၁၈ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း**

## မွေးသက္ကရာဇ်အမှန်

ရွှေဘိုမြို့၊ ညောင်ပင်ရွာနေ ဦးသောင်းငွေး၏သမီး မကေသီ(ခ)မနီလာဆန်း ၅/ရဘန(နိုင်)၁၈၁၆၇၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၀-၁၉၈၈ ဖြစ်ပါကြောင်း။

၂၀-၁၀-၁၉၈၈

## အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ နောင်ခမ်းကျေးရွာနေ ဦးကျော်သောင်း ၅/ဟမလ(နိုင်)၀၅၈၈၂၈ ၏သား အထက ပြင်သာကျောင်း နဝမတန်းမှ မောင်ဖိုးခါး၏ အမည်မှန်မှာ စိုင်းခွန်နောင်နှင့် မောင်ဖိုးချို၏ အမည်မှန်မှာ မောင်ဟိန်းလင်းထွဋ်အမှန် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောင်းမြပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်ရာဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်လတ်၁၄/ဝခမ(နိုင်)၂၄၁၅၁၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ ရပ်သာအုပ်စု၊ မြို့ကုန်းရွာနေ ကိုမြင့်နိုင် ၇/သကန(နိုင်)၀၈၄၇၀၀ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကြည်ညွှန့်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောင်းမြပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ဆဋ္ဌမတန်းမှ မအေးအေးမြတ်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင် ၁၄/မမန(နိုင်) ၁၈၀၉၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမ၊ အထက(တပ်နယ်) တက္ကသိုလ်ဝင်တန်း (A)မှ မဂျူဇင်လတ်၏ ဖခင်အမည်မှန်မှာ ဦးဘိုလတ် ၇/ရတန(နိုင်)၀၉၀၉၄၀ ဖြစ်ပါကြောင်း။




VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
ISO 9001: 2015 CERTIFIED

# VICTORIA UNIVERSITY COLLEGE

## ENJOY LEARNING ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း **ISO 9001:2015** အသိအမှတ်ပြု လက်မှတ်ရ **VICTORIA UNIVERSITY COLLEGE** မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် ၂၀၁၈၊ ဇွန်လ တတိယ အပတ်တွင် ဖွင့်လှစ်မည့်၊ နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြား ပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။

နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန

ရန်ကုန် - အမှတ် (၁၆၆) ၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး - အမှတ် (၁၅၁) ၊ ၂၈ လမ်း (၇၇ x ၇၆)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅၅။

## ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)
**OTS (9) ကြည်း-၆၅၇၀**
**စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)**
**ဒေသပါတီကော်မတီဥက္ကဋ္ဌ(ငြိမ်း)၊ တနင်္သာရီတိုင်းဒေသကြီး**
**အသက်(၈၉)နှစ်**

သရက်မြို့နေ (ဦးသောင်းဖေ-ဒေါ်ထားခင်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၆၈၁ (A)၊ အခန်း ၂၀၃နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဦးဇော်ဝင်း၊ ဒေါ်ရီရီမြင့်၊ (ဦးဝေလွင်အောင်)-ဒေါ်မြင့်မြင့်စန်း၊ ဦးရန်အောင်-ဒေါ်စန်းစန်းမြင့်၊ ဗိုလ်မှူးကြီးစန်းလွင်အောင်(ငြိမ်း)(MEC)-ဒေါ်ဖြိုးဖြိုးသူတို့၏ဖခင်၊ မောင်တိုးလှိုင်-မသက်သက်အောင်၊ မောင်ဝင်းနန္ဒ-မခိုင်သုသုအောင်၊ မောင်ကောင်းထက်အောင်၊ မယဉ်သူသူအောင်၊ မောင်စစ်ဖြိုးအောင်၊ မောင်အာကာထက်အောင်တို့၏အဘိုးသည် ၄-၆-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြင့် အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၂၆နေ (ဦးဘသွင်-ဒေါ်တင့်)တို့၏သမီး၊ (ဦးထွန်းလှ၊ လ/ထညွှန်မှူး၊ ငြိမ်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း)၏ဇနီး၊ (ဦးခင်မောင်လတ်၊ ညွှန်မှူး၊ ငြိမ်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန)၊ [ဦးသိန်းလှိုင်(အင်/ယာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်အေးအေးမြင့်]၊ ဦးမြင့်သိန်း(အင်/ယာမှူး၊ ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)-(ဒေါ်မြင့်မြင့်သိန်း)၊ ဦးခင်မောင်ကြည်(ငြိမ်း၊ NPE)၊ ဦးအောင်ကျော်ထွန်း-ဒေါ်ခင်လှဝေ(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၊ ဒေါ်အေးအေးသိန်း(အထပြ၊ ငြိမ်း၊ အထက-၄၊ တာမွေ)၊ ဦးရဲအောင်ထွန်း-ဒေါ်ဝင်းဝင်းမော်တို့၏မိခင်သည် ၄-၆-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြင့် အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၂၆နေ (ဦးဘသွင်-ဒေါ်တင့်)တို့၏သမီး၊ (ဦးထွန်းလှ၊ လ/ထ ညွှန်မှူး၊ ငြိမ်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း)၏ဇနီး၊ ဦးနိုင်ဝင်း-ဒေါ်အေးပုလဲလှိုင်(Monitoring & Evaluation Officer , ILO)၊ ဦးတေဇာပိုင်လင်း(Shwe Taung Group)-ဒေါ်မြင့်သီဂီနွယ်(Shwe Taung Group)၊ ဒေါက်တာစုမြတ်နန္ဒာလှိုင်(Product Manager, Wockhardt Co.,Ltd.)၊ ဦးဥက္ကါကျော်(2nd Mate FG)-ဒေါ်နီနီလွင်၊ ဒေါ်သင်းနန္ဒာအောင်(Engineer Soil Build Myanmar Co.,Ltd.)၊ မောင်ဟိန်းနိုင်စိုး(3rd yr, မြန်မာစာ)၊ မခင်ရတနာထွန်းတို့၏အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၄-၆-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၉နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာတင်လှိုင်
**ရေကြောင်းသိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အသက်(၈၇)နှစ်**

ဆရာကြီး ဒေါက်တာတင်လှိုင်သည် ၃-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကြီး မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**ညွှန်ကြားရေးမှူးနှင့် ဒု-ညွှန်ကြားရေးမှူးများ**
**ရေကြောင်းဌာနခွဲ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာတင်လှိုင်
**ကျောင်းအုပ်ကြီး(ငြိမ်း)၊ (IMT)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (DMA)**
**အသက်(၈၇)နှစ်**

ဆရာကြီး ဒေါက်တာတင်လှိုင်သည် ၃-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကြီး မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**ကုန်သွယ်ရေကြောင်း အရာရှိလောင်းအပတ်စဉ် ၁၁**
**(CD 11, CE 9, CF 3) မှ တပည့်များ**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးဇော်ဇော်သက်
**(ဒု-ခရိုင်ဥပဒေအရာရှိ)**
**အသက်(၄၀)**

သူငယ်ချင်း ဒေါ်စုကေခိုင်(ရွှေပြည်သာမြို့နယ် ဥပဒေအရာရှိ)၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁/၂၀၁၀/ အပတ်စဉ်မှ သူငယ်ချင်းများ)**

---

## ဦးဘခင် (မင်းပြင်ကျေးရွာ)
**တရားသူကြီးဟောင်း(ကျောက်ဖြူမြို့)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်)ရပ်ကွက်၊ အနောက်ဘက်မြို့ပတ်လမ်း၊ အမှတ် ၁၂နေ ဦးဖိုးသာနု-ဒေါ်သန်းသန်းတို့၏ဖခင်၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ စနဲမြို့၊ အလယ်စုရပ်ကွက်နေ ဦးဖိုးသာထွန်း-ဒေါ်မလှတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၄-၆-၂၀၁၈ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဗိုလ်မှူးဆမ်ဂျွန်း(စ်)
**အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီး(၂)ရပ်ကွက်၊ အမှတ် ၂၉/၈၂နေ ဦး W.Johns -ဒေါ် Easther တို့၏ ချစ်လှစွာသောသား၊ ဒေါ်ခင်စောဝင်း(အလပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမာရီယာကျော်ညွှန့်၏တူ၊ USA နေ ဒေါ်နီရင်းဂျွန်စ်၏မောင်၊ (သိက္ခာတော်ရဆရာတော် ပေါလ်ဂျွန်စ်)၊ (ဒေါ်မာသာဂျွန်စ်)၊ Sankok နေဦးဂေးလ်ဘတ်ဂျွန်စ်၊ USAနေ ဦးမစ်ချ်ဂျွန်စ်တို့၏အစ်ကို၊ ဦးမိုးနိုင်-ဒေါ်ဝေဝေ၊ ဒေါ်ဥမ္မာ-ဦးသိန်းနိုင်၊(ဦးဇေယျာဝင်း)၊ ကိုကျော်စွာဝင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်မင်းသိမ်း-မသဇင်မြင့်၊ မောင်ဖြိုးဟိန်းထက်၊ မောင်ဝင်းထက်နိုင်၊ မောင်သုတသိန်းနိုင်တို့၏အဘိုး၊ မစံထားဖြူ၏ဘိုးဘိုးကြီးသည် ၄-၆-၂၀၁၈ရက် နံနက် ၂း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## နော်ဒေါရစ်(စ်)လှ(ခ)ဒူဒူး
**သူနာပြုဆရာမကြီး(ငြိမ်း)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့နေ [ဦးအောင်လှ-နော်မေဘယ်(လ်)]တို့၏သမီး၊ (ဦးထွန်းမြင့်)၏ဇနီး၊ ဦးညွှန့်ဝင်း-ဒေါ်ခင်ခင်ထွန်း (ကထိက၊ MUFL ၊ ဂျပန်ဘာသာဌာန)၊ ဒေါ်ခင်ထူးမြင့်၊ ဦးရဲလင်းထွန်း၊ ဦးအောင်ကြီး-ဒေါ်သန္တာထွန်းတို့၏ချစ်လှစွာသောမိခင်၊ မောင်ခန့်ဝင်းထွန်း(GHT)၊ မောင်ညီပြည့်စုံလင်း(ဧရာဝတီဘဏ်)၊ မောင်နီကိုလတ်(စ်)နေဗလု၊ မောင်ဂျွန်နသန်ဂေါ်သောတို့၏အဘွားသည် ၃-၆-၂၀၁၈ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ရက် နံနက် ၁၁း၃၀နာရီတွင် ဗိုလ်ချုပ်လမ်း တြိနတိကသီဒြယ်ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## နော်ဒေါရစ်(စ်)လှ(ခ)ဒူဒူး
**သူနာပြုဆရာမကြီး(ငြိမ်း)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့နေ [စောအောင်လှ-နော်မေဘယ်(လ်)]တို့၏သမီး၊ [စောဆယ်မြူရယ်(လ်)ထွန်းဘော်-နော်မေမေလူး]၊(ဦးအောင်မြင့်)-နော်စန်းရင်၊ ဒေါက်တာစောစိန်ဟန်လှ-နော်ကယ်ရယ်(လ်)လိုင်းချစ်တို့၏ညီမ၊ (စောဂျွန်လှထွန်းဘွား-နော်ဝင်းရီ)၊ (စောဆယ်မြူရယ်လှ)-နော်ရှဲလာတို့၏အစ်မသည် ၃-၆-၂၀၁၈ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ရက် နံနက် ၁၁း၃၀နာရီတွင် ဗိုလ်ချုပ်လမ်း တြိနတိကသီဒြယ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်မောင်
**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း(ရောင်း/စက်)**
**အသက်(၈၀)**

ဦးဆန်းဝင်းမောင်(ဦးစီးအရာရှိ၊ စက်မှု စက်မှုတိုင်း(၄)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန-ဒေါက်တာစန်းစန်းမော်တို့၏ဖခင် ဦးမောင်မောင် အသက်(၈၀)သည် ၂-၆-၂၀၁၈ရက် (စနေနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စက်မှုတိုင်း(၄)၊ မန္တလေးမြို့**

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးကိုကို အသက်(၈၀)

ဗန်းမော်မြို့နေ(ဦးကြည်-ဒေါ်ရင်ရွှေ)(ဒေါ်တင်ညွှန့်)တို့၏သား၊ မိုးညှင်းမြို့နေ (ဦးမြလေး-ဒေါ်တင်)တို့၏ သားသမက်၊ ဒေါ်ချစ်မေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော်ဦး (Kevin Transportation Services)-မဖြူဖြူသက်၊ ဦးဇင်မျိုးဟန်-ဒေါ်ဝါဝါသက်၊ ဦးနိုင်နိုင်လင်း - မအေးသီတာတို့၏ချစ်လှစွာသောဖခင်၊ မောင်ကောင်းခန့်ဟိန်း၊ မောင်လျှမ်းထက်ဝေယံ၊ မလင်းလက်ရွှေရည်၊ မသော်တာလင်း၊ မောင်ပြေဇင်လင်းတို့၏အဘိုးသည် ၄-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက် ၂၅၃၊ အခန်း(၃) နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ယဉ်မေဦး အသက်(၅၅)နှစ်
**(ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်)**

ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ခင်အေး)တို့၏သမီး၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်းနေ (ဦးတင်ထွန်း-ဒေါ်ခင်မြင့်)၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ကြေးတိုင်စု(၂)လမ်း၊ (မ/၄၁)နေ ဦးစိုးဝင်း-ဒေါ်ထွန်းကြည်(ခ)ဒေါ်မေမေကြည်၊ မှော်ဘီမြို့နယ်နေ ဦးမောင်မောင်အေး - (ဒေါ်တင်ရီ)၊ မီးရထားရိပ်သာလမ်းနေ ဦးမြင့်ဆွေ-ဒေါ်နီနီတို့၏တူမသည် ၃-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးသန်းတင်
**ကျောင်းဆရာကြီး(ငြိမ်း)**
**အသက်(၈၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ တာပါတ်အရှေ့ကျေးရွာအုပ်စု၊ တာပါတ်ကျေးရွာနေ (ဦးဘအေး-ဒေါ်ကျင်လှ)တို့၏သား၊ (ဦးစံမြတ်-ဒေါ်စိန်ခင်)တို့၏သားသမက်၊ ဒေါ်ခင်အေး၏ခင်ပွန်း၊ (ဦးမြင့်ဦး)-ဒေါ်နု၊ ဦးဝင်းငွေ-ဒေါ်မိုးမိုး၊ ဦးမျိုးမြင့်-ဒေါ်ခင်ခင်သန်း၊ ဦးမင်းအောင်-ဒေါ်ချို၊ ဦးဖိုးတု-ဒေါ်မြင့်မြင့်အေး၊ ဦးထွန်းလင်း-ဒေါ်သိန်းသိန်းစိုး၊ ဦးဇော်နိုင်-ဒေါ်စိမ့်စိမ့်သူ၊ ဦးသိန်းဇော်ထွန်း - ဒေါ်ခင်ဥမ္မာတို့၏ဖခင်၊ မြေး ၂၀၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဖိုးစံအနောက်ဘက်ကမ်းကျေးရွာနေ ဦးမင်းအောင် - ဒေါ်ချိုတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကံထွန်း (ချောက်မြို့)
**အသက်(၇၃)နှစ်**

ချောက်မြို့နေ (ဦးသိန်းမောင်-ဒေါ်အေးမိ)တို့၏သား၊(ဦးလှကြီး-ဒေါ်ငွေမ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၁၂ (ငါးလှောခေါင်းရင်း)နေ ဒေါ်ကြည်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်မြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်ကျော်ဦး-ဒေါ်သီတာထွေး၊ ဦးကြည်ဆန်း-ဒေါ်ခင်မြင့်ရီ၊ ဦးကျော်ကျော်ဝင်း- ဒေါ်သီတာအေး၊ ဦးမြင့်ဝင်း-ဒေါ်သန့်သန့်ထွန်း၊ ဦးအောင်ကျော်ထွန်း-ဒေါ်အိသက်စံတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၄-၆-၂၀၁၈ရက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စိန်ရီ
**M.P.P.E (ငြိမ်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ ၁၈လမ်းအနောက်၊ အမှတ် ၂၂၂ (မြေညီ)နေ (ဦးမိန်-ဒေါ်ငြိမ်းရင်)တို့၏သမီး၊ဦးကြင်လှိုင်(စား/ထွေ၊ငြိမ်း)၏ဇနီး၊ ဦးဇော်မျိုးလှိုင်(လ/ထညွှန်ကြားရေးမှူး၊ လျှပ်စစ်လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး)-ဒေါ်ကြည်စုလှိုင်၊ ဦးသီဟစိုး-ဒေါ်ဆွေဇင်အေး[အလုပ်ရုံခွဲမှူး၊ဆေးဝါးစက်ရုံ (အင်းစိန်)]တို့၏ မိခင်သည် ၄-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ဇော်ထူး
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ် ၆၅၇နေ ဦးကြီးမြင့်-ဒေါ်ခင်အေးတို့၏သား၊ ဒေါ်ခင်မိမိမော် (အထပြ၊ တောင်ဒဂုံ)၊ ဦးလှမိုးဇော်၊ ဦးထွန်းဇော်မိုး-ဒေါ်ခင်မျိုးမြင့်၊ဦးဇော်မင်းအေး-ဒေါ်ဥမ္မာကျော်တို့၏ညီ/မောင်၊ ဦးဇာနည်အောင်-ဒေါ်ခင်ဖြူဖြူသက်၊ ဦးကျော်ဇေယျာမြင့်တို့၏အစ်ကို၊ မောင်သူရဇော်ထူး၊ မသီရိဇော်ထူးတို့၏ဖခင်၊ ဒေါ်နှင်းယုခိုင်၏ခင်ပွန်းသည် ၄-၆-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် နေအိမ်မှကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍၁၀-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဦးစီးပဓာနနာယကဆရာတော်**
## ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ
**အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ**
**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

တောင်ကြီးမြို့၊ ဘုရားကြီးမြောက်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီး) သက်တော်(၈၅)နှစ် သိက္ခာတော်(၆၅)ဝါသည် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၆ရက်) ၄-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၅း၄၅နာရီတွင် တစ်ဘဝချုပ်ငြိမ်းလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၈ ရက်) ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တရားတော်မြတ်ကို နာယူပြီး ဘုရားကြီးမြောက်ကျောင်း ပရိယတ္တိစာသင်တိုက်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်ကာ အန္တိမအဂ္ဂိစျာပန မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တပညာသာမိ
**သက်တော်(၆၁)နှစ်၊ သိက္ခာတော်(၄၁)ဝါ**
**ကျိုက်ပြာသာဒ်တန့်စေတီတော်နှင့် မြတ်စောညီနောင်စေတီတော်များ၏ သြဝါဒါစရိယ၊ နိုင်ငံတော် သံဃသမ္မုတိရ သံဃကိုယ်စားလှယ်၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မင်္ဂလဓမ္မဇောတိကဓဇ၊ ဥက္ကဋ္ဌ၊ မြို့မသံဃနိကာယအဖွဲ့၊ ပဲခူးမြို့၊ ဦးစီးပဓာနနာယက၊ အေးစေတီပရိယတ္တိစာသင်တိုက်၊ ကျောက်တန်းမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ အေးစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ မဟာထေရ်သည် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်နေ့) ၂၉-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၆း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူတပည့်သာဝကများနှင့်တကွ သံဝေဂဓမ္မပွားများရပါသည်။

နောင်တော်၊ညီတော်များ
မြို့မသံဃနိကာယအဖွဲ့၊ ပဲခူးမြို့

---

## ဒေါက်တာတင်လှိုင် (အုတ်ဖို)
**ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၂နေ[ဦးဘသော်(သစ်တောအရေးပိုင်မင်း)-ဒေါ်ခင်နွဲ့]တို့၏သား၊ ဒေါ်တင့်တင့်၏ခင်ပွန်း၊ ဒေါက်တာဝင်းချိုလှိုင်-ဒေါက်တာရီရီချို(U.S.A)၊ ဒေါ်လှသီဂီလှိုင်(U.S.A)၊ ဦးဇင်အောင်လှိုင်၊ ဦးကျော်သူရိန်လှိုင်-ဒေါ်ဖြူဖြူနွယ်တို့၏ဖခင်၊ မဖြိုးပြည့်ပြည့်ကျော်၊ မောင်အေးချမ်းအောင်တို့၏ဘိုးဘိုးသည် ၃-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁း၃၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာတင်လှိုင်(အုတ်ဖို)
**EXTRA MASTER MARINER (UK)**
**(M.Sc PHD) MARITIME STUDIES (WALES)**
**ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၂နေ (သစ်တောအရေးပိုင်မင်း ဦးဘသော်-ဒေါ်ခင်နွဲ့)တို့၏သား၊ ဒေါ်တင်တင်၏ခင်ပွန်း၊ (ဦးမြင့်စိုး)၊ (ဦးညွှန့်ရွှေ-ဒေါ်မြသန်း)၊ (ဦးလှရွှေ-ဒေါ်တင်တင်စိန်)၊ (ဦးညွှန့်မောင်)-ဒေါ်စန်းကြည်၊ ဦးဝင်းကြည်-ဒေါ်လှရီ၊ (ဦးတင်မောင်လေး) ဒေါ်တင်ကြည်ကြည်တို့၏ညီ/မောင်၊ (ဦးအေးချို)-ဒေါ်တင်တင်ရွှေ၊ ဒေါက်တာဝင်းမော်-ဒေါ်ခင်သစ်ဆွေတို့၏အစ်ကိုသည် ၃-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)
**ကြည်း-၂၂၉၆၀ (O.T.S-82)**
**အသက်(၅၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်းတန်ကျေးရွာ၊ လေထီးလမ်းနေ မနေခြည်နွေးနွေး၊ မောင်ဇင်ဖြိုးအောင်၊ မဖွေးသစ္စာအောင်တို့၏ ဖခင်၊ ဒေါ်ခင်ခင်ဦး၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)သည် ၂၉-၅-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S -82 သူငယ်ချင်းများ**

---

## ဦးသိန်းမိုး(ခ)အာကြီး
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သဒ္ဒါရုံ ၃လမ်း၊ အမှတ် ၆၁၉နေ ဦးအောင်မြတ်-(ဒေါ်အုန်းမြင့်)တို့၏သား၊ (ဦးသာအောင်-ဒေါ်လှမြင့်)တို့၏သားသမက်၊ (ဦးသိန်းဦး)-ဒေါ်တင်တင်မိုး၊ ဗိုလ်မှူးသိန်းစိုး(ငြိမ်း)UEC - ဒေါ်ခင်မာစိုး(အောင်မြေသာစံ၊ လဝက)တို့၏ညီ၊ ဦးသိန်းဇော်-ဒေါ်မြမြစိုး၊ (ဦးကျော်ဆန်းဝင်း)-ဒေါ်မြမြမိုးတို့၏အစ်ကို၊ ဒေါ်စိုးစိုးသန်း၏ချစ်လှစွာသောခင်ပွန်း၊ မဝင်းပပ၊ မောင်လင်းဇော်မိုး၊ မောင်စိုင်းလင်းမိုးတို့၏ဖခင်သည် ၃-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ရမ်းဗြဲမြို့နယ်ရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၃၀၀၀ တောင်းခံထား

**နေပြည်တော် ဇွန် ၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းတို့က ဖြေကြားကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်အတွင်းရှိ ပင်မလမ်းမကြီးများ၌ လိုအပ်သည့် လမ်းပိုင်းများတွင် လမ်းအဆင့်မြှင့်တင်ရန် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေ နှစ်ရပ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်အားဖြည့် ပူးပေါင်းလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က

*စာမျက်နှာ ၇ ကော်လံ ၁* ❒



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

# မြန်မာ့လက်ရွေးစင်အသင်း နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်စီစဉ်

**ရန်ကုန် ဇွန် ၄**

၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲစတင်ခါနီး စက်တင်ဘာနှင့် အောက်တိုဘာတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ သုံးပွဲအထက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် အောက်တိုဘာတွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ပြီး စက်တင်ဘာတွင် နိုင်ငံတကာခြေစမ်းပွဲများယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ✣



မေလက ဖွဲ့စည်းခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းအား တွေ့ရစဉ်။ ဓာတ်ပုံ- စိုးညွန့်

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး ထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ဒုတိယနေ့) ဇွန် ၆ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၄**

၂၀၁၈ ရာသီဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး ထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ဒုတိယနေ့) ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး MNL အသင်းများ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ဒုတိယအဆင့် (ဒုတိယနေ့) ပွဲစဉ်များအဖြစ် ဇွန် ၆ ရက်တွင် ပဒုမ္မာကွင်း၌ ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် Mountain Lion အသင်း၊ အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ MNL အသင်းများ ထိပ်တိုက်တွေ့ဆုံသည့် နှစ်ပွဲစလုံး အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေပြီး နှစ်သင်းစလုံး စနေ၊ တနင်္ဂနွေနေ့က အမှတ်ပေးပွဲအဖြစ် ပြိုင်ဘက်ကောင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရသောကြောင့် ပွဲပန်းသည့်ဒဏ်ကို ခံစားရဖွယ်ရှိနေသည်။ ရတနာပုံနှင့် စစ်ကိုင်းပွဲကို ပဒုမ္မာကွင်း၌ ကျင်းပမည်ဖြစ်ရာ ပဒုမ္မာကွင်း၌ ကစားလေ့နည်းပါးသည့် ရတနာပုံအသင်း အနေဖြင့် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။ ဟံသာဝတီနှင့် ဇွဲကပင်အသင်းမှာလည်း အမှတ်ပေးပြိုင်ပွဲ တွေ့ဆုံမှုတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားသောကြောင့် ယခုတွေ့ဆုံမှုမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။ ရခိုင်အသင်းသည် ပထမတန်းကလပ် Mountain Lion အသင်းနှင့် တွေ့ဆုံနေသော်လည်း ရှုံး ထွက်ပွဲဖြစ်သောကြောင့် ပေါ့ဆ၍မရပေ။

ဒုတိယအဆင့်(ပထမနေ့) အပြီးတွင် မကွေး၊ GFA နှင့် ရွှေဝတီအသင်းတို့က အနိုင်ရထားပြီး ၂၀၁၇ ပြိုင်ပွဲတွင် ဗိုလ်လုပွဲရောက်ခဲ့သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့မှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားမည်ဖြစ်သည်။ မေ ၃၀ ရက်အပြီး ကွာတားဖိုင်နယ်ပွဲစဉ် ထွက်ပေါ်ထားမှုအရ ရန်ကုန်နှင့် GFA၊ ရွှေဝတီနှင့် မကွေးတို့ တွေ့ဆုံနေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❇

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ

## ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

စာမျက်နှာ » ၁၀